ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပေါင်းလကွယ် တနင်္လာနေ့။ Monday, 27 March 2017 (၈၈၇၈)


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

# စန်းယမြို့ရှိ နန်ရှန်ဘုရားကျောင်းအား ဒုတိယသမ္မတဦးမြင့်ဆွေ ကြည့်ရှုလေ့လာ


သတင်း စာမျက်နှာ - ၃

နိုင်ငံတော်အစိုးရ၏

**ပြည်သူ့အတွက် ပထမ တစ်နှစ်တာ**

## ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပညာရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။




ရာနှုန်းပြည့်တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် အမှိုက်မှ စွမ်းအင်ထုတ်စက်ရုံ။

# အမှိုက်မှ စွမ်းအင်ထုတ်စက်ရုံ မကြာမီဖွင့်လှစ်မည်

**ရန်ကုန် မတ် ၂၆**

ရန်ကုန်မြို့တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော တစ်ရက်လျှင် အမှိုက်တန် ၆၀ မီးရှို့နိုင်သည့် အမှိုက်မှ စွမ်းအင်ထုတ်စက်ရုံကို ၂၀၁၇ ခုနှစ် ဧပြီ ၇ ရက်တွင် စတင်ဖွင့်လှစ် စမ်းသပ်လည်ပတ်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော အဆိုပါအမှိုက်မှ စွမ်းအင်ထုတ်စက်ရုံ (Waste to Energy) ကို မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်ကြား လှော်ကားလမ်းဘေးတွင် တည်ဆောက်အကောင်အထည်ဖော်ခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း **စာမျက်နှာ ၃ ကော်လံ ၁ သို့**

**စက်ရုံအနေနဲ့ တစ်ရက်ကို အမှိုက် တန် ၆၀ မီးရှို့နိုင်ပြီး တစ်နာရီကို လျှပ်စစ်ဓာတ်အား ၇၀၀ ကီလိုဝပ်ထွက်ရှိမည်။ ၄၀၀ ကီလိုဝပ်ကို စက်ရုံလည်ပတ်ဖို့ ပြန်သုံးကာ ၃၀၀ ကီလိုဝပ်ကို မဟာဓာတ်အားလိုင်းသို့ထည့်သွင်း၍ ပြန်လည်ရောင်းချသွားမည်...**

## မောင်တောဒေသသို့ သတင်းမီဒီယာများ လွတ်လပ်စွာ သတင်းသွားယူကြမည်

**နေပြည်တော် မတ် ၂၆**

ပြည်တွင်းပြည်ပ သတင်းမီဒီယာများ ရခိုင်ပြည်နယ် မောင်တောဒေသသို့ မြေပြင်ကွင်းဆင်း၍ လွတ်လပ်စွာသတင်းရယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်ဦးဆောင်သော ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ဝင် ၂၀ ခန့်သည် မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ရခိုင်ပြည်နယ် မောင်တောဒေသသို့သွားရောက်ပြီး အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် ထပ်မံကြံစည်မှုနှင့်ပတ်သက်၍ ဖော်ထုတ်တားဆီးခဲ့မှု၊ ဖြစ်စဉ်ဖြစ်ပွားခဲ့မှုကြောင့် နေရပ်မှ ထွက်ခွာတိမ်းရှောင်သွားသူများ ပြန်လည်ဝင်ရောက်လာမှု၊ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းနှင့် ပြန်လည်နေရာချထားရေးဆောင်ရွက်မှု၊ ငါးဖမ်းလုပ်ငန်း ၊ နယ်စပ် လူဝင်ထွက်မှုနှင့် တစ်ဖက်နိုင်ငံသို့ ကုန်ပစ္စည်းများ ပို့ဆောင်ရောင်းချမှု စသည့် မြေပြင်အခြေအနေများကို လွတ်လပ်စွာ သတင်းရယူကြမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအနေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိလည်း ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူခဲ့ကြသည်။ **(သတင်းစဉ်)**

# (၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏




# ကြေးမုံ

## ပြည်သူ့အတွက် တပ်မတော်

၂၀၁၇ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် (၇၂)နှစ်မြောက် တပ်မတော်နေ့ ဖြစ်သည်။ တပ်မတော်နေ့ဟူ၍ စတင်ဖြစ်တည်ခဲ့သည့်နေ့မှာ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေးကို ပြည်သူလူထုနှင့်အတူ ဆင်နွှဲသည့် နေ့ဖြစ်သည်။ ထိုနေ့ကို တော်လှန်ရေးနေ့ဟု အသိအမှတ်ပြုခဲ့ကြပြီး နောက်ပိုင်းတွင် တပ်မတော်နေ့အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

နှစ်ပေါင်း ၇၀ ကျော် ရှည်ကြာလာသည့် တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေးစတင်ဆင်နွှဲသည့်အချိန်မှစ၍ ယနေ့ထက်တိုင် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ပြည်ထောင်စုတပ်မတော်အဖြစ် ရပ်တည်ခဲ့သည်။ ပြည်သူလူထုနှင့် တစ်သားတည်းရှိနေပြီး အရေးကြုံလာတိုင်း တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

တပ်မတော်၏သမိုင်းအစဉ်အဆက်ကိုကြည့်မည်ဆိုလျှင် တိုင်းပြည်ကာကွယ်ရေးတာဝန်များအပြင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင်လည်း ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပြီး ယနေ့ထက်တိုင် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်မှာ နိုင်ငံတော်နှင့်ပြည်သူလူထု အကျိုးစီးပွားအတွက်ဖြစ်သည်။

ယခုနှစ် (၇၂)နှစ်မြောက် တပ်မတော်နေ့သည် ထူးခြားလေးနက်သည့် အသွင်ကိုဆောင်ပေသည်။ အစိုးရသစ်နှင့်အတူလက်တွဲ၍ ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးတွင် ပါဝင်ကြိုးပမ်းဆောင်ရွက်နေသည်ကို (၇၂) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက် လေးရပ်က သက်သေပြလျက်ရှိသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ပေးရေးသည် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးစီးပွားအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။

ထို့အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေးကို ဦးတည်ထားသည်။ နိုင်ငံအတွက် အရေးကြီးသည့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေးဟူသည့် ဦးတည်ချက်များသည် ပြည်သူများ မျှော်မှန်းသည့် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော် အောင်မြင်စွာပေါ်ထွန်းရေးအတွက် ပါဝင်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

တပ်မတော်သည် သမိုင်းကြောင်းအစဉ်အလာကောင်းများကို မပျက်မကွက်ပါဝင်ထမ်းဆောင်နေသလို တပ်မတော်အင်အားရှိရန် ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်အားပေးကြရမည်ဖြစ်သည်။ မျက်မှောက်ကာလ နိုင်ငံတကာအရေးများကိုကြည့်မည်ဆိုလျှင် တိုင်းပြည်တစ်ပြည်အတွက် အင်အားတောင့်တင်းသော ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်တည်နေရန်မှာ အထူးလိုအပ်နေသည်။ အင်အားတောင့်တင်းပြီး ခေတ်မီတပ်မတော်အဖြစ် ရပ်တည်နိုင်မှသာ နိုင်ငံတည်တံ့ခိုင်မြဲပြီး အင်အားတောင့်တင်းနေမည်ဖြစ်သည်။ ထို့ကြောင့် သမိုင်းကြောင်း အစဉ်အလာကြီးမားသော ပြည်ထောင်စုတပ်မတော်ကြီး ခိုင်မာစွာရပ်တည်နေမှုကို တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းပါဝင်ကြိုဆိုကြရမည်ဖြစ်ပါသည်။ ။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သစ်ထုတ်လုပ်ရန်အတွက် အရေးကြီးသောယာဉ်၊ ယန္တရားများအား စစ်ဆေး



**နေပြည်တော် မတ် ၂၆**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းပင်မအလုပ်ရုံသို့ ရောက်ရှိစစ်ဆေးခဲ့ရာ မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အထွေထွေမန်နေဂျာက ပင်မအလုပ်ရုံအတွင်းရှိ ဧည့်ခန်းမ၌ မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာနမှ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ မူဝါဒအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ သစ်ထုတ်ခြင်းကို မြန်မာ့သစ်လုပ်ငန်းမှသာ တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်၍ သစ်ထုတ်လုပ်ရန်အတွက် အရေးကြီးသောယာဉ်၊ ယန္တရားများနှင့် စပ်လျဉ်း၍ လိုအပ်ချက်များ သိရှိနိုင်ရန် လာရောက်စစ်ဆေးရခြင်းဖြစ်ကြောင်း၊ သစ်ထုတ်ယာဉ်၊ ယန္တရားများနှင့် စပ်လျဉ်း၍ လုပ်ငန်းခွင်လုံခြုံရေး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်ရေးယာဉ်၊ ယန္တရားများ ပြင်ဆင်ခြင်း၊ ကြံ့ခိုင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲခြင်း၊ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ စစ်ဆေးခြင်းများအတွက် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာနအနေဖြင့် အဓိကတာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ထမ်း အဆင့်အလိုက် ကျွမ်းကျင်မှု အရည်အချင်းနှင့် ကိုက်ညီသူများအား ဖြည့်စွက်ခန့်ထားနိုင်ရေး၊ ယာဉ်၊ ယန္တရားများပြင်ဆင်ရာတွင် လိုအပ်သော အရန်ပစ္စည်းများ ဝယ်ယူနိုင်ရေးနှင့် ဌာနတွင်းဝန်ထမ်းများအတွက် သင်တန်းများဖွင့်လှစ်ပို့ချနိုင်ရေးတို့အတွက် နှစ်အလိုက် ဆောင်ရွက်သွားမည့် စီမံချက်များ ရေးဆွဲတင်ပြရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်ဂျင်နီယာဌာန ပင်မအလုပ်ရုံအတွင်း ယာဉ်၊ ယန္တရားကြီးများအကြီးစား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် အရန်ပစ္စည်းများ သိုလှောင်ထားရှိမှုများအား စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပုသိမ် မူလတန်းကြိုကျောင်း ကျောင်းဆင်းပွဲနှင့် ပဒေသာကပွဲများ ကျင်းပ

**ပုသိမ် မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ပုသိမ်မူလတန်းကြိုကျောင်းခန်းမ၌ မတ် ၂၄ ရက် နံနက် ၉ နာရီက ကျောင်းဆင်းလက်မှတ်ပေးအပ်ပွဲနှင့် ကျောင်းသား ကျောင်းသူလေးများ၏ ပဒေသာကပွဲများကို ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဇော်မိုးက ကျောင်းဆင်းကလေးငယ်များနှင့် မိဘများအား လိုအပ်သည့် ကလေးများ၏ စာရိတ္တနှင့်ဉာဏ်ရည်မြင့်မားရေးတို့အတွက် ပြုစုပျိုးထောင်သွားနိုင်ရေးပြောကြားကာ မူကြိုကလေးငယ်များ၏ ပဒေသာကပွဲများ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ပြီး အတန်းအလိုက်ဆုနှင့် ကျောင်းဆင်းလက်မှတ်များကို တိုင်းဦးစီးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် အတန်းပိုင်ဆရာမများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဟန် (ပြန်/ဆက်)**



**သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေးအတွက် မတ် ၂၂ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၁၅၅) ရပ်ကွက် ဓမ္မာရုံ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေဝင်းက ရပ်ကွက်နေပြည်သူများအား မှုခင်းအသိပညာပေးဟောပြောစဉ်။** (မြို့နယ်ရဲတပ်ဖွဲ့)

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေး

**ဘီးလင်း မတ် ၂၆**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် သထုံခရိုင်ရဲမှူးကြီးကြပ်ပြီး ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒု-ရဲမှူး သက်နိုင်ဦးနှင့် မြို့နယ်ရဲစခန်းမှူး ဒု-ရဲမှူးမျိုးသန့် ဦးဆောင်သော မှုခင်းအသိပညာပေးပြခန်းယာဉ်သည် ပြည်သူများအား မှုခင်းအသိပညာပေးမှုများကို မတ်လ ဒုတိယပတ်က အလူးလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မှုခင်းပညာပေးပြခန်းသို့ လာရောက်ကြည့်ရှုကြသော ပြည်သူများအား မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒု-ရဲမှူး၊ မြို့မစခန်းမှူးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာနှင့် လူမှောင်ခိုကူးမှုစသည်တို့ကို ကဏ္ဍအလိုက်အသိပညာပေးဆောင်ရွက်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ထည့်သွင်းပေါင်းစပ်နိုင်ရေး အလုပ်ရုံဆွေးနွေး

**တမူး မတ် ၂၆**

မြို့နယ်အဆင့် စီမံကိန်းများတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ထည့်သွင်းပေါင်းစပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် မြို့နယ်အဆင့်စီမံကိန်းများတွင် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ထည့်သွင်းပေါင်းစပ်နိုင်ရေးအတွက် မြို့နယ်အဆင့် ၁၉ ဌာနမှ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားရေးရာ အဖွဲ့မှ ကိုယ်စားလှယ်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုရန်ပုံငွေအဖွဲ့(LIFT Fund)မှ Senior Development Planner တစ်ဦးတို့ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မောင်အေးချမ်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၅၀



ဒုတိယသမ္မတ ဦးမြင့်ဆွေ စန်းယမြို့ရှိ နန်ရှန်ဘုရားကျောင်းအား သွားရောက်လေ့လာစဉ်။ (သတင်းစဉ်)

# စန်းယမြို့ရှိ နန်ရှန်ဘုရားကျောင်းအား ဒုတိယသမ္မတ ဦးမြင့်ဆွေ ကြည့်ရှုလေ့လာ

**နေပြည်တော် မတ် ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ဘိုအောမြို့မှ စန်းယမြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စန်းယမြို့ နန်ရှန်ဘုရားကျောင်းသို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စန်းယမြို့ရှိ နန်ရှန်ဘုရားကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် စန်းယမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဟိုင်နန်ပြည်နယ် စန်းယမြို့ ဒုတိယမြို့တော်ဝန် မစ္စတာတိုင်ယွီမင်နှင့် တာဝန်ရှိသူများက စန်းယအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် ဦးဖေဇင်ထွန်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms.Li Xiaoyan နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

❐ ရှေ့ဖုံးမှ

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီစက်ရုံကို စတင်ပန္နက်ရိုက်ခဲ့တာက ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်ကပါ။ စီမံကိန်းကာလက နှစ်နှစ်ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်အကုန်မှာ အကြမ်းထည်ပြီးတယ်။ နှစ်ဆန်းပိုင်းမှာ စမ်းသပ်လည်ပတ်တယ်။ ၂၀၁၇ ခုနှစ် ဧပြီ ၇ ရက်မှာ ဖွင့်လှစ်ဖို့ ဆောင်ရွက်နေပါတယ်။ စက်ရုံအနေနဲ့ တစ်ရက်ကို အမှိုက်တန် ၆၀ မီးရှို့နိုင်ပါတယ်။ လျှပ်စစ်ဓာတ်အား တစ်နာရီကို ကီလိုဝပ် ၇၀၀ ထွက်ပါမယ်။ အဲဒီထွက်လာတဲ့ လျှပ်စစ်ဓာတ်အားကနေ ကီလိုဝပ် ၄၀၀ ကို စက်ရုံလည်ပတ်ဖို့အတွက် ပြန်သုံးမှာ ဖြစ်ပြီးတော့ ကီလိုဝပ် ၃၀၀ ကို မဟာဓာတ်အားလိုင်းကိုထည့်သွင်းပြီး ပြန်လည်ရောင်းချဖို့ လုပ်သွားပါမယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

အဆိုပါ စက်ရုံကို ဂျပန်နိုင်ငံနှင့် အစိုးရချင်းချိတ်ဆက်ကာပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကုန်ကျမှုစရိတ်ကို ဂျပန်နိုင်ငံနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ တစ်ဝက်စီကျခံဆောင်ရွက်သွားမည့် စီမံကိန်းတစ်ခုဖြစ်ကာ ကုန်ကျစရိတ်စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆ သန်းခန့် ဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်က ဂျပန်နိုင်ငံအစိုးရက နှစ်စဉ် ဒေါ်လာ သန်း ၁၀၀ ကို အာဆီယံ ၁၀ နိုင်ငံကို ထောက်ပံ့ပေးတဲ့အစီအစဉ်ကနေ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒေါ်လာ သန်း ၅၀ ကို အခြေခံအဆောက်အအုံပိုင်းဆိုင်ရာတွေမှာ သုံးစွဲနေပြီး ဒေါ်လာသန်း ၅၀ ကို ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာတွေမှာ သုံးစွဲနေပါတယ်။ ဒီထောက်ပံ့မှုအစီအစဉ်ကို ၂၀၁၃ ခုနှစ်က ချိတ်ဆက်မိပြီး အဆိုပြုလွှာတင်ခဲ့ရာကနေ အောင်မြင်ခဲ့ပြီးတော့ ပူးတွဲစတင်အကောင်အထည်ဖော်ဖြစ်ခဲ့တာပါ။ အကျိုးကျေးဇူးအနေနဲ့ကတော့ နည်းပညာပိုင်းဆိုင်ရာတွေ ရရှိလာမှာဖြစ်သလို စွန့်ပစ်အမှိုက်ကနေ စွမ်းအင်ထုတ်နိုင်မှာပါ။ အမှိုက်သိမ်းဆည်းမှု၊ စွန့်ပစ်မှုနဲ့ပတ်သက်ပြီး နိုင်ငံတော်တော်များများလည်း စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ငွေကုန်ကြေးကျလည်း များပါတယ်။ မြေကြီးပေါ်မှာ စွန့်ပစ်နေတာတွေဟာ အမှိုက်ကထွက်တဲ့အရည်တွေကနေ မြေအောက်ရေ ထိခိုက်တာတွေ၊ မြေဆီလွှာပျက်စီးတာတွေဖြစ်နေရပြီး ရေထဲစွန့်ပစ်တာတွေကလည်း ရေထုညစ်ညမ်းမှုတွေ ကြုံနေရတယ်။ ဒီစနစ်က အကောင်းဆုံးမဟုတ်သေးပေမယ့် လက်ရှိမှာ ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို စနစ်တကျ အသုံးပြုဆောင်ရွက်နေပါတယ်။ ပြည်သူလူထု အသိပညာပေးလုပ်ငန်းတွေလည်းဆောင်ရွက်နေပါတယ်"ဟု အဆိုပါဌာနမှ ဒုတိယဌာနမှူးဒေါက်တာအောင်မြင့်မော်က ပြောသည်။

အမှိုက်မီးရှို့စက်ပုံမှန်လည်ပတ်ရန် မင်္ဂလာဒုံမြို့နယ်အတွင်း နေ့စဉ်ထွက်ရှိသည့် အမှိုက် ၇၂ တန်ခန့်ကို အသုံးပြုသွားမည်ဖြစ်ပြီး ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် မင်္ဂလာဒုံမြို့နယ်အတွင်းတွင် အမှိုက်စွန့်ပစ်မှု ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်ဟု သိရသည်။ အဓိကအားဖြင့် မီးလောင်နိုင်သည့် အမှိုက်နှင့် မီးမလောင်နိုင်သည့်အမှိုက်တို့ကို ခွဲခြားစွန့်ပစ်နိုင်ရန်နှင့် မပျက်မကွက် သိမ်းဆည်းပေးနိုင်ရန်အတွက် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမှိုက်မှ စွမ်းအင်ထုတ်လုပ်မည့် စက်ရုံလည်ပတ်ချိန်တွင် စက်ရုံအနီး သုံးရက်စာ လည်ပတ်နိုင်မည့် အမှိုက်များကို စုပုံထားရှိနိုင်သည်ဟု သိရသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်မြို့နယ်များအတွင်း စွန့်ပစ်အမှိုက်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက သိမ်းဆည်းဆောင်ရွက်လျက်ရှိပြီး နေ့စဉ်အမှိုက် တန်ချိန် ၂၀၀၀ ခန့် သိမ်းဆည်းနေကြောင်း အဆိုပါ ဌာနမှ သိရသည်။ အဆိုပါ အမှိုက်များကို အဓိကစွန့်ပစ်နေသည့် အမှိုက်ပုံကြီး နှစ်နေရာ၊ အမှိုက်ပုံအသေး လေးနေရာတို့တွင် စုပုံစွန့်ပစ်လျက်ရှိသည်။

အဆိုပါ အမှိုက်ပုံကြီး နှစ်နေရာတွင်လည်း အမှိုက်မှ စွမ်းအင်ထုတ်လုပ်စက်ရုံတည်ဆောက်အကောင်အထည်ဖော်နိုင်ရန် စီမံကိန်းလျာထားမှုများရှိပြီး အကောင်အထည်မပေါ်သေးကြောင်း သိရသည်။ လက်ရှိတွင် ရန်ကုန်မြို့၏ နေ့စဉ်ထွက်ရှိသော စွန့်ပစ်အမှိုက်များကြောင့် မြေနေရာလိုအပ်ချက် မြင့်မားလာနေကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

**ဆုနှင်းလှဲ**

**ဓာတ်ပုံ- YCDC**

# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲနှင့် ဆရာကန်တော့ပွဲကျင်းပ

**ရန်ကုန် မတ် ၂၆**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများ အသင်း(ယာယီ) အမှုဆောင်အဖွဲ့သစ်ရွေးချယ်ခြင်း၊ ကွယ်လွန်ပြီးဖြစ်သည့် ဝန်ထမ်းဟောင်းများအတွက် အလှူဒါနပြုခြင်း၊ အသက် (၈၀) နှင့်အထက် ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲ၊ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ မြသိန်းတန်ကျောင်းတိုက်၌ ကျင်းပသည်။

"တစ်ချိန်က ဦးဆောင်ဦးရွက်ပြုခဲ့ကြတဲ့ ဆရာသမားတွေရဲ့ ဂုဏ်ကျေးဇူးကို ဂုဏ်ပြုတဲ့အနေနဲ့ ကျင်းပတာပါ။ ပြီးတော့ ဝန်ထမ်းဟောင်းထဲက အသက် (၈၀) နဲ့အထက် လုပ်ဖော်ကိုင်ဖက်တွေကိုလည်း ပူဇော်ကန်တော့တယ်။ အိုမင်းမစွမ်းဖြစ်လာတဲ့ ဝန်ထမ်းဟောင်းတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအပြင် ရန်ပုံငွေတိုးတက်လာတာနဲ့အမျှ သူတို့ သားသမီးတွေရဲ့ပညာရေး၊ ကျန်းမာရေးတွေကိုလည်းဖြည့်ဆည်းပေးသွားမှာပါ။ အခုပွဲလေးက လုပ်ဖော်ကိုင်ဖက် မိသားစုတွေပြန်ပြီးတော့ တွေ့ရတဲ့အတွက် ဝမ်းသာကြည်နူးမှုလည်း ဖြစ်တယ်၊ ရင်းနှီးမှုတွေလည်း ရတယ်။ အဲဒီအတွက် ရည်ရွယ်ထားတာလည်း ပါတယ်"ဟု အသင်းဥက္ကဋ္ဌဦးမြင့်ဆွေ (ကြေးမုံသတင်းစာတိုက်-စာတည်းမှူးချုပ်-ငြိမ်း) က ပြောသည်။

ယနေ့ကျင်းပသည့်ပွဲတွင် မြသိန်းတန်ကျောင်းတိုက်မှ ရဟန်းသံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ကန်တော့ခံဆရာ ၁၃ ဦးနှင့် အသက်(၈၀)နှင့်အထက်ဝန်ထမ်းဟောင်း ၁၆ ဦးတို့အား ကန်တော့၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။ ယင်းအပြင် ၂၀၁၇-၂၀၁၉ ခုနှစ်အတွက် သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း(ယာယီ) အသင်းသားအမှုဆောင်များကို ပြန်လည်ရွေးချယ်ရာတွင် လက်ရှိ အသင်းအမှုဆောင်များကို ဝန်ထမ်းဟောင်းများ၏ သဘောတူညီမှုဖြင့် ပြန်လည်ရွေးချယ်ကြောင်း သိရသည်။

"အခုလို ပွဲကျင်းပတာ အလွန်ကောင်းပါတယ်။ ဖြစ်လည်းဖြစ်သင့်တယ်။ တစ်ယောက်နဲ့တစ်ယောက် ပြန်တွေ့ကြရတော့ ရှေးဟောင်းနှောင်းဖြစ်တွေလည်း ပြောဖြစ်တယ်။ အဘတို့အတွက် အသက်ရှည်ဆေးတစ်ခွက်ပေါ့။ ကြည်နူးဖို့ကောင်းပါတယ်"ဟု အသက် (၉၄) နှစ်အရွယ်ဝန်ထမ်းဟောင်း ဦးသော်က ပြောသည်။

အဆိုပါ အခမ်းအနားသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ဂါရဝပြုခဲ့ကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**





## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အလုပ်ရုံဆွေးနွေး

**ကျိုက်မရော မတ် ၂၆**

ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျေးရွာသူကျေးရွာသားများ ပူးပေါင်းဆွေးနွေးဖော်ထုတ်ထားသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို မြို့နယ်အဆင့်စီမံကိန်းများတွင် ထည့်သွင်းပေါင်းစပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၄ ရက်က ပြုလုပ်ရာ ကျိုက်မရောမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို မြို့နယ်အဆင့်တွင် ထည့်သွင်းဆောင်ရွက်နိုင်ရန်နှင့် နှစ်အလိုက်ဌာနဆိုင်ရာအသီးသီးမှ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဘတ်ဂျက်လျာထားမှုများကို ညှိနှိုင်းအကြံပြု ဆွေးနွေးကြကြောင်း သိရသည်။ **(ကြေးမုံ)**

# တရုတ်ဗဟိုအစိုးရအဖွဲ့ လိုလားသူတစ်ဦးအား ဟောင်ကောင်အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်

**ဟောင်ကောင် မတ် ၂၆**



တရုတ်နိုင်ငံ အထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်၏ အကြီးအကဲသစ်အဖြစ် တရုတ်အစိုးရအဖွဲ့က ထောက်ခံသော ပြည်သူ့ဝန်ထမ်းတစ်ဦး ရွေးချယ်ခံရကြောင်း၊ တရုတ်ဗဟိုအစိုးရနှင့် ဟောင်ကောင်နိုင်ငံရေးလှုပ်ရှားသူများအကြား နိုင်ငံရေးအရ တင်းမာမှုများ ပေါ်ထွက်နေချိန်အတွင်း ဗဟိုအစိုးရက လိုလားသူတစ်ဦး ရွေးချယ်တင်မြှောက်ခံရခြင်းဖြစ်ကြောင်း ရိုက်တာက ရေးသားဖော်ပြသည်။

ဟောင်ကောင်၏ ၇ ဒသမ ၃ သန်း အရေအတွက်ရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ ခေါင်းဆောင်အတွက် ရွေးချယ်ရာတွင် လွတ်လပ်စွာ ဆန္ဒပြုခွင့်မရကြကြောင်း၊ ဗဟိုအစိုးရအဖွဲ့အား လိုလားသူများဖြင့် ပါဝင်ဖွဲ့စည်းထားသော ရွေးချယ်တင်မြှောက်ရေးကော်မတီကသာ ဆုံးဖြတ်ခဲ့ကြောင်း စွပ်စွဲမှုများ ပေါ်ထွက်လာသည်။ အဆိုပါ ကော်မတီတွင် အဖွဲ့ဝင် ၁၂၀၀ ပါဝင်သည်။

ကာရီလမ်အား ဟောင်ကောင်ဒေသ၏ အုပ်ချုပ်ရေးခေါင်းဆောင်သစ်အဖြစ် မတ် ၂၆ ရက်တွင် ရွေးချယ်တင်မြှောက်ခဲ့သည်။ လမ်သည် ဟောင်ကောင်၏ ပထမဆုံးသော အမျိုးသမီးအမှုဆောင်အရာရှိချုပ် တစ်ဦးအဖြစ် ဇူလိုင် ၁ ရက်တွင် တာဝန်စတင်ထမ်းဆောင်မည်ဖြစ်သည်။

ဟောင်ကောင်အုပ်ချုပ်ရေးမှူး ရာထူးအတွက် ရွေးကောက်ပွဲပြုလုပ်ခဲ့ရာတွင် လမ်က ထောက်ခံမဲ ၇၇၇ မဲ၊ ၎င်း၏ အဓိကပြိုင်ဘက် ဘဏ္ဍာရေး အတွင်းဝန်ဟောင်း ဂျွန်ဆန်းက ၃၆၅ မဲ အသီးသီး ရရှိခဲ့သည်။ တတိယမြောက် ကိုယ်စားလှယ်လောင်း အငြိမ်းစားတရားသူကြီး ဝူးကွစ်ဟင်မှာမူ ထောက်ခံမဲ ၂၁ မဲသာ ရရှိခဲ့သည်။

ရွေးကောက်ပွဲရလဒ်ကို မကျေမနပ်ဖြစ်ကြရသော ကန့်ကွက်ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည်။ ရဲတပ်ဖွဲ့သည် ဆန္ဒပြသူများ မဝင်ရောက်လာနိုင်စေရန် သတ္တုတုံး အတားအဆီး ချထားခဲ့ကြသည်။

လမ်အား ထောက်ခံစေရေးအတွက် ဗဟိုအစိုးရ တာဝန်ရှိသူများက ထောက်ခံပြောဆိုမှုများ ပြုလုပ်ခဲ့သည်ဟုဆိုကာ ရွေးကောက်ပွဲတွင် ဗဟိုအစိုးရက ဝင်ရောက်စွက်ဖက်ခဲ့သည်ဟု ဆန္ဒပြသူများက ပြောကြားကြသည်။

**ရိုက်တာ။**

# တရုတ်နိုင်ငံမြောက်ပိုင်း ပေါင်သိုမြို့ရှိ အိမ်ရာဝင်းတစ်ခုတွင် ဂက်စ်ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွား

**ပေကျင်း မတ် ၂၆**

တရုတ်နိုင်ငံမြောက်ပိုင်းရှိ အိမ်ရာဝင်းတစ်ခုတွင် ဂက်စ်ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူသုံးဦး သေဆုံးခဲ့ပြီး ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

မတ် ၂၆ ရက် မွန်းလွဲပိုင်းတွင် မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပေါင်သိုမြို့ရှိ ငါးထပ် အဆောက်အအုံတစ်ခု၌ အဆိုပါ ဂက်စ်ပိုက်လိုင်း ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ဆိုသည်။ ယင်းပေါက်ကွဲမှုကြောင့် အဆောက်အအုံ၏ အချို့သောအစိတ်အပိုင်းများမှာ ပြိုကျပျက်စီးခဲ့သည်။

ဂက်စ်ပိုက်လိုင်းပေါက်ကွဲပြီးနောက် ရိုက်ကူးထားသော ရုပ်သံဗွီဒီယိုဖိုင်တစ်ခုတွင် အဆောက်အအုံ၏ ပြိုကျပျက်စီးနေသော အစိတ်အပိုင်းများကို ပြသထားသည်။

ဒေသန္တရ မီးသတ်သမားများနှင့် ကယ်ဆယ်ရေးလုပ်သားများက အပျက်အစီးများအောက်တွင် ပိမိနေသူများ ရှိ၊ မရှိကို လိုက်လံစစ်ဆေးလျက်ရှိသည်။

အာဏာပိုင်များက ဂက်စ်ပိုက်ပေါက်ကွဲမှု၏ အကြောင်းရင်းခံကို စုံစမ်းစစ်ဆေး နေကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**



# ပီရူးနိုင်ငံတွင် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်၊ အနည်းဆုံး လူ ၈၈ ဦးသေဆုံး

**လီမာ မတ် ၂၆**

ပီရူးနိုင်ငံတွင် သုံးလတိုင်တိုင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နိုင်ငံအတွင်း၌ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားကာ အနည်းဆုံးလူ ၈၈ ဦးသေဆုံးခဲ့ကြောင်းနှင့် လူပေါင်းများစွာ ရေဘေးဒုက္ခရောက်ရှိနေကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဒီဇင်ဘာလကစပြီး မိုးရွာသွန်းမှုများ အဆက်မပြတ်ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံအတွင်းရှိ မြစ်များတွင် ရေများပြည့်လျှံလျက်ရှိကာ မြေပြိုမှုများလည်း မကြာခဏဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် မတ် ၂၅ ရက်အထိ လူပေါင်း ၈၈ ဦး သေဆုံးသွားခဲ့ပြီးဖြစ်ကြောင်းနှင့် ၂၆ ဦး ပျောက်ဆုံးလျက်ရှိသည်ဟု ပီရူးအစိုးရအဖွဲ့က ဆိုသည်။ ထို့ပြင် လူနေအိမ်များပျက်စီးဆုံးရှုံးခဲ့သည့်အတွက် လူပေါင်း တစ်သိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ကာ ရေဘေးဒုက္ခကို ဆိုးရွားစွာရင်ဆိုင်နေရသည်။

မြို့တော်လီမာရှိ အစိုးရအဆောက်အအုံတစ်ခု၌ အရေးပေါ်ကယ်ဆယ်ရေး စခန်းများဖွင့်လှစ်ကာ ရေဘေးဒုက္ခရင်ဆိုင်နေရသည့် ပြည်သူများအား အစာရေစာ ထောက်ပံ့မှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ရေကြီးရေလျှံမှုများသည် တစ်နေ့တခြားပိုမိုဆိုးရွားလာသည့်အတွက် အစားအစာထောက်ပံ့ပေးမှုများ ပိုမိုလိုအပ်လျက်ရှိသည်။ မတ် ၂၄ ရက်ကကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် သမ္မတ ပီဒရို ပါဘလို ကူဆေစကီက ပီရူးနိုင်ငံသည် ရှောင်လွှဲ၍မရသော သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ ဘေးဒုက္ခဆိုးနှင့် ရင်ဆိုင်နေရချိန်တွင် ပီရူးနိုင်ငံသားများအနေဖြင့် အချင်းချင်းကူညီရိုင်းပင်းကာ စည်းလုံးညီညွတ်မှုရှိရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# သမိုင်းကြောင်း အစစ်အမှန်ကို ပုံဖျက်ထားသည် ဆိုသော ဂျပန်ကျောင်းသုံးဖတ်စာအုပ် တောင်ကိုရီးယားကန့်ကွက်

**ဆိုးလ် မတ် ၂၆**

ဂျပန်နိုင်ငံ၏ အထက်တန်းကျောင်းသုံးဖတ်စာအုပ်များတွင် ရေးသားဖော်ပြချက်များသည် သမိုင်းကြောင်း အစစ်အမှန်ကို ပုံဖျက်ထားသည်ဟုဆိုကာ တောင်ကိုရီးယားနိုင်ငံက ကန့်ကွက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ၏ အထက်တန်းကျောင်းများအတွက် ပြဋ္ဌာန်းသော သမိုင်းဖတ်စာအုပ်များတွင် ကျွန်းစုပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားဖွယ်ရာ အချက်များပါဝင်နေသဖြင့် သမိုင်းကြောင်းအား ပုံဖျက်သည့် ကျောင်းသုံးစာအုပ်များ အတည်ပြုပြဋ္ဌာန်းမှုကို အပြင်းအထန် ကန့်ကွက်သည်ဟု တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံအကြား လမ်းတစ်ဝက်ခန့်တွင် တည်ရှိနေသော ကျွန်းစုများအတွက် ဂျပန်နိုင်ငံက ပိုင်ဆိုင်ခွင့်ရှိသည်ကို အားပေးထောက်ခံရာရောက်သည့် ရေးသားဖော်ပြချက်များ ပါရှိသော ကျောင်းသုံးသမိုင်းစာအုပ်များနှင့် ပတ်သက်၍ အလေးအနက် ကန့်ကွက်လိုက်ပြီး ယင်းရေးသားဖော်ပြချက်များကို အမြန်ဆုံးပြင်ဆင်ပေးရန် တောင်းဆိုကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံက ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်လာခဲ့သော နယ်မြေတစ်ခုဖြစ်သည့် ဒေါ်ဒိုကျွန်းစုကို ဂျပန်နိုင်ငံက ပိုင်ဆိုင်သည်ဟု တစ်ဖက်သတ် ဖော်ပြထားမှုမျိုး အဆိုပါ ကျောင်းသုံး သမိုင်းဖတ်စာအုပ်တွင် ပါရှိနေသည်ဆို၏။

ဂျပန်နိုင်ငံသည် သမိုင်းကြောင်းအမှန်ကို အလေးမူသင့်ပြီး လာမည့်မျိုးဆက်သစ်များအနေဖြင့် တလွဲနားလည်ရှုမြင်ရာရောက်စေမည့် ရေးသားဖော်ပြမှုများအတွက် တာဝန်ယူမှုရှိရမည်ဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

၁၉၁၀-၁၉၄၅ ကာလအတွင်း ဂျပန်၏ ကိုလိုနီဖြစ်ခဲ့ရပြီးနောက် ကိုရီးယားကျွန်းဆွယ် ပြန်လည်လွတ်မြောက်လာခဲ့ချိန်မှစ၍ တောင်ကိုရီးယားနိုင်ငံသည် ယင်း၏ အရှေ့စူးစူးအရပ်ရှိ ကျွန်းများကို ထိန်းချုပ်ခဲ့ကြောင်း၊ ကိုလိုနီပြုမှု ကာလအတွင်း ကျောက်ဆောင်ထူထပ်သော ယင်းကျွန်းစုများကို ဂျပန်က ယင်း၏ နယ်မြေအတွင်းသို့ အတင်းအဓမ္မ သွတ်သွင်းခဲ့ကြောင်း တောင်ကိုရီးယားအစိုးရအဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ။**




# ဟူသီစစ်သွေးကြွများထောင်ထားသည့် မိုင်းများ ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့ စတင်ရှင်းလင်း

**ရီယာ့ဒ် မတ် ၂၆**

ယီမင်နိုင်ငံ မိုခ ပင်လယ်ဆိပ်ကမ်းအနီး ပင်လယ်နီ ရေပြင်အတွင်း ဟူသီစစ်သွေးကြွများက ထောင်ထားသည့် မိုင်းများကို ဆော်ဒီအာရေဗျဦးဆောင်သော ညွန့်ပေါင်း တပ်ဖွဲ့က ရှင်းလင်းမှု စတင်ပြုလုပ်ပြီးဖြစ်ကြောင်း အယ်လ်-အာရေဗျ ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက မတ် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ပင်လယ်ပြင်အတွင်း မိုင်းထောင်ထားခြင်းသည် နိုင်ငံတကာ ပင်လယ်ရေကြောင်းသွားလာမှုကို ခြိမ်းခြောက်နေကြောင်း ညွန့်ပေါင်းတပ်ဖွဲ့က ပြောကြားသည်။ မိုခပင်လယ်ဆိပ်ကမ်းသို့ ဝင်ရောက်ရာ နေရာအနီး ဘက်အယ်လ်မန်ဒက် ရေလက်ကြားတွင် ဟူသီသူပုန်များက မိုင်းထောင်ထားခြင်းကြောင့် ကုန်သန်းရောင်းဝယ်ရေး သင်္ဘောများ ဘေးအန္တရာယ်ကျရောက်နိုင်သည်ဟု အမေရိကန် ရေတပ်ထောက်လှမ်းရေးရုံးက ယခုလအစောပိုင်းတွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ကုန်သွယ်ရေကြောင်း သင်္ဘောများ လွတ်လပ်စွာ ကူးလူးသွားလာမှုရှိစေရေးအတွက် အမေရိကန်ရေတပ်က မိုင်းရှင်းလင်းရေးလုပ်ငန်းတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားသွားမည်ဖြစ်ကြောင်း၊ မိုင်းထူထပ်သည့် ပင်လယ်ရေပြင်ကို ပိတ်ထားရမည်ဆိုပါက ကုန်သွယ်ရေကြောင်းလုပ်ငန်းအတွက် စွမ်းအင်စရိတ်စက ကြီးလေးမှုဖြစ်ပေါ်စေပြီး ကမ္ဘာတစ်ဝန်း ရေနံဈေးနှုန်း မြင့်တက်မှုကို ဖြစ်စေနိုင်ကြောင်း အမေရိကန်ရေတပ်က ပြောကြားသည်။

ဘက်အယ်လ်မန်ဒက် ရေလက်ကြားတွင် ကုန်သွယ်ရေကြောင်း သင်္ဘောများကို တိုက်ခိုက်ရန် ခြိမ်းခြောက်လာမှုကြောင့် မိမိတို့အနေဖြင့် ကုန်သွယ်ရေကြောင်း သင်္ဘောများ ဘေးမသီရန်မခ သွားလာနိုင်စေရေးအတွက် ကြားဝင်ဆောင်ရွက်မှုကို ပြုလုပ်ရခြင်းဖြစ်ကြောင်း အမေရိကန်ရေတပ်က ပြောကြားသည်။

**ဆင်ဟွာ။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်အတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

**စစ်တွေ မတ် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မတ် ၂၄ ရက် နံနက်ပိုင်းက ကျောက်ဖြူမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့်အစည်းအဝေးတွင် အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများက တွေ့ကြုံခံစားနေရသည့် လူမှုရေးအခက်အခဲများ၊ သဘာဝဘေးကြောင့် နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသော ရေကြီးနစ်မြုပ်မှုကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်လိုမှုတို့နှင့် စပ်လျဉ်း၍တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဖြူမြို့ ကညင်တော IDP စခန်းသို့ ရောက်ရှိပြီး ပြည်သူများနှင့်တွေ့ဆုံကာ ပြင်ဖြူမော်ရွာရှိ ဆောက်လုပ်ပြီးနေအိမ်များသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေး အတွက် လိုအပ်ချက်များကိုဆောင်ရွက်ပေးပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ဆန်၊ ဆီ၊ ပဲ၊ ဆား ရိက္ခာများကို ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ကျောက်တစ်လုံး IDP စခန်းသို့ ရောက်ရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားပြီး ဆန်၊ ဆီ၊ ပဲနှင့် ဆား ရိက္ခာတို့ကို ထောက်ပံ့ပေးအပ်သည်။

အလားတူ ရမ်းဗြဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံကာ ပြည်သူလူထု၏လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးပြီး အမှတ်(၆)ရပ်ကွက်ရှိ IDPစခန်းသို့ သွားရောက်ကာ ပြန်လည်နေရာချထားရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းပြီး စားနပ်ရိက္ခာများထောက်ပံ့ပေးအပ်သည်။

မတ် ၂၅ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမ်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံရာ ဒေသခံများက ကြုံတွေ့ရသော အခက်အခဲများတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ညနေပိုင်းတွင် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး ဒေသတွင်းပြန်လည်နေရာချထားရေးကိစ္စများ၌ ဒေသခံပြည်သူများ၏ သဘောထားအမြင်များနှင့် ပတ်သက်၍လည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော်ရန်နည်းလမ်းများကို လည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် မြင့်ဂါကျေးရွာနှင့် ကျောက်ပြင်ကျေးရွာတို့သို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ပြည်သူများ၏ တင်ပြချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြေရှင်းပေးပြီး ကျေးရွာများရှိ စာကြည့်တိုက် ပြုပြင်ရန် ပရိဘောဂများဝယ်ယူဖြည့်တင်းရန်နှင့် စာအုပ်စာတမ်းများဝယ်ယူရန် ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ ဆိုင်တင်ရေအားလျှပ်စစ်ဝင်းအတွင်း ဖွင့်လှစ်ထားသော Smart အထည်ချုပ်လုပ်ငန်းသို့ ရောက်ရှိကြပြီး ပညာရေးဝန်ကြီးဌာနကမှာယူထားသော ကျောင်းဝတ်စုံများ ချုပ်လုပ်နေမှုနှင့် စက်ရုံအတွင်းလှည့်လည်ကြည့်ရှုကာ လိုအပ်ချက်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

အဆိုပါအထည်ချုပ်စက်ရုံကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ဒေသခံတိုင်းရင်းသားများနှင့် အဝေးသို့ ရောက်ရှိနေသော ရခိုင်တိုင်းရင်းသားများ မိမိတို့ပြည်နယ်သို့ ပြန်လည်အလုပ်ဝင်ရောက်လုပ်ကိုင်နိုင်သော အခွင့်အရေးရရှိကာ စုစုပေါင်းလုပ်သား ၁၀၀ ကျော်ခန့် အလုပ်ရရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ကလေးငယ်များအတွက် ကစားစရာနှင့် မုန့်များ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





**မတ် ၂၆ ရက်က မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ (၄၆)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားတက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့်ဇနီး ဒေါ်လွင်လွင်မွန်တို့ကို မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Mohammad Sufiur Rahman ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## သတင်းထောက်များနှင့် တွေ့ဆုံမည်

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် သတင်းနှင့်ဓာတ်ပုံများပေးပို့လျက်ရှိသော ပန်းတနော်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ပုသိမ်၊ ငပုတော၊ လပွတ္တာ၊ မြောင်းမြ၊ ဟိုင်းကြီးကျွန်းမြို့နယ်များနှင့် ပတ်ဝန်းကျင်မြို့များမှ သတင်းထောက်များ၊ သတင်းလုပ်ငန်းစိတ်ပါဝင်စားသောသူများနှင့် နိုင်ငံပိုင်သတင်းစာတိုက်မှ တာဝန်ရှိသူတို့ တွေ့ဆုံမည်ဖြစ်သည်။ အဆိုပါတွေ့ဆုံပွဲကို မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် မြောင်းမြမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး၌ လည်းကောင်း၊ မတ် ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ဖျာပုံမြို့ မြို့နယ်စာကြည့်တိုက်၌ လည်းကောင်း ပြုလုပ်မည်ဖြစ်ရာ ဖုန်း-၀၉-၃၃၆၄၄၂၀၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **(ကြေးမုံ)**

# ရန်ကုန်စာအုပ်လမ်း၌ စာရေးသူများ၏ ရသစာဖတ်ဝိုင်း ကျင်းပ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ရန်ကုန်စာအုပ်လမ်း၊ စာအုပ်ဈေးတန်းကို ယနေ့တွင် (၂၄)ရက်မြောက်နေ့အဖြစ် ဆက်လက်ဖွင့်လှစ်ရာ စာပေချစ်မြတ်နိုးသူများ၊ စာပေမွေ့သူများ၊ ရောင်းသူ၊ ဝယ်သူ၊ ထုတ်လုပ်ဖြန့်ချိသူများ၊ ရေးသူ၊ ဖတ်သူများ၊ လေ့လာသူများဖြင့် ညနေပိုင်းအထိ စည်ကားခဲ့သည်။

ယနေ့ မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူလမ်း ဝန်ကြီးများရုံးဘက်ခြမ်းရှိ စာအုပ်ဈေးတန်းရှေ့၌ "စာရေးသူများ၏ ရသစာဖတ်ဝိုင်း" ရာသီ(၂) အမှတ်စဉ်(၅)ကို ကျင်းပရာ စာရေးသူနှင့် စာဖတ်သူ၊ စာပေချစ်သူများ တိုက်ရိုက်တွေ့ဆုံခွင့်၊ မေးမြန်းခွင့် ရခဲ့ကြသည်။

ယနေ့ပြုလုပ်သည့် "စာရေးသူများ၏ ရသစာဖတ်ဝိုင်း"တွင် စာရေးဆရာ ဆရာမများက ၎င်းတို့ကိုယ်တိုင် ရေးသားသည့် ရသဝတ္ထုစာမူများကို စာဖတ်သူ ပရိသတ်များအားဖြန့်ဝေပြီး စာရေးသူကိုယ်တိုင် စာမူများကို ဖတ်ကြားဆွေးနွေးသည်။

လစဉ်ထုတ်မဂ္ဂဇင်းများတွင် ဖော်ပြပါရှိခဲ့သော စာရေးဆရာမ ဖြူစင်ဝင်း၏"ကျပ်လိုက်တာအမေရယ်"၊ စာရေးဆရာမ ထားဥသံု၏ "ချစ်ခြင်း၏ သတ်ကွင်းများ"၊ စာရေးဆရာမ အေးမွန်၏ "ရင်ကွဲနာ"၊ စာရေးဆရာမ သက်ဝေနှင်း (အောင်လံ)၏ "ရေကိုဆန်၍ လှော်ရသော်" နှင့် စာရေးဆရာ ရော့ကာ(လင်းရောင်ခြည်)၏"ဂုဏ်ထူးရှင် ဈေးကွက်"ဝတ္ထုတိုများကို ဖတ်ကြားခဲ့ကြသည်။

အဆိုပါရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ပွင့်လင်းရာသီကုန်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ စာပေတိုက်များ၊ စာအုပ်ဆိုင်ကြီးများက ဘာသာရပ်မျိုးစုံစာအုပ် အဟောင်း/အသစ်များကို ခင်းကျင်းရောင်းချလျက်ရှိရာ မည်သူမဆို လာရောက်လေ့လာဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

**(ကိုချစ်)**

# မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၆**

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်ခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းဝန်ထမ်းဟောင်းများအသင်း၏ နာယက ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းဝန်ထမ်းဟောင်းများအသင်း၏ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းဟောင်းများအသင်းကို စတင်ဖွဲ့စည်းချိန်မှစ၍ အလှူငွေထည့်ဝင်ပေးသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းဟောင်းများ အသင်း၏ နှစ်ပတ်လည်အစည်းအဝေး အစီရင်ခံစာကို အဖွဲ့ဝင်တစ်ဦးက ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူပြီး ဘဏ္ဍာရေးမှူး ဒေါ်သူဇာက မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းဟောင်းများ အသင်း၏ ဘဏ္ဍာရေးရှင်းတမ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းဟောင်းများ အသင်း၏ လက်ရှိအမှုဆောင်များ နုတ်ထွက်ခြင်းနှင့် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ခြင်း ကိစ္စရပ်များကို ဆောင်ရွက်ကြသည်။

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းဟောင်းများအသင်းကို ၂၀၁၅ ခုနှစ် မတ် ၃ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ယခုအစည်းအဝေးသည် မြန်မာ့ရုပ်ရှင်လုပ်ငန်းဝန်ထမ်းဟောင်းများ၏ ပထမဦးဆုံးအကြိမ် အစည်းအဝေးဖြစ်သည်။ မြန်မာ့ရုပ်ရှင်လုပ်ငန်းကို ၁၉၄၇ ခုနှစ် စက်တင်ဘာ ၁၀ ရက်က လူဦးရေ ၁၁ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်တွင် ထားရှိကာ ရုပ်ရှင်ရိုက်ကူးပြသခြင်း၊ ပြဇာတ်များ ကပြခြင်း၊ သတင်းဓာတ်ပုံများ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် ရုပ်ရှင်လောကတိုးတက်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တစ်နိုင်ငံလုံးတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းဝန်ထမ်း စုစုပေါင်း ၃၀၀၀ ကျော်ရှိပြီး အသင်းဝင်များအဖြစ် စုစည်းရန် ဆက်သွယ်ဆောင်ရွက်နေပြီး ယခုလက်ရှိ မြန်မာ့ရုပ်ရှင်ဝန်ထမ်းဟောင်းများအသင်းတွင် အသင်းသား ၁၄၀ ကျော်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဒါန်း

**ပဲခူး မတ် ၂၆။** ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ မတ် ၂၅ ရက် နံနက်က ပဲခူးတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီး နီလင်းအောင်ဦးစီး၍ သွေးလှူဒါန်းသူ တပ်ဖွဲ့ဝင် ၁၂၂ ဦးနှင့် သန့်ရှင်းရေးလုပ်အားပေးသူ ၁၄၀၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်ဦးစီး၍ ရဲတပ်ဖွဲ့မှ သွေးလှူဒါန်းသူ ၃၁ ဦးနှင့် သန့်ရှင်းရေးလုပ်အားပေးသူ ၉၂ ဦး၊ မီးသတ်ဦးစီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဦးစီး၍ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် သွေးလှူဒါန်းသူ ရှစ်ဦးနှင့် သန့်ရှင်းရေးလုပ်အားပေးသူ ၁၁၂ ဦး၊ ကြက်ခြေနီမှ သွေးလှူဒါန်းသူသုံးဦးနှင့် သန့်ရှင်းရေးလုပ်အားပေးသူ ၁၂ ဦးတို့က စုပေါင်း၍ သွေးများ လှူဒါန်းခဲ့ကြသည်။ ထို့ပြင် သန့်ရှင်းရေးလုပ်အားပေးသူ ၃၅၅ ဦးတို့က ဆေးရုံကြီးဝန်းကျင်နှင့် ဆေးရုံဝန်း ရေမြောင်းများတွင် အမှိုက်များဆယ်၍ တူးဖော်ခြင်း၊ ချုံပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**စိုးမြင့်(ပဲခူး)**

# ကျုပ်တို့ တိုင်းသူပြည်သားတွေ လွတ်လပ်ရေးအရသာဆိုတာ မခံစားရသေးဘူး။ လွတ်လပ်ရေးအရသာ ခံစားရတဲ့လူတွေဟာလည်း လူနည်းစုသာဖြစ်တယ်။ ရှေ့ဆက်စခန်းသွားနိုင်ကြမှ လွတ်လပ်ရေး အကောင်အထည်ကို မြင်ရလိမ့်မယ်။

ဗိုလ်ချုပ်အောင်ဆန်း

**"ကျွန်တော်ဟာ အစိုးရအဖွဲ့ဝင်တစ်ဦးအနေဖြင့်မဟုတ်ဘဲ ပြည်သူပြည်သားတစ်ဦးအဖြစ် အရေးကြီးတဲ့စကားတွေကို ပြည်သူများရဲ့အကျိုးမျှော်ပြီး ပြောပြလိုပါတယ်။ ယခု ဗမာပြည်လွတ်လပ်ရေးရတာ တစ်နှစ်စေ့လာပြီ။ ဒီအတောအတွင်းမှာ ကျုပ်တို့ ဘာတွေရကြသလဲ။ အမှန်ပြောရရင်တော့ ကျုပ်တို့ တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးအရသာဆိုတာ မခံစားရသေးဘူး။ ခံစားရတဲ့လူတွေဟာလည်း လူနည်းစုသာဖြစ်တယ်။ အဲဒီ လူနည်းစုတွေထဲမှာ ဘယ်သူတွေပါသလဲဆိုလို့ ကျုပ်အပါအဝင် ကျုပ်တို့အထက်တန်းအစိုးရအရာရှိကြီးတွေ ဒီလူတွေကို ကပ်မြောင်ပြီးစားနေတဲ့ လူတွေလောက်ပဲ။ အဲဒီတော့ တိုင်းသူပြည်သားတွေအဖို့မှာ လွတ်လပ်ရေးရပေမယ့် ဟာတာတာကြီးဖြစ်နေမှာပဲ။ လွတ်လပ်ရေးဆိုတာ ဘယ်လိုဟာလဲ၊ လွတ်လပ်ရေးဆိုတာ ဘယ်မှာလဲလို့ တိုင်းသူပြည်သားတွေစိတ်ထဲမှာ မေးကြမြန်းကြလိမ့်မယ်။ အမှန်ကတော့ အခု လွတ်လပ်ရေးဟာ အများသိကြတဲ့အတိုင်း စာရွက်ပေါ်က လွတ်လပ်ရေးပဲရှိသေးတယ်။ ကျုပ်တို့ ရှေ့ဆက်ပြီးတော့ စခန်းသွားနိုင်မှ လွတ်လပ်ရေးအကောင်အထည်ကို မြင်ရလိမ့်မယ်"**

## ဟံသာဝတီ ဦးအုန်းကြိုင် (သက်ကြီးဝါရင့် သတင်းစာဆရာကြီး)

**ဂျပန်ခေတ် လွတ်လပ်ရေး ပထမနှစ်ပတ်လည်နေ့**

၁၉၄၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်ပေးသော ဗမာ့လွတ်လပ်ရေး ပထမနှစ်ပတ်လည်နေ့အခမ်းအနားကို ရန်ကုန်မြို့ ဂျူဗလီဟော၌ ကျင်းပသည်။ နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်၊ ဒုတိယဝန်ကြီးချုပ် သခင်မြ၊ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ မြန်မာပြည်ဆိုင်ရာ ဂျပန်သံအမတ်ကြီး ရင်ဇိုဆာဝါဒါ၊ ဂျပန်စစ်ဗိုလ်ချုပ်ကြီး ကဝါဘီ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အတိုင်ပင်ခံလွှတ်တော်အမတ်များ၊ စစ်ဘက်နယ်ဘက်အရာရှိကြီးများ တက်ရောက်ကြသည်။ ထိုအခမ်းအနားတွင် ဗမာ့တပ်မတော်ကိုယ်စား စစ်ဝန်ကြီး (ကာကွယ်ရေးဝန်ကြီး) ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောရာတွင် အထက်ဖော်ပြပါအတိုင်း ဂျပန်ပေးသည့် လွတ်လပ်ရေးသည် အတုအယောင်လွတ်လပ်ရေးသာဖြစ်ကြောင်းကို သတိပေးသည့်အနေဖြင့် ပြောင်ဖွင့်ပြောရင်း မကြာမီဆင်နွှဲကြမည့် ဖက်ဆစ်တော်လှန်ရေးတွင် ပြည်သူတို့ပါဝင်လာကြစေရန် တပ်လှန့်လှုံ့ဆော်စည်းရုံးခဲ့လေသည်။

**ပထမဆုံး လျှို့ဝှက်အစည်းအဝေး**

ထိုနေ့မှ သုံးရက်အလွန် ဩဂုတ် ၄ ရက်မှ ၇ ရက်အထိ ပဲခူးမြို့ ဗမာ့တပ်မတော်စံပြတပ်ရင်းရှိ ဗိုလ်ကျော်ဇော အိမ်တွင် ဖက်ဆစ်တော်လှန်ရေးပြင်ဆင်မှု လျှို့ဝှက်အစည်းအဝေးကို ကျင်းပကြသည်။ ဤအစည်းအဝေးမှာ မြန်မာ့လွတ်လပ်ရေးသမိုင်းဝင် ပထမဆုံးလျှို့ဝှက်ကျင်းပသည့် အစည်းအဝေးဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်းတို့ လျှို့ဝှက်တွေ့ဆုံဆွေးနွေးကြပြီး "ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့" ဖွဲ့စည်းရန် သဘောတူဆုံးဖြတ်ကြသည်။

**ဖက်ဆစ်တိုက်ဖျက်ရေး ကြေညာစာတမ်း**

ထိုသို့ဖွဲ့စည်းရာတွင် ဗိုလ်ချုပ်အောင်ဆန်းကို ဖတပလ ဗဟိုဦးစီးအဖွဲ့ခေါင်းဆောင်အဖြစ် လည်းကောင်း၊ ဖတပလဗဟိုကောင်စီတွင်လည်းကောင်း စစ်ရေး၊ နိုင်ငံရေး ခေါင်းဆောင်အဖြစ် တင်မြှောက်ခြင်းခံရသည်။ ထိုအစည်းအဝေးသို့ ဗိုလ်ချုပ်အောင်ဆန်းရေးသားတင်ပြသော ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်ကြီး၏ ပထမဆုံး ကြေညာစာတမ်းအမှတ်(၁)ဖြစ်သော "ဖက်ဆစ်ဂျပန်လူရိုင်းများကို မောင်းထုတ်ကြ"ကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

**ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့အဖွဲ့ချုပ်**

ထိုမှနောက် ဩဂုတ်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်း(ယခုနတ်မောက်လမ်း)နှင့် ဦးထွန်းမြတ်လမ်းထောင့်ရှိ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ဗမာ့တပ်မတော်ခေါင်းဆောင်များ၊ ပြည်သူ့အရေးတော်ပုံပါတီ(နောင်ဆိုရှယ်လစ်ပါတီ) ခေါင်းဆောင်များနှင့် ကွန်မြူနစ်ပါတီခေါင်းဆောင်များသည် "ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့အဖွဲ့ချုပ်(Anti Fascist Organization=A.F.O) ဖွဲ့စည်းရေးအစည်းအဝေး ကျင်းပသည်။

ထိုအစည်းအဝေးသို့ ဗမာ့တပ်မတော်မှ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီးလက်ျာ၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးအောင်၊ ဗိုလ်မှူးရန်အောင်၊ ဗိုလ်ဗထူး၊ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်ခင်မောင်ကလေး၊ ဗိုလ်စောကြာဒိုး၊ ဗိုလ်ဖိုးကွန်း၊ ကွန်မြူနစ်ပါတီမှ သခင်စိုး၊ သခင်သန်းထွန်းတို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းကို ဖတပလအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုစစ်ကောင်စီသဘာပတိအဖြစ် တင်မြှောက်ကြသည်။

**ဖက်ဆစ်တော်လှန်ရေး ဒေးဒရဲအစည်းအဝေး**

ဗိုလ်ချုပ်အောင်ဆန်း၏ညွှန်ကြားချက်အရ စက်တင်ဘာလ ၁၄ ရက်နေ့တွင် တပ်မတော်ခေါင်းဆောင်များဖြစ်ကြသော ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးရဲထွဋ်၊ ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင်များဖြစ်သော ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့သည် ဒေးဒရဲရှိ သခင်စိုးထံသို့ သွားရောက်ကြပြီး ဖွဲ့စည်းပြီးဖြစ်သော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်ကို တိုးချဲ့ဖွဲ့စည်းရေး၊ တပ်မတော်အတွင်းရှိ လက်ဝဲအင်အားစုများ၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ်ပါတီတို့ကို တပေါင်းတည်းအဖြစ် ပူးပေါင်းဖွဲ့စည်းကြရန်နှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန်အတွက် ပြင်ဆင်စည်းရုံးမှုလုပ်ငန်းများကို ဆွေးနွေးချမှတ်ကြသည်။

**ခေါင်းဆောင်ကြီးများဖက်ဆစ်တော်လှန်ရေးကျိတ်ဝိုင်း**

ဗိုလ်ချုပ်အောင်ဆန်းသည် မကြာမီစတင်ဆင်နွှဲကြတော့မည့် ဖက်ဆစ်တော်လှန်ရေးကြီးအတွက် ညှိနှိုင်းတိုင်ပင်ရန် သခင်သန်းထွန်းနှင့် ပထမဆွေးနွေးပြီးနောက် ဒေးဒရဲတွင် မြေလျှိုးနေသော သခင်စိုးထံသို့ ဗိုလ်မှူးကြီးနေဝင်းနှင့် ဦးကျော်ငြိမ်းတို့ကို အခေါ်လွှတ်လိုက်ပြီးနောက် ၁၉၄၅ မတ်လ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ရန်ကုန်မြို့ တာဝါလိန်းလမ်း ဗိုလ်ချုပ်အောင်ဆန်းနေအိမ် (ယခု ဗိုလ်ချုပ်ပြတိုက်)တွင် ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်ခေါင်းဆောင်များ အစည်းအဝေးကို ကျင်းပကြသည်။

ထိုအစည်းအဝေးမှ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်ဟု မူလစတင်ဖွဲ့စည်းခဲ့သော အဖွဲ့ချုပ်ကို "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်" (ဖတပလ)ဟု ပြင်ဆင်ပြီး ယင်းဖတပလဗဟိုဦးစီးအဖွဲ့ကိုလည်း ဗမာ့တပ်မတော်ကိုယ်စားလှယ်၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ်ပါတီတို့မှ ကိုယ်စားလှယ်သုံးဦးစီဖြင့် ပြင်ဆင်ဖွဲ့စည်းကြသည်။

**ဗမာ့တပ်မတော်အသွင်ပြောင်း ပြည်သူ့တပ်မတော်က ဦးဆောင်၍ ဖက်ဆစ်တော်လှန်ရေးကြီးစတင်ခြင်း**

ထိုအစည်းအဝေးမှပင် "ဗမာ့ကာကွယ်ရေးတပ်မတော်"ကိုလည်း "ပြည်သူ့လွတ်လပ်ရေးတပ်မတော်" အတိုကောက်အားဖြင့် "ပြည်သူ့တပ်မတော်"ဟု အမည်ပြောင်း၍ ဖက်ဆစ်ဂျပန်များအား လက်နက်ကိုင်တော်လှန်တိုက်ထုတ်ပစ်ရန် မြန်မာနိုင်ငံဒေသအနှံ့သို့ ညွှန်ကြားချက်ထုတ်ပြန်လိုက်သည်။

ထို့နောက် ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲကြီးများ ဆင်နွှဲရန် စစ်တိုင်းကြီးများ ခွဲဝေသတ်မှတ်ခြင်း၊ စစ်နယ်မြေများသတ်မှတ်ခြင်းနှင့် ထိုတိုက်ပွဲကြီးများအတွင်း ဦးဆောင်ကြရန် စစ်ရေးနှင့် နိုင်ငံရေးခေါင်းဆောင်များ ရွေးချယ်သတ်မှတ်ခြင်းစသည့် ပြင်ဆင်မှုအရပ်ရပ်တို့ကို စဉ်းစားဆုံးဖြတ်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းရွေးချယ်တင်ပြသည့်အတိုင်း ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ဦးဆောင်သော ဖတပလအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ကိုလည်း အောက်ပါအတိုင်း ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းလိုက်ကြသည်-

**ပြင်ဆင်တိုးချဲ့ဖွဲ့စည်းလိုက်သော ဗဟိုဦးစီးအဖွဲ့**

(၁) **တပ်မတော်ကိုယ်စားလှယ်(၃) ဦး**
- ၁။ ဗိုလ်ချုပ်အောင်ဆန်း
- ၂။ ဗိုလ်ချုပ်ကြီးလက်ျာ
- ၃။ ဗိုလ်မှူးကြီး နေဝင်း

(၂) **ပြည်သူ့အရေးတော်ပုံပါတီ(၃) ဦး**
- ၁။ ဦးဗဆွေ
- ၂။ ဦးကျော်ငြိမ်း
- ၃။ သခင်ချစ်

(၃) **ကွန်မြူနစ်ပါတီ(၃) ဦး**
- ၁။ သခင်စိုး
- ၂။ သခင်သန်းထွန်း
- ၃။ သခင်တင်မြ

**ဖက်ဆစ်တော်လှန်ရေးကိုဦးစီးရန် ဖတပလ၏ ဗဟိုစစ်ကောင်စီ**
- ၁။ ဗိုလ်ချုပ်အောင်ဆန်း (စစ်ရေးခေါင်းဆောင်)
- ၂။ သခင်စိုး(နိုင်ငံရေးခေါင်းဆောင်)
- ၃။ သခင်သန်းထွန်း(ပြောက်ကျားနှင့် နိုင်ငံခြားဆက်သွယ်ရေးခေါင်းဆောင်)
- ၄။ ဗိုလ်လက်ျာ
- ၅။ ဗိုလ်နေဝင်း
- ၆။ ဦးကျော်ငြိမ်း
- ၇။ သခင်ချစ်

**စစ်တိုင်းများ တာဝန်ခွဲဝေခြင်း**

ထိုအစည်းအဝေးတွင်ပင် စစ်တိုင်းများသတ်မှတ်ပြီး စစ်တိုင်းတိုင်းမှူးနှင့် နိုင်ငံရေးမှူးများကိုလည်း အောက်ပါအတိုင်း သတ်မှတ်၍ တာဝန်ခွဲဝေသည်။

**တိုင်းအမှတ်(၁)**

ဟင်္သာတခရိုင် အရှေ့ပိုင်း၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်နှင့် အင်းစိန်ခရိုင်၊ **စစ်တိုင်းမှူး**-ဗိုလ်ချုပ်အောင်ဆန်း၊ **နိုင်ငံရေးမှူး**-သခင်ဗဟိန်း။ [သို့သော် မြန်မာပြည်စစ်နယ်မှူးကီမူရာက ဗမာ့တပ်မတော်ကို ဒုတိယစစ်မျက်နှာဖွင့်၍ ထိုးစစ်ဆင်လာသော ဗြိတိသျှမဟာမိတ်တပ်များကို ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်၍ တိုက်ရမည် ဟူသော စစ်မိန့်ထွက်လာသဖြင့် မူလအစီအစဉ်ဖျက်ပြီး **တိုင်း(၁) စစ်တိုင်းမှူး** အဖြစ် ဗိုလ်မှူးမောင်မောင် (နောင် ဗိုလ်မှူးချုပ်မောင်မောင်)နှင့် **နိုင်ငံရေးမှူး**အဖြစ် ကိုသီဟန်(မဆလ နိုင်ငံခြားရေးဝန်ကြီး)တို့ကို ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ပေးလိုက်သည်။]

**တိုင်းအမှတ်(၂)**

ဟံသာဝတီအနောက်ခြမ်းမှ ကွမ်းခြံကုန်းနှင့် တွံတေးမြို့နယ်အပါအဝင် ဖျာပုံခရိုင်။ **စစ်တိုင်းမှူး**-ဗိုလ်မှူးကြီးနေဝင်း၊ **နိုင်ငံရေးမှူး**-သခင်စိုး။

**တိုင်းအမှတ်(၃)**

မြောင်းမြ၊ ပုသိမ်နှင့်မအူပင်။ **စစ်တိုင်းမှူး**- ဒု-ဗိုလ်မှူးကြီးစောကြာဒိုး။ **နိုင်ငံရေးမှူး**-ခန့်အပ်ခြင်းမရှိ။ (ဗိုလ်မှူးကြီး လက်ျာက တိုင်း(၂)နှင့် တိုင်း(၃)တို့ကို ညှိနှိုင်းပေးရန်)

**တိုင်းအမှတ်(၄)**

ဟံသာဝတီအရှေ့ပိုင်း၊ ခရမ်း၊ သုံးခွ၊ သန်လျင်၊ ကျောက်တန်း လေးမြို့နယ်အပါအဝင် ပဲခူးခရိုင်၊ ရွှေကျင်မြို့နယ်နှင့် သထုံခရိုင်များ။ **စစ်တိုင်းမှူး**-ဗိုလ်မှူးကျော်ဇော။ **နိုင်ငံရေးမှူး**-သခင်ချစ်။

**တိုင်းအမှတ်(၅)**

မော်လမြိုင်ခရိုင်နှင့် ထားဝယ်ခရိုင်။ **စစ်တိုင်းမှူး**-ဗိုလ်ကြီးတင်ထွန်း။ **နိုင်ငံရေးမှူး**-သခင်ဗဟိန်း။

**တိုင်းအမှတ်(၆)**

တောင်ငူ၊ ပျဉ်းမနားနှင့် ရှမ်းပြည်နယ်တောင်ပိုင်း။ **စစ်တိုင်းမှူး**-ဗိုလ်မှူးရဲထွဋ်။ **နိုင်ငံရေးမှူး**-ဦးကျော်ငြိမ်း။ **ဒု-နိုင်ငံရေးမှူး**-သခင်တင်ထွန်း။

**တိုင်းအမှတ်(၇)**

သရက်ခရိုင်၊ မင်းဘူးခရိုင်နှင့် ရေနံမြေဒေသ။ **စစ်တိုင်းမှူး**-ဗိုလ်မှူးအောင်။ **နိုင်ငံရေးမှူး**-ဗိုလ်ဘသိန်း (ခေါ်) သခင်တင်မြ။

**အထက်ဗမာပြည်တိုင်း**

မန္တလေး၊ စစ်ကိုင်းနှင့် ကျောက်ဆည်၊ ရှမ်းပြည်တောင်ပိုင်း(ပင်းတယ၊ ရွာငံ)။ **စစ်တိုင်းမှူး**-ဗိုလ်မှူးဗထူး။ **နိုင်ငံရေးမှူး**-ဦးစံညွန့်(ခေါ်)ဦးနေဝင်း။

**ရခိုင်တိုင်း**

စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲခရိုင်များ။ **စစ်တိုင်းမှူး**-ဗိုလ်ကြာလှအောင်။ **နိုင်ငံရေးမှူး**-ဦးညိုထွန်း။

**ရန်ကုန်တိုင်း**

ရန်ကုန်ခရိုင် - **တိုင်းစစ်ဆင်ရေးနှင့် နိုင်ငံရေးခေါင်းဆောင်**-ဦးဗဆွေ။ **စစ်တိုင်းမှူး**-ဗိုလ်ကြီးခင်ညို။ **နိုင်ငံရေးမှူး**-ဦးချမ်းသာ(ခေါ်) ဦးကျော်ငြိမ်း (R.E.T)။

**ဂျပန်စစ်အင်အား**

မြန်မာတစ်ပြည်လုံးရှိ ဂျပန်တပ်အင်အားမှာ ဒီဗီဇံတပ် ၁၀ တပ်။ သံချပ်ကာတပ်မကြီးတစ်တပ်။ လက်နက်မျိုးစုံကိုင်တပ်ရင်းကြီးနှစ်တပ် စုစုပေါင်း ဂျပန်စစ်သည်အင်အားတစ်သိန်းကျော်ရှိသည်။

**ဗမာ့တပ်မတော်အင်အား**

ဗမာ့တပ်မတော်အင်အားမှာ ၁၅၀၀၀ ခန့်ရှိသည်။ ထိုစဉ်အခါက ဗမာ့တပ်မတော်ကို စစ်ဝန်ကြီးဌာန၊ စစ်ဦးစီးဌာနချုပ်၊ ဇုန်ဆိုင်ရာ စစ်ဌာနချုပ်နှစ်ခု၊ ခြေလျင်တပ်ရင်းလေးရင်း၊ လေယာဉ်ပစ်အမြောက်တပ် နှစ်တပ်၊ အင်ဂျင်နီယာတပ်ရင်း နှစ်ရင်း၊ အချက်ပြဆက်သွယ်ရေးတပ်တစ်တပ်၊ စစ်ဆေးရုံ လေးရုံ၊ ထောက်ပံ့ရေးတပ်ဆွယ်သုံးဆွယ်၊ သယ်ယူပို့ဆောင်ရေးတပ်ခွဲတစ်ခွဲ၊ လေ့ကျင့်ရေးဌာန သုံးခု၊ စစ်သားစုဆောင်းရေးဌာန လေးဌာန၊ ရန်ကုန်မြို့စောင့်တပ် တစ်တပ်၊ အမျိုးသမီးတပ်နှင့်ရေတပ်(ဖွဲ့စည်းစဖြစ်၍ အနည်းငယ်မျှသာရှိ)စသည်ဖြင့် ဖွဲ့စည်းထားသည်။

**ပြောက်ကျားတပ်ဖွဲ့အင်အား**

တပ်မတော်၏လက်အောက်ခံ ပြောက်ကျားတပ်ဖွဲ့များကိုလည်း ရခိုင်တိုင်း၊ မြစ်ဝကျွန်းပေါ်၊ ရန်ကုန် အင်းစိန်ခရိုင်များနှင့် သရက်ခရိုင်တို့တွင် ဖွဲ့စည်းထားလေရာ ပြောက်ကျားတပ်ဖွဲ့ဝင် ခန့်မှန်းစုစုပေါင်း တစ်သိန်းခန့်မျှ ရှိလေသည်။

ပြည်သူ့အရေးတော်ပုံပါတီ၊ ကွန်မြူနစ်ပါတီ၊ အာရှလူငယ်အစည်းအရုံး စသောအဖွဲ့အစည်းများကလည်း မိမိတို့၏အဖွဲ့အစည်းအလိုက် လူထုကိုဖက်ဆစ်တော်လှန်ရေးတိုက်ပွဲတွင် ပါဝင်ဆင်နွှဲကြရေးအတွက် စည်းရုံးသိမ်းသွင်းလျက်ရှိပေသည်။

**ဗိုလ်ချုပ်တို့ ခေါင်းချင်းရိုက်၍ တော်လှန်ချိန်သတ်မှတ်လိုက်ခြင်း**

ဗိုလ်ချုပ်အောင်ဆန်း၏ တာဝါလိန်းနေအိမ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဦးဗဆွေ၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးဇေယျ၊ သခင်ချစ်နှင့် အခြားတပ်မှူးသုံး၊ လေးဦးတို့သည် တစ်နေ့တခြား လျင်မြန်စွာပြောင်းလဲနေသော မြန်မာနိုင်ငံ၏ စစ်ရေးအခြေအနေများကို သုံးသပ်ဆွေးနွေးနေကြသည်။

ဗိုလ်ချုပ်အောင်ဆန်းက ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်မှုများမှာ မတ်လ ၂၃ ရက်၊ ၂၄ ရက်တွင် ပြီးစီးမည်ဟု ခန့်မှန်းရကြောင်း ဗမာ့တပ်မတော်တပ်ဖွဲ့များ သတ်မှတ်ရာ စစ်တိုင်း၊ စစ်ဒေသများသို့ထွက်ခွာသွားနိုင်ရေးအခြေအနေများကို တွက်ဆပြီး ၁၉၄၅ ခုနှစ် မတ်လ ၂၅ ရက်နေ့ ည ၇နာရီ မိနစ် ၃၀ တိတိတွင် ဖက်ဆစ်ဂျပန်တို့ကို တစ်နိုင်ငံလုံးဒေသအနှံ့ တစ်ချိန်တည်းတစ်ပြိုင်တည်းတော်လှန်တိုက်ခိုက်ကြရမည်ဟု အမိန့်ပေးသတ်မှတ်လိုက်သည်။

**စာမျက်နှာ ၇ သို့** ❖




# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

◆ စာမျက်နှာ ၆ မှ

**ဗိုလ်ချုပ်ပရိယာယ် ဂျပန်တို့နားမလည်**

ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးသော ဗမာ့တပ်မတော်သည် အထက်မြန်မာပြည်သို့ ထိုးဖောက်ဝင်ရောက်လာနိုင်သော ဗြိတိသျှမဟာမိတ်တပ်များကို ချီတက်တိုက်ခိုက်မည်ဟု နည်းပရိယာယ်သုံး၍ ဂျပန်စစ်အာဏာပိုင်များနှင့် ဆွေးနွေးရာ ဂျပန်တို့က ဝမ်းမြောက်ဝမ်းသာ လက်ခံသဘောတူလိုက်ပြီး စစ်မြေပြင်သို့ ချီတက်မည့် စစ်ချီအခမ်းအနားတစ်ရပ်ကို စီစဉ်ပေးလေသည်။

**ဗမာ့တပ်မတော်စစ်ထွက်အခမ်းအနား**

၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အနောက်မြောက်ဘက်ရှိ ကွင်းပြင်ကြီး (ယခုတော်လှန်ရေးပန်းခြံ)၌ တပ်မတော်စစ်ထွက်အခမ်းအနားကျင်းပရာ မြို့သူမြို့သား ပရိသတ်နှစ်သောင်းကျော်မျှ လာရောက်အားပေးကြသည်။

ထိုစစ်ထွက်အခမ်းအနားသို့ နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်၊ ဗမာ့တပ်မတော်အကြံပေးအရာရှိချုပ် ဗိုလ်ချုပ်ဆာကူရိုင်းတိုကူတာရို၊ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးလက်ျာ၊ ဗိုလ်ရန်နိုင်၊ ဗိုလ်လရောင်၊ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး၊ ဗိုလ်လှအောင်၊ ဗိုလ်သောင်း၊ ဗိုလ်ဘသန်း(နောင်ဓမ္မိကဘသန်း)တို့ တက်ရောက်ကြသည်။

စစ်သေနာပတိဝတ်စုံဖြင့် အဓိပတိဒေါက်တာဘမော်နှင့်အတူ ဒုတိယဝန်ကြီးချုပ်သခင်မြ၊ ဗိုလ်ချုပ်ဆာကူရိုင်းတိုကူတာရိုတို့က စင်မြင့်ထက်တွင် နေရာယူကြသည်။ ရန်ကုန်မြို့စောင့်တပ်များနှင့် အနီးအနားမှ တပ်များပါဝင်၍ စစ်ရေးပြကြသည်။ ဗိုလ်မောင်မောင်ကြီး(ဆေး) ခေါင်းဆောင်သော စစ်ဆေးရုံတပ်။ ဗိုလ်ဖုန်းမြင့် ခေါင်းဆောင်သော လေ့ကျင့်ရေးတပ်။ ဗိုလ်လွန်းတင် ခေါင်းဆောင်သော စစ်သားစုဆောင်းရေးတပ်။ ဗိုလ်ရှိန်း ခေါင်းဆောင်သော အချက်ပြဆက်သွယ်ရေးတပ်။ ဗိုလ်ဝင်း ခေါင်းဆောင်သော ထောက်ပံ့ရေးတပ်။ ဗိုလ်အေးမောင် ဦးစီးသော လားတပ်။ ဗိုလ်ခင်ညိုဦးစီးသော အမြောက်ကြီးတပ် စသည့်တပ်များနှင့် စစ်ဝန်ကြီးရုံးမှတပ်များ ပါဝင်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တပ်များကို လှည့်လည်စစ်ဆေးပြီးနောက် စင်မြင့်ပေါ်သို့ ပြန်တက်သွားသည်။ ထို့နောက် ဂျပန်အကြံပေးအရာရှိချုပ်က ဦးစွာစကားပြောသည်။ ဗြိတိသျှမဟာမိတ်တပ်များ ကျူးကျော်ဝင်ရောက်လာသည်ကို ရဲဝံ့စွာ ချေမှုန်းတိုက်ခိုက်ရန် ဗမာ့တပ်မတော်အား မှာကြားသည်။ ထို့နောက် အဓိပတိဒေါက်တာဘမော် မိန့်ခွန်းပြောကြားပြီး စစ်ထွက်အောင်လံတော်ကို ဗိုလ်ချုပ်အောင်ဆန်းလက်သို့ ပေးအပ်သည်။

**ဗိုလ်ချုပ်၏အတွင်းကျိတ်စစ်ထွက်အကြံ**

၎င်းစစ်ထွက်အခမ်းအနားမှာ အမြင်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့တပ်မတော်က ဂျပန်တပ်များနှင့်အတူ မဟာမိတ်ဗြိတိသျှတပ်များကို ချီတက်တိုက်ခိုက်ရန် စစ်ထွက်ကြသည်ဟု ဂျပန်တို့က နားလည်ထားကြသော်လည်း ဗိုလ်ချုပ်တို့၏ အတွင်းကျိတ်အကြံမှာ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်မည့် တပ်ထွက်အခမ်းအနားသာဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ထွက်ဗမာ့အောင်လံတော်ကို လက်ခံရယူပြီးနောက် အောက်ပါအတိုဆုံး၊ အရှင်းဆုံး၊ အထိရောက်ဆုံး သမိုင်းဝင် စစ်ထွက်တပ်လှန့်မိန့်ခွန်းကို ပြောကြားသည်။

**ဗိုလ်ချုပ်၏ သမိုင်းဝင်စစ်ထွက်တပ်လှန့်မိန့်ခွန်း**

"ရဲဘော်တို့၊ ကျုပ်အကျယ်ချဲ့ပြီး ရှည်ရှည် မပြောချင်ဘူး။ အခုစစ်မြေပြင်ကို ထွက်ရမယ်။ ဆင်းရဲမယ်။ ငတ်မယ်။ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်။ ဗမာပီပီ ဗမာ့သွေးကို ပြကြပါ။ အထက်ဗိုလ်များရဲ့အမိန့်ကို နာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးသည့်အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူ ချီတက်မယ်"

"ဗမာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ။ ဒါပဲ"

ထိုမှနောက်ဝယ် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဗမာ့တပ်မတော်သားများသည် တပ်ဖျောက်၍ ရန်ကုန်မြို့ပေါ်သို့ အလျှိုအလျှိုပျောက်ကွယ်သွားကြလေသည်။

**ဗိုလ်ချုပ်၏တော်လှန်ခါနီးသတင်းစာရှင်းပွဲ**

အမျိုးသားလွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် အလွန်အရေးကြီးနေသည့်အချိန်ဖြစ်သော ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲတော့မည့် ဆဲဆဲအချိန်တွင်ပင်ဖြစ်လင့်ကစား သတင်းစာရှင်းပွဲတစ်ရပ်ကို ကျင်းပခဲ့ပါသေးသည်။ ဤသည်မှာ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲသမိုင်းတစ်လျှောက်၌ အလွန်တရာလေးစားမြတ်နိုးထိုက်သော ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ အမူအကျင့်ကောင်းတစ်ရပ် ဖြစ်သည်။

စစ်ထွက်အခမ်းအနားကျင်းပခဲ့ပြီး နောက်တစ်နေ့ မတ်လ ၁၈ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ၎င်း၏ စစ်ဝန်ကြီးရုံးခန်းသို့ သတင်းစာဆရာများကို ဖိတ်ခေါ်၍ ဗမာ့တပ်မတော်စစ်ထွက်ရသည့် အကြောင်းအရင်းကို ရှင်းပြခဲ့သည်။

**ပြည်သူကို ပါးစပ်ပြောနဲ့သာမဟုတ် လက်တွေ့အလုပ်အကျွေးပြုရမှာဖြစ်**

"ကျွန်တော်တို့ဟာ ပြည်သူလူထုကို ယခင်က ပါးစပ်ကသာ အလုပ်အကျွေးပြုနေကြတယ်ဆိုတာ မှန်ပါတယ်။ အခုအခါမှာတော့ တကယ့်တိုက်ပွဲကို ဆင်နွှဲပြီး ပြည်သူတို့ကို လက်တွေ့အလုပ်အကျွေးပြုဖို့ ကျွန်တော်တို့ ရှေ့တန်းစစ်မျက်နှာကို ချီတက်ကြပါတော့မယ်။ ရန်သူကို တိုက်ခိုက်ပါတော့မယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ပြည်သူလူထုကို တစ်စုံတစ်ရာပြသနိုင်ပါလိမ့်မယ်။ ပြည်သူလူထုဟာ ကောင်းမြတ်တဲ့အခြင်းအရာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။"

**ဒီမိုကရေစီခေါင်းဆောင်ကောင်းတို့၏ ကျင့်စဉ်**

ဗမာ့တပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းက ထိုနေ့က သတင်းစာရှင်းပွဲကို နာရီဝက်ခန့်ကြာမျှ ရှင်းလင်းပြောကြားသွားသည်။ ဗိုလ်ချုပ်သည် ထိုစဉ်အခါမှစ၍ နိုင်ငံအတွက် အရေးကြီးဆောင်ရွက်ချက်များ ပြုတော့မည်ဆိုပါလျှင် သတင်းစာဆရာများအား ဖိတ်ခေါ်ရှင်းပြခြင်းဖြင့် တိုင်းပြည်၊ ပြည်သူတို့ထံ အမြဲအစီရင်ခံစာတင်ပြလေ့ရှိသည့် ခေါင်းဆောင်ကောင်းဖြစ်သည်။ အကယ်၍ အချိန်မမီခဲ့သော် ၎င်းကိစ္စကို ဆောင်ရွက်ပြီးပြီးချင်း သတင်းစာရှင်းလင်းပွဲ ကျင်းပပေးလေ့ရှိသည်။ ဤသည်မှာ ပြည်သူကို တန်ဖိုးထားလေးစားသော ခေါင်းဆောင်ကောင်းတို့ ကျင့်သုံးကြလေ့ရှိသည့် ဒီမိုကရေစီကျင့်စဉ်ကောင်းဖြစ်သည်။ ထို့ကြောင့် ထိုနိုင်ငံတွင် သတင်းစာဆရာတို့ မဆိတ်သုဉ်းသေးသမျှ ထိုခေါင်းဆောင်ကောင်းတို့၏သမိုင်းသည် အစဉ်အဆက် ပြောကျန်နေရစ်ခဲ့မည်အမှန်ဖြစ်သည်။

**တော်လှန်ရေးနေ့ရက် ပြောင်းရွှေ့ခြင်း**

ထိုနေ့ သတင်းစာရှင်းလင်းပွဲကျင်းပပြီးသည့် ညနေပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏နေအိမ်၌ အစည်းအဝေးကျင်းပ၍ တော်လှန်ရေးနေ့ကို မူလသတ်မှတ်ထားသည့် နေ့ရက်ဖြစ်သော မတ်လ ၂၅ ရက်နေ့အစား ဧပြီလ ၂ ရက်နေ့သို့ ပြောင်းလဲသတ်မှတ်ရန်ဆုံးဖြတ်ပြီး စစ်တိုင်းအမှတ်(၆) စစ်ခေါင်းဆောင်ဗိုလ်ရဲထွဋ်ထံသို့ ဖက်ဆစ်တော်လှန်ရေးကို ဧပြီလ ၂ ရက်နေ့သို့ ပြောင်းလဲကြောင်း အရေးပေါ်စာ ပေးပို့လိုက်သည်။

**ဖက်ဆစ်တော်လှန်ရေးနောက်ဆုံးရက်**

ထိုမှ မတ်လ ၂၄ ရက်နေ့တွင် ဗိုလ်မှူးကျော်ဇောထံမှ ပို့လာသော အရေးပေါ်သတင်းပို့စာကို ဖတ်ရှုပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ပြောင်းလဲဖြစ်ပေါ်လာသော အခြေအနေအရပ်ရပ်ကို သုံးသပ်ကာ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲမည့်နေ့ရက်ကို မတ်လ ၂၇ ရက်နေ့သို့ ပြောင်းလဲလိုက်ပြီဖြစ်ကြောင်း စစ်တိုင်းအသီးသီးသို့ ဆက်သားများလွှတ်၍ အမြန်အကြောင်းကြားလေသည်။

**မတ်လ ၂၇ ရက်နေ့ မြင်ကွင်း**

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ကား မြန်မာတစ်နိုင်ငံလုံး လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် ဖက်ဆစ်ဂျပန်များကို မြန်မာ့မြေပေါ်မှ အပြီးတိုင်သုတ်သင်ဖယ်ရှားပစ်လိုက်ကြသည့် "ဖက်ဆစ်တော်လှန်ရေးနေ့" ဖြစ်လေသည်။

ထိုနေ့က နံနက် ၉ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ ပြည်ခရိုင် ပြလို့ရွာမှ ဧရာဝတီမြစ်ကို ဖြတ်ကူးပြီး အနောက်ဘက်ကမ်းပြရီရွာမှ တစ်ညလုံးနွားလှည်းဖြင့် ခရီးဆက်ခဲ့ကာ သပွတ်ရွာမှတစ်ဆင့် ပုဏ္ဏားရွာသို့ ရောက်သည်။ ည ၇ နာရီတွင် သရက်ခရိုင် ပုဏ္ဏားကျွန်း၌ ဖွင့်လှစ်ထားသော "ပြည်သူ့လွတ်လပ်ရေးတပ်မတော်" ဌာနချုပ်မှနေ၍ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ပြီဖြစ်ကြောင်း ကြေညာသည်။ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖတပလ)မှ ဦးဆောင်၍ မြန်မာတစ်နိုင်ငံလုံး မြန်မာတစ်မျိုးသားလုံးတို့က ဖက်ဆစ်တော်လှန်ရေးကို တစ်ခဲနက်လှိုက်လှိုက်လှဲလှဲ ပါဝင်ဆင်နွှဲကြသည်။

**ဗမာ့တပ်မတော်က ဦးဆောင်၍ ဆင်နွှဲခြင်း**

ဗမာ့တပ်မတော်သည် စစ်ကြောင်းခုနစ်ကြောင်းဖြန့်၍ စတင်တိုက်ပွဲဆင်နွှဲကြသည်။ မြန်မာပြည်သူတစ်ရပ်လုံးတို့၏ ပူးပေါင်းထောက်ခံမှုကိုလည်း အပြည့်အဝရရှိခဲ့ရာမှ တစ်မျိုးသားလုံး အင်နှင့်အားနှင့်ပါဝင်ဆင်နွှဲသော အမျိုးသားတော်လှန်ရေးအောင်ပွဲကြီးကို ခံယူခဲ့ကြရသည်။

**ဗမာ့တပ်မတော် ရန်ကုန်မြို့ကို သိမ်းပိုက်လိုက်ခြင်း**

ထိုမှနောက်တစ်လကျော်ခန့်အကြာ ၁၉၄၅ ခုနှစ် မေလ ၁ ရက်နေ့တွင် ဗမာ့တော်လှန်ရေးတပ်မတော်မှ ဗိုလ်စိန်တင်၊ ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင် ဦးကျော်ငြိမ်းတို့ ဦးဆောင်သည့် ဗမာ့မျိုးချစ်တပ်မတော် (Burma Patriotic Force) သားများနှင့် ပြောက်ကျားတပ်သားအင်အား ၁၅၀ ခန့်တို့သည် ရန်ကုန်မြို့ကို ဝင်ရောက်သိမ်းပိုက်လိုက်ကြသည်။

ထိုနေ့ နံနက် ၆ နာရီမှ စတင်၍ ရန်ကုန်မြို့တော်ကို ဗမာ့တော်လှန်ရေးတပ်မတော်က သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း၊ ဗမာ့တော်လှန်ရေးတပ်မတော် ဗဟိုစစ်ဦးစီးအဖွဲ့ အမိန့်အမှတ်(၁)ကို ကြေညာလေသည်။

**ဖက်ဆစ်တော်လှန်ရေးအောင်ပွဲခံ ကြေညာစာတမ်း**

ထို့နောက် မေလ ၇ ရက်နေ့တွင် ဗမာ့တပ်မတော်ခေါင်းဆောင်ဗိုလ်မှူးကြီးနေဝင်းသည် "ဖက်ဆစ်တော်လှန်ရေးအောင်ပွဲခံကြေညာစာတမ်း"နှင့် ရန်ကုန်မြို့ကို တပ်မတော်က သိမ်းယူလိုက်ပြီဖြစ်သည့် ကြေညာချက်ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ကမ္ဘာသို့ကြေညာသည်။ ထိုကြေညာစာတမ်းကို မြန်မာဘာသာဖြင့် ဗိုလ်အောင်ကြီးက ဖတ်ကြားပြီး အင်္ဂလိပ်ဘာသာဖြင့် ကိုထွန်းစိန်(မိတ္ထီလာ)က ဖတ်ကြားသည်။ ရန်ကုန်ထောင်ကြီး အမိုးပေါ်မှနေ၍ ဝိုင်ယာလက် အသံလွှင့်စက်ဆင်၍ ဖတ်ကြားကြေညာခဲ့သည်။ (ထိုကြေညာစာတမ်းကို သတင်းစာဆရာကြီးများဖြစ်ကြသော ဂျာနယ်ကျော် ဦးချစ်မောင်၊ ဆရာ ဦးခင်မောင်လတ်တို့က ဗိုလ်အောင်ကြီးနှင့်အတူ ရေးသားပေးခဲ့ကြသည်။)

**(၇၂) နှစ်ပြည့် တပ်မတော်နေ့**

နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို သမိုင်းအဆက်ဆက် ကျေပွန်စွာထမ်းဆောင်လျက်ရှိခဲ့သော တပ်မတော်သည် မြန်မာတစ်မျိုးသားလုံး ပါဝင်ဆင်နွှဲခဲ့၍ သမိုင်းတင်အောင်ပွဲခံခဲ့သော ထို"ဖက်ဆစ်တော်လှန်ရေးနေ့" အမှတ်ပြု အောင်ပွဲအခမ်းအနားများကို "တပ်မတော်နေ့"အဖြစ် မော်ကွန်းတင် ပြင်ဆင်ပြောင်းလဲ၍ နှစ်စဉ်မပျက်ဆင်နွှဲကျင်းပခဲ့လေရာ ယနေ့ ၂၀၁၇ ခုနှစ် မတ်လ ၂၇ ရက်နေ့ဆိုပါသော် "တပ်မတော်နေ့" သည် (၇၂) နှစ်တိုင်တိုင်ပြည့်မြောက်ခဲ့ပြီး ဖြစ်လေသည်။

**ဂုဏ်ပြုအပ်သည့် တပ်မတော်**

ယနေ့ကျရောက်သော (၇၂)နှစ်မြောက် တပ်မတော်နေ့တွင် တပ်မတော်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားမိဘညီအစ်ကို မောင်နှမသွေးချင်းသားရင်းများ၏ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ် ထိပါးလာမှုများကို တပ်မတော်မှ ကာကွယ်စောင့်ရှောက်ပါမည်ဟု ခိုင်မြဲသောကတိသစ္စာတရား ဦးထိပ်ရွက်ပန်ဆင်လျက် နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်းဖြင့် တစ်မျိုးသားလုံး အားကိုးအားထားရသော၊ အမျိုးသားတပ်မတော်ကြီးအဖြစ် ခိုင်ခိုင်မာမာရပ်တည်နေသော၊ အစဉ်အလာကောင်းများနှင့်ပြည့်ဝသော မြန်မာ့တပ်မတော်ကို ယနေ့ (၇၂)နှစ်မြောက် တပ်မတော်နေ့တွင် တပ်မတော်ဦးဆောင်ဆင်နွှဲအောင်ပွဲခံခဲ့သည့် ဖက်ဆစ်တော်လှန်ရေးသမိုင်းအစဉ်ကို ဖော်ကျူး၍ အထူးအလေးအနက်ထား ဂုဏ်ပြုလိုက်ရပါသည်။ ။

ကြေးမုံ

# ပြည်သူတို့၏ ဖက်ဆစ်တော်လှန်ရေးမှသည် ....

လွန်ခဲ့သော နှစ်ပေါင်း ခုနစ်ဆယ်ကျော်၊ တိတိကျကျပြောရလျှင် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ဟူသည် မြန်မာ့ခေတ်သစ်နိုင်ငံရေးသမိုင်းတွင် ပြည်သူတစ်ရပ်လုံးပါဝင်သော အလွန်ကြီးကျယ်ခမ်းနားသည့် တော်လှန်ရေးကြီးတစ်ရပ် စတင်ဆင်နွှဲခဲ့ကြသည့် သမိုင်းဝင် နေ့တစ်နေ့ ဖြစ်၏။

ယနေ့ဆိုလျှင် (၇၂)နှစ် တင်းတင်းပြည့်ပြီတည်း။

မှန်ပါသည်။ မြန်မာပြည်သူတို့၏ အဆိုပါ ဖက်ဆစ်တော်လှန်ရေးကြီးသည် မြန်မာနိုင်ငံ၏သမိုင်းတွင် အထူးကြီးကျယ်ခမ်းနားသည့် တော်လှန်ရေးတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံကို ကျူးကျော်နယ်ချဲ့လိုသည့် ဖက်ဆစ်ဂျပန်တို့ကို တွန်းလှန်ခဲ့သည့် တော်လှန်ရေးတစ်ရပ်၊ ထို့ပြင်တဝ ကမ္ဘာကြီးတစ်ခုလုံးကို ခြိမ်းခြောက်ရန်ပြုနေသည့် ဖက်ဆစ်ဝါဒစနစ်ကိုပါ အမြစ်ဖြုတ်ရန် အားထုတ်သည့် လူထုတိုက်ပွဲဖြစ်သကဲ့သို့ ဗြိတိသျှတို့၏ နယ်ချဲ့ဝါဒကိုပါ သတိပေးရင်း ပြည်သူ့အင်အားကို ဖော်ပြလိုက်သော နယ်ချဲ့ဆန့်ကျင်ရေးတော်လှန်ရေးကြီးလည်း ဖြစ်ပါသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် နယ်ချဲ့ဝါဒ ဖက်ဆစ်ဝါဒတို့ကို ဆန့်ကျင်တော်လှန်ရာမှာ မြန်မာနိုင်ငံတွင်းမှ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ တောင်ပေါ် ၊ မြေပြန့်၊ ဆင်းရဲ ချမ်းသာမရွေး လှည်းနေလှေအောင်း မြင်းဇောင်း မကျန် ပါဝင်ခဲ့ကြခြင်း၊ အသက်သွေးချွေး စတေးခဲ့ကြခြင်း ဖြစ်ပါသည်။

အမှန်မှာ ၁၈၈၅ ခုနှစ် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှနယ်ချဲ့လက်အောက် ကျွန်ဘဝရောက်သွားချိန်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းက သူ့ကျွန်မခံလိုသော ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင်၊ ဗမာ စသည့် တိုင်းရင်းသားလူမျိုးစု အသီးသီးက ရရာလက်နက်ဆွဲကိုင် တွန်းလှန်ခဲ့ကြခြင်းဖြစ်သည်။ တစ်စုတစ်ဖွဲ့ တစ်ယောက်ချင်း နယ်ချဲ့ဆန့်ကျင်ရေး သဘောထားဖြင့် တော်လှန်ခဲ့ကြခြင်းဖြစ်သော်လည်း အားလုံးမှာ တူညီသော အမျိုးသားလွတ်မြောက်ရေး ဘုံစိတ်ဓာတ်က ပူးကပ်ကာ တိုက်ပွဲဝင်ခဲ့ကြတာဖြစ်သည်။

၁၉၀၆ ခုနှစ် မေလ ၁၀ ရက်တွင် ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေးအာဏာကို မကြာမီ လှုပ်နှဲ့လာတော့မည့် မြန်မာနိုင်ငံ၏ ပထမဆုံး စနစ်ကျကျဖွဲ့စည်းထူထောင်လိုက်သော ဝိုင်အမ်ဘီအေအသင်းကြီး ပေါ်ပေါက်လာသည်။ အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ် နိုးကြားတက်ကြွသည့် ဦးဘဘေ(ဦးဘဖေ)၊ ဒေါက်တာဘရင်၊ ဦးမောင်ကြီး အစရှိသော လူငယ်တို့က ဆော်ဩသူများအဖြစ် ခေါင်းဆောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်၏။ နောက်လေးနှစ်ကြာသည့် ၁၉၂၀ ခုနှစ်တွင် အမျိုးသားရေးလှုပ်ရှားမှုများမှတစ်ဆင့် ပိုမိုကျယ်ပြန့်သည့် လွတ်လပ်ရေးပန်းတိုင်ဆီသို့ ဦးတည်လာသော နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝလာသည့် ဂျီစီဘီအေအသင်းချုပ်ကြီး(General Council of Burmese Association) ကို ဖွဲ့စည်းခဲ့ကြသည်။ ယင်းနှစ်မှာပင် တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်သည့် ပထမကျောင်းသားသပိတ်ကြီး ဖြစ်ပွားလိုက်ရာ ဗြိတိသျှအစိုးရ တုန်လှုပ်သွားခဲ့ရသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေမှာ အရှိန်မြင့်တက်လှုပ်ရှားသွားခဲ့သည်။

၁၉၃၅-၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ရောက်နေသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားသမဂ္ဂ အမှုဆောင်ဖြစ်လာသည်။ ထိုအချိန်တွင် မြန်မာ့နိုင်ငံရေးနယ်ပယ်၌ ပိုမိုကြီးမားကျယ်ပြန့်ကာ နိုင်ငံရေးရည်မှန်းချက်နှင့် နိုင်ငံရေးမူဝါဒ လုပ်ငန်းစဉ်များလည်း ပိုမိုပီပြင်လာသည့် တို့ဗမာအစည်းအရုံးကြီး ပေါ်ပေါက်လာပြီး တို့ဗမာသခင်တို့၏ နိုင်ငံရေးအရှိန်မှာ တဟုန်းဟုန်းဖြစ်လာနေသည်။

၁၉၃၇ ခုနှစ် ပုသိမ်ခရိုင် ဇီးချိုင်ကျေးရွာမှာ ပြုလုပ်သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂညီလာခံတွင် ကိုအောင်ဆန်းက မြန်မာ့လွတ်လပ်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးလိုအပ်သည်ဟူသော အယူအဆကို ဖော်ထုတ်ပြောဆိုရင်း လက်နက်ကိုင်ဗမာ့တပ်မတော်ထူထောင်ရန် စိတ်ကူးမျိုးစေ့ချခဲ့သည်။

၁၉၃၈ ခုနှစ် ကျောင်းသားခေါင်းဆောင် ကိုနု၊ ကိုအောင်ဆန်းတို့ကို အကြောင်းပြု၍ ဒုတိယကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာသည်။ သပိတ်အပြီးတွင် ကိုနုနှင့် ကိုအောင်ဆန်းတို့ မြန်မာ့အမျိုးသားလွတ်လပ်ရေးတိုက်ပွဲတွင် လုံးဝနှစ်မြှုပ်ပါဝင်ရန် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ သခင်အမည်ခံကြသည်။

၁၉၄၀-၄၁ ခုနှစ်တွင် တို့ဗမာအစည်းအရုံး၏ အစီအစဉ်ဖြင့် သခင်အောင်ဆန်းခေါင်းဆောင်ပြီး လက်နက်ကိုင်တော်လှန်ရေးအတွက် တရုတ်ကွန်မြူနစ်ပါတီ၏ အကူအညီကိုရယူရန် ရည်မှန်းချက်ဖြင့် တရုတ်နိုင်ငံသို့ တိတ်တဆိတ်ထွက်သွားရင်း အကြောင်းမညီညွတ်၍ ဂျပန်သို့ ရောက်သွားခဲ့သည်။ သည်လိုဖြင့် ဗမာ့တပ်မတော် ဂျပန်နိုင်ငံမှာ သန္ဓေတည်ခဲ့သည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက် နံနက် ၁၀ နာရီတွင် ဗုံးကြဲလေယာဉ် အစင်း ၆၀ နှင့် တိုက်လေယာဉ် အစင်း ၃၀ ပါသော ဖက်ဆစ်လေတပ်က ရန်ကုန်မြို့ကို ပထမဆုံးအကြိမ် ဗုံးကြဲတိုက်ခိုက်ကာ အင်္ဂလိပ်ကို စစ်ကြေညာကာ မြန်မာနိုင်ငံတွင်းသို့ ချဉ်းနင်းလာခဲ့သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဘန်ကောက်မြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်ခေါင်းဆောင်ပြီး ဘီအိုင်အေ(Burma Independence Army)ကိုဖွဲ့ကာ ဗိုလ်အောင်ဆန်းက ဦးစီးချုပ်၊ ဦးစီးမှူးအဖြစ် တပ်သားများ စုဆောင်းပြီး မြန်မာပြည်တွင်းသို့ ချီတက်ခဲ့သည်။

၁၉၄၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီဟူသော ကြေညာချက်ကို ဖက်ဆစ်ဂျပန်က ထုတ်ပြန်သည်။ ဖက်ဆစ်ဂျပန်တို့ပေးသည့် မြန်မာ့လွတ်လပ်ရေးမကြေညာမီကတည်းက မြန်မာ့နိုင်ငံရေးခေါင်းဆောင်များက ဖက်ဆစ်ဂျပန်ကို တော်လှန်မှဖြစ်တော့မည်ဆိုသည့် အယူအဆကို ဆွေးနွေးအကောင်အထည်ဖော်နေကြပြီဖြစ်သည်။ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်သိန်းဖေ(မြင့်)တို့က အင်္ဂလိပ်နှင့် မဟာမိတ်ပြုကာ အန္တရာယ် ပိုမိုကြီးမားသည့် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ရမည်ဟူသော အယူအဆနှင့် သခင်ဗဟိန်းတို့ ခေါင်းဆောင်သော အင်္ဂလိပ်ကိုရော ဖက်ဆစ်ဂျပန်ကိုရော တော်လှန်ရမည်ဟူသော အယူအဆတို့ကို ဆွေးနွေးကြသည်။ ဖက်ဆစ်ကို ဆန့်ကျင်တော်လှန်ရန် ဆုံးဖြတ်ခဲ့ကြပြီး ဗမာပြည် ကွန်မြူနစ်ပါတီက ချမှတ်သည့် အင်္ဂလိပ်တို့နှင့် ဆက်သွယ်ကာ မဟာမိတ်ပြု၍ ဖက်ဆစ်ဂျပန်ကို တော်လှန်ရန် စတင်အကောင်အထည်ဖော်ကြသည်။

၁၉၄၃ ခုနှစ် ဩဂုတ်လကုန်ပိုင်းတွင် မဟာမိတ်နှင့်ဆက်သွယ်ရန် ကွန်မြူနစ်ပါတီ၏ပန်ကြားချက်ဖြင့် သခင်သိန်းဖေ(မြင့်)၊ သခင်တင်ရွှေတို့ တရုတ်ပြည် ချူကင်းမှတစ်ဆင့် အိန္ဒိယသို့သွားရောက်ကာ အင်္ဂလိပ်စစ်တပ်နှင့် ဆက်သွယ်ရန် ကြိုးစား၏။

၁၉၄၄ ခုနှစ် ဩဂုတ်လ ၄ ရက်နှင့် ၇ ရက်တို့တွင် ပဲခူးမြို့ ဗမာ့တပ်မတော် စံပြတပ်ရင်းရှိ ဗိုလ်ကျော်ဇောအိမ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာပြည်ကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ် သခင်စိုးတို့ လျှို့ဝှက်တွေ့ဆုံဆွေးနွေးပြီး ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်းရန် သဘောတူဆုံးဖြတ်၏။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဗမာ့တပ်မတော်၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်းတို့ ခေါင်းဆောင်သော ကွန်မြူနစ်ပါတီ၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ သခင်ချစ်တို့ ခေါင်းဆောင်သော ပြည်သူ့အရေးတော်ပုံပါတီတို့က ကိုယ်စားလှယ်သုံးဦးစီဖြင့် ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့(AFO, Anti-Fascist Organization)ကို ဖွဲ့စည်း၏။

ဖက်ဆစ်တို့ကို ခုခံတိုက်ဖျက်ကြဆိုသော ဖက်ဆစ်ဆန့်ကျင်ရေး ကြေညာစာတမ်းကို ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ရေးသားပြီး အားလုံးက အတည်ပြုကာ ကြေညာခဲ့၏။

၁၉၄၄ ခုနှစ် ဩဂုတ်လ ၂၃ ရက်မှာ ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်း(ယခု နတ်မောက်လမ်း)နှင့် ဦးထွန်းမြတ်လမ်းထောင့်ရှိ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းနေသည့်အိမ်၌ ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ကွန်မြူနစ်ပါတီခေါင်းဆောင်များ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်အစည်းအဝေး ကျင်းပ၏။

၁၉၄၅ ခုနှစ် မတ်လ ၈ ရက်တွင် အထက်ဗမာပြည်၏ စစ်ရေးအခြေအနေအပြောင်းအလဲများ ဖြစ်ပေါ်လာမှုကြောင့် စစ်တိုင်းမှူး ဗိုလ်မှူးဗထူးခေါင်းဆောင်ပြီး တော်လှန်ရေးစတင်ခဲ့ရ၏။

ထို့နောက် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်တွင် တစ်နိုင်ငံလုံးမှ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆင်နွှဲခဲ့သည့် ဖက်ဆစ်တော်လှန်ရေးစတင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ထူးခြားခမ်းနားသော သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ခဲ့လေသည်။

အင်အားကြီးသူက အင်အားနည်းသူကို လက်နက်အာဏာဖြင့် ရက်ရက်စက်စက် ဖိနှိပ်ချိုးနှိမ်သည့် ဖက်ဆစ်ဝါဒ မြန်မာ့မြေပေါ်မှ လုံးဝပျောက်ကွယ်ကာ ဘယ်တော့မှ ထပ်မံမပေါ်ပေါက်ရေးဟူသည့် ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူ့အားဖြင့် ဆင်နွှဲအောင်မြင်ခဲ့တာ ယနေ့ဆိုလျှင် (၇၂)နှစ် တင်းတင်းပြည့်ခဲ့ပြီတည်း။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နှင့်တကွ မြန်မာ့နိုင်ငံရေးခေါင်းဆောင်တို့ မျိုးစေ့ချခဲ့သည့် ဖက်ဆစ်ဝါဒဆန့်ကျင်ရေးစိတ်ဓာတ်ကို ဆက်လက်ကိုင်စွဲရင်း ယဉ်ကျေးသည့် လူမှုအဖွဲ့အစည်းတစ်ရပ်ကို ငြိမ်းချမ်းစွာ ထူထောင်အောင်မြင်ကြပါစို့။



ဆေးရောင်ခြယ်နေသည့် ကလေးငယ်တစ်ဦး။



အရုပ်ဆက် ပြိုင်ပွဲဝင်နေသည့် ကလေးငယ်များ။

## မော်လမြိုင် ကလေးစာပေပွဲတော် သားတို့၊ သမီးတို့ နွဲပျော်

ဓာတ်ပုံ ပြန်/ဆက်



စာအုပ်ဆိုင်များတွင် ဝယ်ယူနေကြသည့် ကလေးငယ်များ။



မျက်နှာပြင် ဆေးရောင်ခြယ်နေသည့် ကလေးငယ်တစ်ဦး။

# တိုင်းရင်းသားပေါင်းစုံ ရဟန်း၊ သာမဏေ၊ သီလရှင် ၂၀၂၀ ပါးတို့အား သာသနာ့ဘောင်သွတ်သွင်းသည့်ရဟန်းခံ၊ ရှင်ပြုအလှူတော် မင်္ဂလာအခမ်းအနားကျင်းပ



**ရှမ်း(တောင်) မတ် ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် ရီလုံရီကန်ကျေးရွာအုပ်စု လကျီနွဲ့ကျေးရွာ လကျီနွဲ့ သာသနာပြုကျောင်းတိုက်၌ ကျင်းပသည့် တိုင်းရင်းသားပေါင်းစုံ ရဟန်း၊ သာမဏေ၊ သီလရှင် ၂၀၂၀ ပါးတို့အား သာသနာ့ဘောင်သွတ်သွင်းသည့် ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဆံချမင်္ဂလာအခမ်းအနားကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အလှူရှင်တို့က ရှင်သာမဏေ လောင်းများအား ဆံချမင်္ဂလာဆောင်ရွက်ပေးပြီး နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာ ဘိဝံသက ဦးဆောင်၍ ရှင်သာမဏေများအား သာသနာ့ ဘောင်သို့ သွတ်သွင်းပေးသည်။

ဆက်လက်၍ ရဟန်းတော် ၂၆၆ ပါး၊ သာမဏေ ၉၇၈ ပါး၊ သီလရှင် ၇၇၆ ပါးတို့၏ ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားကျင်းပရာ ဧည့်ပရိသတ်များက နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ကိုးပါးသီလခံယူ ဆောက်တည်ပြီး ဆရာတော်၊သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရှမ်းပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်တို့က ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဧည့်ပရိသတ်များက နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြပြီး ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကယားပြည်နယ် လွိုင်ကော်မြို့ ကုန်းသာတောင်မော့ ပြည်နယ်ဗဟို သာသနာပြုကျောင်းတိုက် ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဉာဏအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လွိုင်ကော်မြို့ပေါ်ရှိ လွိုင်ကော်ကက်သလစ် သာသနာကျောင်းတိုက်၊ လွိုင်ကော်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၊ ကယားဖူးနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ အင်္ဂလိကန်အသင်းတော်နှင့် သတ္တမနေ့ ဥပုသ်အသင်းတော်တို့မှ ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်များနှင့် ကက်သလစ် သာသနာကျောင်းတိုက်အစည်းအဝေးခန်း၌ တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးက ခရစ်ယာန်အသင်းတော်များအား အလှူငွေ ပေးအပ်လှူဒါန်းရာ အသင်းတော်များကိုယ်စား ကယားဖူးနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ဆရာတော် ဦးခူးရယ်ကျော်ထူးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ကယားပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ကယားပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဓမ္မာစရိယစာမေးပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲကို ၂၆ရက်(ပဉ္စမနေ့)တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့၌ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၃၇၉၇ ပါးအနက် ၁၀၂၇၅ ပါး ဖြေဆိုပြီး ပျက်ကွက် ၃၅၂၂ ပါးရှိ၍ ၇၄ ဒသမ ၄၇ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(မောင်တော) စုပေါင်းရှင်ပြု

**မောင်တော မတ် ၂၆**

ရခိုင်ပြည်နယ် မောင်တောခရိုင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (မောင်တောမြို့) နွေရာသီ ဒုတိယအကြိမ်မြောက် စုပေါင်းရှင်ပြုပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီက နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (မောင်တော) စုပေါင်းခန်းမ၌ ကျင်းပကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မောင်တော)၌ ပညာသင်ကြား လျက်ရှိသော ကျောင်းသားများအနက် ကျောင်းသား ၅၀ ကို မြတ်ဗုဒ္ဓ၏ အဆုံးအမများ သိရှိနားလည်လာစေရန်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု အမွေအနှစ်များကို လိုက်နာကျင့်သုံးတတ်စေရန် ရည်ရွယ်၍ အောင်မြေဗောဓိအလိုတော်ပြည့် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမဏိသာရထံ ရက်သတ္တပတ် ပဗ္ဗဇ္ဇအမွေရှင်သာမဏေ သွတ်သွင်းချီးမြှင့်သွားမည်ဖြစ်ကြောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းမောင်က ပြောကြားသည်။

ဒုတိယအကြိမ်မြောက် စုပေါင်းရှင်ပြုအလှူတော်မင်္ဂလာပွဲသို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (မောင်တော) ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❂

**❖ ကျောဖုံးမှ**

ခဲ့ရသည့် နက္ခအောင်ကို စတုတ္ထအချီမှာပင် မိုက်ရိုင်းက အလဲထိုးဖြင့်ပွဲသိမ်းနိုင်ခဲ့သည်။

ထွန်းနိုင်ဦး (STL) နှင့် မင်းထက်အောင်(တောင်ကလေး) တို့ တွဲဆိုင်း ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ပူးတွဲသရေဖြစ်ခဲ့သည်။ စိုးထက်ဦး (STL) နှင့် မင်းမောင်မောင်(တောင်ကလေး)၊ ရဲသွေးနီ(တောင်ကလေး)နှင့် ထွန်းလွင်မိုး(နဂါးမာန်)၊ သားအသဲတစ်ပွင့်(ဗမာ့သွေး)နှင့် စောမင်းအောင်(တောင်ကလေး)တို့ ပွဲစဉ်များ ပွဲချိုပြည့်ယှဉ်ပြိုင်ခဲ့ကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။

ရွှေခါးပတ်ချန်ပီယံ သွေးသစ်ဝင်းလှိုင်(Adventure) နှင့် ပြည်နယ်နှင့်တိုင်းရွှေတံဆိပ်ဆုရှင် ရွှေရာမာန် (Mandalay 1886) တွဲဆိုင်း ဒုတိယအချီမှာပင် သွေးသစ်ဝင်းလှိုင်၏ ပါဝါပြည့်ညာခြေကန်ချက်က ရွှေရာမာန်၏ မေးရိုးကို အရှိန်ပြင်းပြင်းထိပြီး လဲကျကာ အမှတ်စဉ်ရေတွက်ခံလိုက်ရသည်။ ပွဲစဉ်တစ်လျှောက်လုံး အမှတ်စဉ် နှစ်ကြိမ်ရေတွက်ခံရပြီး တစ်ကြိမ်အနားတောင်ခဲ့ရသည့် ရွှေရာမာန်ကို သွေးသစ်ဝင်းလှိုင် အသာစီးသရေထိုးသတ်နိုင်ခဲ့သည်။


ယနေ့ကျင်းပသောပွဲစဉ်များအနက် ပရိသတ်စိတ်ဝင်စားမှုအမြင့်ဆုံး နောက်ဆုံးပွဲစဉ် စိုးလင်းဦး(ဒို့ရိုးရာ)နှင့် ဖျံသွေး(ရွှေမိုးထိငြိမ်းချမ်းရေး)တို့ ပွဲစဉ်ပထမအချီပွဲအစ ဟန်ရေးပြင်နေသဖြင့် ကြိုးဝိုင်းဒိုင်က နှစ်ကြိမ်တိုင်တိုင် သတိပေးရသည်။ တတိယအချီရောက်မှသာ ပွဲက ပိုကြည့်ကောင်းလာသည်။ စိုးလင်းဦး လက်သီး အသိမ်းအနုတ် သေသပ်သည်။ဖျံသွေးဘယ်ညာဝိုက်လက်သီး၊ ဖြောင့်လက်သီးများက ပါဝါပြင်းသော်လည်း ချက်ကောင်းမထိဖြစ်နေသည်။ ပြိုင်ဘက်နှစ်ဦးကို နောက်ဆုံးအချီထိ ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံးအနိုင် မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။ ယနေ့ကျင်းပသော လက်ဝှေ့စိန်ခေါ်ပွဲများမှာ သရေပွဲအများစုဖြစ်ခဲ့သော်လည်း အချို့တွဲဆိုင်းများမှာ ပရိသတ်အကြိုက် ပွဲစဉ်များဖြစ်ခဲ့သည်။

ယနေ့ ယှဉ်ပြိုင်သော ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ကျပ် ၅၀၀၀ တန် အမှတ်တရအကျီဝယ်ယူရုံဖြင့် လက်ဝှေ့ဝါသနာရှင်များ ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ကြည့်ရှုခွင့်ရခဲ့သည်။ **သတင်း-အောင်ကျော်ဦး**

**❋ မြန်မာမှ**

အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အမျိုးသားပရော်ဖက်ရှင်နယ်ကစားသမား ရဲထက်အောင်သည် လေးရက်ပေါင်းရိုက် ၇၁+၇၃+၇၀+၇၂=၂၈၆(+၂)ဖြင့် အဆင့်(၃၉)တွင်ရပ်တည်ခဲ့ကာ သိန်းဇော်မြင့်သည် နှစ်ရက်ပေါင်းရိုက်ချက် ၇၅+၇၀=၁၄၅(+၃)ရိုက်ပြီး Miss-Cut ဖြစ်ခဲ့သည့်အတွက် ပြိုင်ပွဲဆက်လက် ယှဉ်ပြိုင်ခွင့်ဆုံးရှုံးခဲ့ရသည်။

ယဉ်မေမျိုးသည် မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မြန်မာပြည်တွင်းပတ်လည်ပြိုင်ပွဲများမှပေါ်ထွက်လာသောကစားသမားတစ်ဦးဖြစ်ပြီး ၎င်း၏ဂေါက်သီး အားကစားအဆင့်အတန်း ပိုမိုအောင်မြင်စေရန် Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar) နှင့် စပွန်ဆာလက်မှတ်ရေးထိုးထားသည့် ဂေါက်သီးကစားသမားတစ်ဦးဖြစ်ကြောင်း သိရသည်။ ချန်ပီယံဆုရရှိခဲ့သည့် ယဉ်မေမျိုးသည် ၂၀၁၆ ခုနှစ်အတွင်းကလည်း ထိုင်းနိုင်ငံ၌ ကျင်းပသည့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး All Thailand Golf Tour ၏ Order of Merit 2016 တွင် အဆင့် (၆) နေရာ၌ ရပ်တည်နိုင်ခဲ့သလို ရဲထက်အောင်မှာမူ အဆင့် (၃၇) နေရာ၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**



**(၇၂) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒိုက်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကို ဦးစီး၍ တပ်ဖွဲ့ဝင် မိသားစုများနှင့် တပ်ဖွဲ့ဝင်ရဲမေများ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။**

ကျော်ကျော် ( IPRD )

**❋ ခွဲစိတ်ကုသမှု**

ဒီလောက်ပဲပါတယ်လိုထင်ပါတယ်။ ဆရာဝန်ကြီးတွေ ဝမ်းနည်းနေတဲ့ကြားက ကျန်ခဲ့တဲ့ သားငယ်လေးကို ပိုချစ်ပြီး ပိုဂရုစိုက်ပေးကြမယ်လို လာပြီးအားပေးကြပါတယ်” ဟု ကလေး၏ မိခင်ဖြစ်သူ ဒေါ်မာလာစန်းက ပြောသည်။

အဆိုပါသေဆုံးသွားသည့် မောင်ဝေယံငြိမ်းကို မတ် ၂၆ ရက် မွန်းလွဲပိုင်းတွင် အေးရိပ်ငြိမ်းသုသာန်သို့ သွားရောက်ပို့ဆောင် သင်္ဂြိုဟ်ပေးခဲ့ပြီး လက်ရှိတွင် ကျန်ရှိနေသော အငယ်ကလေးဖြစ်သည့် မောင်ဝေယံဟိန်းမှာ ကျန်းမာရေးအခြေနေကောင်းမွန်လျက်ရှိပြီး ရေစတင်သောက်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဆီးခုံချင်းဆက်ကလေးငယ်ကို တစ်ဦးစီဖြစ်စေရန် ၁၄ နာရီ ၃၅ မိနစ်ကြာခွဲစိတ်ခဲ့ပြီး ခွဲစိတ်ခန်းမှ ထိုည ၁၀ နာရီခွဲတွင် အထူးကုသကြပ်မတ်ဆောင်သို့ ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း မတ် ၂၄ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အထူးကုဆရာဝန်ကြီး(ခွဲစိတ်) တွဲဖက်ပါမောက္ခ ဒေါက်တာမောင်မောင်လွင်က ပြောကြားသည်။

“အရေးကြီးဆုံးဖြစ်တဲ့ တစ်ဦးချင်းစီခွဲစိတ်မှုပြီးသွားပေမယ့် အူမကြီးကတစ်ချောင်းတည်းပါတော့ လိုသလို ခွဲစိတ်ပြီး ခွဲတမ်းချပေးခဲ့တယ်။ပုံမှန်စအိုဝက ဝမ်းသွားနိုင်အောင် တစ်ယောက်ချင်းစီ ခွဲစိတ်ပေးရမှာက အနည်းဆုံးနှစ်လကြာပြီးမှခွဲစိတ်ပေးရမယ်။ စအိုဝဖောက်ပြီးသွားရင်လည်း ယာယီအလုပ်လုပ်နေရတဲ့ အူမကြီးလမ်းကြောင်း လွှဲထားတာတွေ ပြန်ကောင်းရင် ပြန်ပိတ်ပေးရဦးမယ်။မေဂျာ နှစ်ဆင့် သုံးဆင့် လုပ်ပေးဖို့ကျန်သေးတယ်။နောက်ထပ် ငါးလလောက်ဆေးရုံမှာ ပြုစုစောင့်ရှောက်ပေးရဦးမယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

ဆက်လက်လုပ်ဆောင်ရမည့် ခွဲစိတ်မှုများတွင် အရေးကြီးပြီး ကလေးငယ်များ၏ ဝှေးစေ့မှာ ပေါင်ခြံအတွင်းသားတွင် ရှိနေသဖြင့် နေရာမှန်ရောက်အောင် ခွဲစိတ်ပေးရမည်ဖြစ်ကြောင်း၊ တစ်ဦး၏ ဝှေးစေ့ နှစ်ခုကို ကပ်ပယ်အိတ်နေရာ၌ တစ်ခါတည်းနေရာချပေးနိုင်သော်လည်း တစ်ဦးတွင် တစ်လုံးတည်းသာ နေရာပေးနိုင်သေးသဖြင့် ၎င်းအတွက် ခွဲစိတ်ကုသမှုဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လောက်ကိုင်တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ကူညီမှုများပြုလုပ်ပေး

**လားရှိုး မတ် ၂၆**
ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသမှ လောက်ကိုင်တိုက်ပွဲဖြစ်စဉ်များကြောင့် တိမ်းရှောင်လာသူများရှိနေဆဲဖြစ်ရာ မတ် ၂၅ ရက်က မန်ဆူရှမ်းကျောင်းသို့ ထပ်မံရောက်ရှိလာသော တိုက်ပွဲရှောင်ပြည်သူများအား မန်ဆူရှမ်းကျောင်းဆရာတော်နှင့် ကူညီစောင့်ရှောက်ရေးအဖွဲ့က နေရာချထား၍ ကူညီစောင့်ရှောက်ပေးခဲ့ကြသည်။

ဆက်လက်၍ မန္တလေးမှတစ်ဆင့် နေရပ်ဒေသအသီးသီးသို့ သွားရောက်ကြမည့် တိုက်ပွဲရှောင်ပြည်သူများအား ထမင်းထုပ်၊ သောက်ရေသန့်ဘူးနှင့် စားသောက်စရာများကို စီစဉ်လှူဒါန်းပေးပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းကလည်း တိုက်ပွဲရှောင်တစ်ဦးလျှင် ငွေကျပ်ငါးထောင်စီ ထောက်ပံ့ကူညီပေးခဲ့ကြသည်။

အဆိုပါလောက်ကိုင်တိုက်ပွဲရှောင်ပြည်သူများနှင့်ပတ်သက်၍ လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာနန္ဒက "တိုက်ပွဲရှောင်တွေကတော့ နေ့ရောညပါ မပြတ်လာရောက်နေကြပါတယ်။ အချို့ကလည်း ခုမှထွက်လာနိုင်ကြလို့ဖြစ်ပါတယ်။ ရောက်ရှိလာသမျှ ဒုက္ခသည်တွေကို ကျန်းမာရေးကအစ စောင့်ရှောက်ကူညီပေးနေပါတယ်။ သူတို့ကို ကျွေးမွေးစောင့်ရှောက်ပေးပြီး မူလနေရပ်ဒေသတွေဆီကို ခရီးဆက်နိုင်အောင်လည်း ကားကြီးတွေနဲ့ စီစဉ်ပို့ဆောင်ပေးခဲ့ပါတယ်။ လမ်းမှာ စားဖို့၊ သုံးဖို့ကိုလည်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနဲ့ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းကူညီပေးခဲ့ကြပါတယ်။ လာရောက်သမျှ ဒုက္ခသည်မှန်သမျှကို ခွဲခြားမှုမရှိဘဲ မည်သူ့ကိုမဆို လက်ခံကူညီပေးသွားမှာပါ။ ယခုမန်ဆူရှမ်းကျောင်းမှာ တိုက်ပွဲရှောင်လက်ခံကူညီရေးစခန်း ပိတ်သွားပြီဆိုတာလည်း မဟုတ်ပါဘူး။ အချိန်ပြည့်ဖွင့်လှစ်ထားပါတယ်။ နောက်ဆုံး ဒုက္ခသည်တစ်ဦးတည်းရှိစေဦး လက်ခံကူညီပေးသွားမှာပါ။ ကျောင်းထဲမှာ အခုလည်း လောက်ကိုင်ဌာနေတိုက်ပွဲရှောင်မိသားစုတွေ မပြန်နိုင်၊ မသွားနိုင်ဘဲ သောင်တင်နေတာရှိပါတယ်။ သူတို့ကိုလည်း လောက်ကိုင်ဒေသကို မပြန်နိုင်မချင်း လက်ခံစောင့်ရှောက်သွားဖို့ စီစဉ်ထားပါတယ်"ဟု ရှင်းလင်းမိန့်ကြားတော်မူခဲ့ကြောင်း သိရသည်။

**(သီပေါကိုလတ်)**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန
နှင့်
မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
မော်လမြိုင် တက္ကသိုလ် (ဘက်စုံခန်းမ)၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၂၀၁၇ ခုနှစ် ၊ မတ်လ (၂၅၊ ၂၆၊ ၂၇ )ရက် (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
Platinum Sponsor
Dugro Aptamil
Organized by
VI mix



ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၌ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို မတ် ၆ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး နွေရာသီအခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကျောင်းမှ သင်တန်းသူ မရွှေရောင်လင်းမိသားစုက သင်တန်းသားသင်တန်းသူစုစုပေါင်း ၃၀၀ ကျော်တို့အား မတ် ၂၂ ရက် နံနက်ပိုင်းက အာဟာရမုန့်များ ကျွေးမွေးလှူဒါန်းစဉ်။

(၆၈၄)

# ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲကျင်းပ

**ကျောက်တံခါး မတ် ၂၆**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးထွန်းခင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ကျောက်တံခါးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ လာရောက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။




ကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင်သည် ပဲနွယ်ကုန်းမြို့ သံမဏိရပ်ကွက်နှင့် ခင်ကြီးစံပြကျေးရွာအုပ်စုသို့ သွားရောက်ကာ မဲစာရင်းကပ်ထားမှုနှင့် သက်သေခံမဲလက်မှတ်များကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တံခါးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်တွေ့ဆုံခဲ့သည်။

ကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင်က ကြားဖြတ် ရွေးကောက်ပွဲတွင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များမှ တာဝန်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ကျေပွန်အောင်ဆောင်ရွက်ကြရန်၊ သစ္စာရှိကြရန်၊ မဲဆန္ဒရှင်ပြည်သူများအား အိမ်တိုင်ရာရောက် သက်သေခံမဲလက်မှတ်များရရှိအောင် ဆောင်ရွက်ပေးနိုင်ရန်နှင့် ပါတီများ၊ ပြည်သူများ သံသယမဖြစ်အောင် အမြင်ရှင်းစွာနှင့် ရိုးရှင်းစွာပြောဆိုနေထိုင်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

# ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များ အခမဲ့ရယူနိုင်




# ကျေးရွာများရေရရှိသုံးစွဲနေမှု ကွင်းဆင်းစစ်ဆေး

**မြောင် မတ် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်း နွေရာသီ သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ရေအခက်အခဲရှိနိုင်သော ကျေးရွာများ၏ လက်ရှိရေသုံးစွဲနေမှုအခြေအနေများအား မြောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(၆၂၄)**



ရေ၊ မြေ ထာဝစဉ်သန့်ရှင်းစေဖို့
ကြွပ်ကြွပ်အိတ်သုံးစွဲမှု ရပ်ကြစို့

# အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများ ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်
၂၀၁၇ ခုနှစ်၊ မတ်လ ( ၂၃ )ရက်
၂၀၁၆-၂၀၁၇ ပညာသင်နှစ်
အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်း
ကြေညာခြင်း

၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

**အခြေခံပညာဦးစီးဌာန၊ ၂၀၁၇ ခုနှစ်၊ နဝမတန်း ဘက်စုံပညာထူးချွန်သူများစာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်စိုင်းပြည့်ဖြိုးမောင် | အထက-ဇီးလွန် | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မဂျာဆိုင်းထွယ် | အထက(၁)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်စိုင်းခွန်မင်း | အထက(၁)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မငွါးမီမီလေး | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်သက်ပိုင်ဦး | အထက-ဆားမှော် | မိုးကောင်း | မိုးညှင်း |
| ၆ | မရွှေရည်သက်ထွန်း | အထက(၂)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်စိုးမင်းပိုင် | စံ (ကပက) | ဗန်းမော် | ဗန်းမော် |
| ၈ | မဖူးဖူးပြည့်စုံ | အောင် (ကပက) | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်ဖုန်ဇီအောင် | အထက-ဒုတ္ထန် | ပူတာအို | ပူတာအို |
| ၁၀ | မရင်ထန်ဆန်းဇီ | အထက-ဒုတ္ထန် | ပူတာအို | ပူတာအို |
| ၁၁ | မောင်ကိုကိုဇင် | အထက(၅)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မပန်းဖြူဖြူဝင်း | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်စိုင်းညီညီ | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၄ | မနန်းရွှေရည်ဆန်း | အထက-ဘောလခဲ | ဘောလခဲ | ဘောလခဲ |
| ၁၅ | စောညာဏ်မြတ်စင် | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၆ | နန်းခိုင်မြမြဖူး | အထက(၁)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | စောစည်သူဝင်း | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၈ | မနှင်းနှင်းဝေ | အထက(၁)ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် |
| ၁၉ | မအီယန်ခွန်းတီာလ် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မောင်ဗန်ကျဲအိုအုပ် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်လာလ်ရမ်မွေး | အထက(ခွဲ)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၂ | မသဇင်ခိုင်ဝင်း | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၃ | မကီးရှိန်းအွယ် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၄ | မောင်ဟုန်းမာန် | အထက(၃)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်ကောင်းမင်းခန့် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၆ | မပန်းဝတ်ရည် | အထက(၁)မြင်းမူ | မြင်းမူ | စစ်ကိုင်း |
| ၂၇ | မောင်ထက်နိုင်လင်း | အထက(၁)မုံရွာ | မုံရွာ | မုံရွာ |
| ၂၈ | မခိုင်ရွှေစင် | ပါရမီ (ကပက) | မုံရွာ | မုံရွာ |
| ၂၉ | မောင်အောင်ဇွဲမာန် | စံတော်ဝင်(ကပက) | ဝက်လက် | ရွှေဘို |
| ၃၀ | မောင်နိုင်ထက်အောင် | အထက(၁)ကန့်ဘလူ | ကန့်ဘလူ | ရွှေဘို |
| ၃၁ | မယွန်းဆုရည်လင်း | အထက(၁)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၃၂ | မဆုငြိမ်းစံ | မြပန်းသဇင် (ကပက) | ရေဦး | ရွှေဘို |
| ၃၃ | မောင်သန့်ဇင်ထွန်း | အထက-ကနီ | ကနီ | ယင်းမာပင် |
| ၃၄ | မဟေမာန်စိုး | အထက-ကနီ | ကနီ | ယင်းမာပင် |
| ၃၅ | မောင်လှိုင်းထက်နိုင် | အထက-ထောက်ကြန့် | ကလေး | ကလေး |
| ၃၆ | မခင်နဒီစိုး | အထက(၃)ကလေး | ကလေး | ကလေး |
| ၃၇ | မောင်သူရိန်စိုး | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၈ | မောင်ခန့်ညီညီထွန်း | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၃၉ | မအိမွန်မြတ် | အထက-မိကျောင်းအင်း | ပင်လည်ဘူး | ကသာ |
| ၄၀ | မခင်စန္ဒာဝင်း | အထက-အင်းတော် | အင်းတော် | ကသာ |
| ၄၁ | မောင်ရန်မျိုးအောင် | အထက-သရောင်း | ဖောင်းပြင် | မော်လိုက် |
| ၄၂ | မဖူးသစ်ခင် | အထက-မော်လိုက် | မော်လိုက် | မော်လိုက် |
| ၄၃ | မနန်းခမ်းလွင် | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၄ | မောင်ချမ်းဘွေကျိန် | အထက(ခွဲ)နားမေတ္တာ | ခန္တီး | ခန္တီး |
| ၄၅ | မောင်ဖြိုးခန့်ကို | အထက-ကမြိုင် | သရက်ချောင်း | ထားဝယ် |
| ၄၆ | မဟန်ရေရေလင်း | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၇ | မောင်ခန့်ကို | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၈ | မဟန်နှင်းစု | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၉ | မောင်ဇင်ကို | အထက-ပုလော | ပုလော | မြိတ် |
| ၅၀ | မအိကျော့ခိုင် | အထက-ပုလော | ပုလော | မြိတ် |
| ၅၁ | မောင်ရှိုင်းမင်းခန့် | Standard (ကပက) | ပဲခူး | ပဲခူး |
| ၅၂ | မောင်ဝေယံမိုးလွင် | အထက(၁)ဒိုက်ဦး | ဒိုက်ဦး | ပဲခူး |
| ၅၃ | မဖြူစင်ဦး | အထက(၂)ပြွန်တန်ဆာ | ညောင်လေးပင် | ပဲခူး |
| ၅၄ | မမြမိုးပွင့် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၅ | မောင်အောင်ထက်ဝင်း | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၆ | မောင်ဇွဲရန်နိုင် | ဟိန်း(ကပက) | ရေတာရှည် | တောင်ငူ |
| ၅၇ | မနွေးယုယုဇွန် | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၈ | မဆုနန္ဒာထွဋ် | အထက-ကျောက်ကြီး | ကျောက်ကြီး | တောင်ငူ |
| ၅၉ | မောင်ရှိုင်းထက်သူ | အထက-သုံးဆယ် | သာယာဝတီ | သာယာဝတီ |
| ၆၀ | မောင်ရဲဝင်း | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၆၁ | မခင်ရတနာလှိုင် | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၆၂ | မဖြိုးအိန္ဒြေကျော် | အထက(ခွဲ)ဘုရင့်နောင် | ကြို့ပင်ကောက် | သာယာဝတီ |
| ၆၃ | မောင်ဘုန်းမြတ်ကိုကို | အထက-ပေါင်းတည် | ပေါင်းတည် | ပြည် |
| ၆၄ | မောင်နေကျော်သူ | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၅ | မမေသင်းကြူ | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၆ | မမိုးပွင့်ဖြူ | အထက-ညောင်စာရေး | ရွှေတောင် | ပြည် |
| ၆၇ | မောင်အောင်ခန့်မော် | အထက(၁)တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၆၈ | မောင်ရှင်းသန့်အောင် | အထက(၁)မကွေး | မကွေး | မကွေး |
| ၆၉ | မမြတ်စံပယ်အောင် | အထက(၁)တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၇၀ | မရွှေယမင်းဦး | အထက(၁)ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၇၁ | မောင်ညီညီမင်းလတ် | အထက-ပွင့်ဖြူ | ပွင့်ဖြူ | မင်းဘူး |
| ၇၂ | မသင်းစုဝေ | အထက-စေတုတ္တရာ | စေတုတ္တရာ | မင်းဘူး |
| ၇၃ | မောင်လင်းထက်အောင် | အထက(၅)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၄ | မဆုမြတ်နိုင် | အထက(ခွဲ)ကျောက်ဖူး(၁) | ရေစကြို | ပခုက္ကူ |
| ၇၅ | မောင်လင်းကျော်ဇောထွဋ် | အထက(၁)သရက် | သရက် | သရက် |
| ၇၆ | မောင်ရဲရင့်မင်းမော် | အထက(၁)အောင်လံ | အောင်လံ | သရက် |
| ၇၇ | မအေးချမ်းမြေ့ | အထက(၁)အောင်လံ | အောင်လံ | သရက် |
| ၇၈ | မအိမွန်ကျော် | အထက(ခွဲ)ကိုးပင် | ဆင်ပေါင်ဝဲ | သရက် |
| ၇၉ | မောင်ဘုန်းပြည့်လင်း | အထက-မြို့မ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၀ | မဖြိုးသန္တာထွန်း | အထက-ရေမျက်နီ | ထီးလင်း | ဂန့်ဂေါ |
| ၈၁ | မောင်မင်းထင်ကျော် | CAE (ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၂ | မောင်ပီတာအောင်ဇော်ကြူး | စံဟိန်း (ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၃ | မကြည်နူးဖြူစင် | စံဟိန်း (ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၄ | မဇင်ငြိမ်းအေး | ဆု (ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၅ | မောင်ဆက်အောင်လျှမ်း | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၆ | မလင်းလက်ခင် | စာပန်းအိမ်(ကပက) | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၇ | မောင်ရဲထက်ထွန်း | အထက-မြေငူ | တံတားဦး | ကျောက်ဆည် |
| ၈၈ | မဆုရတနာမြင့် | အထက-မြစ်သား | မြစ်သား | ကျောက်ဆည် |
| ၈၉ | မောင်လွင်ဘိုဘိုမောင် | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၀ | မတင်ချိုအေး | အထက-မင်းစု | တောင်သာ | မြင်းခြံ |
| ၉၁ | မောင်အောင်ကောင်းပြည့် | IDEA (ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၂ | မစောနန္ဒာလွင် | IDEA (ကပက) | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၉၃ | မောင်ကြယ်စင်မင်းသက် | သမာဓိ (ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၄ | မသွဲ့နှင်းဇင် | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်ဖြိုးကိုကို | အထက(၁)ရမည်းသင်း | ရမည်းသင်း | ရမည်းသင်း |
| ၉၆ | မစုစုဝေ | အထက-သိမ်ကုန်း | ရမည်းသင်း | ရမည်းသင်း |
| ၉၇ | မောင်ကောင်းခန့် | ပါရမီ (ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၉၈ | မောင်မျိုးဆွေငြိမ်း | အထက(၁)မုဒုံ | မုဒုံ | မော်လမြိုင် |
| ၉၉ | မသက်သဥ္ဇာနိုင် | အထက(၈)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၁၀၀ | မထက်ထက်ဝတ်ရည် | အထက-ချောင်းဆုံ | ချောင်းဆုံ | မော်လမြိုင် |
| ၁၀၁ | မောင်ကောင်းခန့်စိုး | အထက(၂)သထုံ | သထုံ | သထုံ |
| ၁၀၂ | မရွှန်းလဲ့ရတီမြတ် | အထက(၁)ကျိုက်ထို | ကျိုက်ထို | သထုံ |
| ၁၀၃ | မောင်ဇော်လူထက် | အထက (၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၄ | မအေးပြည့်ဖြိုး | အထက (၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်ဇွဲလင်းထက် | အထက(၁)တောင်ကုတ် | တောင်ကုတ် | သံတွဲ |
| ၁၀၆ | မရွှေစင်လင်း | အထက(ခွဲ)ငကျော်တောင် | သံတွဲ | သံတွဲ |

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၇ | မောင်မြတ်ဘုန်းဆွေ | အထက(၃)ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ |
| ၁၀၈ | မစုစုလှိုင် | အထက(၂)အမ်း | အမ်း | ကျောက်ဖြူ |
| ၁၀၉ | မောင်မျိုးသန့်ကျော် | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၁၀ | မရွှေဖြိုးအိမ် | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၁၁ | မောင်အောင်ကိုထူး | အထက(၂)မောင်တော | မောင်တော | မောင်တော |
| ၁၁၂ | မထက်အိအိစံ | အထက-ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၁၃ | မောင်ကောင်းခန့်ဇော် | အထက(၁)သယ်န်းကျွန်း | သယ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၄ | မောင်ကောင်းစည်ဖြိုး | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၅ | မောင်ချမ်းငြိမ်းကျော် | **ACA** (ကပက) | မြောက်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၆ | မနုယဉ်ဝင်း | အထက(၁)သယ်န်းကျွန်း | သယ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၇ | မခင်ချောကလျာ | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၈ | မမျူးကျော့စံ | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၉ | မောင်ဝင်းစိုးမိုး | အထက(၂)လမ်းမတော် | လမ်းမတော် | အနောက်ပိုင်း |
| ၁၂၀ | မောင်ထက်မြက်မင်းထွန်း | လေ့ကျင့်ရေးအထက်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၁ | မခြူးရွှေရည်ထက် | အထက(၂)လသာ | လသာ | အနောက်ပိုင်း |
| ၁၂၂ | မအေးဘုန်းပြည့်ချို | အထက(၂)ကမာရွတ် | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၃ | မောင်စွမ်းရည်ထက် | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၄ | မောင်မင်းခန့်ကျော် | အထက(၂)မြို့မ | တွံတေး | တောင်ပိုင်း |
| ၁၂၅ | မဖြူစင်သန့် | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မသီရိရွှေစင် | အထက(၁)ခရမ်း | ခရမ်း | တောင်ပိုင်း |
| ၁၂၇ | မောင်ရောင်နီလင်းလက် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်မျိုးသီဟချစ် | အထက-အင်းတိုင် | လှည်းကူး | မြောက်ပိုင်း |
| ၁၂၉ | မဆုဝတ်ရည် | အထက(၂)အင်းစိန် | အင်းစိန် | မြောက်ပိုင်း |
| ၁၃၀ | မမေနံ့သာဦး | အထက-လှည်းကူး | လှည်းကူး | မြောက်ပိုင်း |
| ၁၃၁ | မဆုရည်လှိုင် | အထက(၂)ကလော | ကလော | တောင်ကြီး |
| ၁၃၂ | စိုင်းစင့်စွမ်လှိုင်း | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၃ | ခွန်ဟန်သာစိုး | အထက(၁)ပင်လောင်း | ပင်လောင်း | တောင်ကြီး |
| ၁၃၄ | မနေခြည်လင်းလတ် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၅ | ခွန်ခန့်စည်သူထွန်း | အထက(၂)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | မောင်စိုင်းအုံဖုန်းမော် | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၇ | မယွန်းရွှေဇင်လင်း | အထက(ခွဲ) (၂)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မလုလုဆိုင်း | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၉ | စောသူရိန်ထူးဦး | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | မဆုနန္ဒာဝင့် | အထက-လင်းခေး | လင်ခေး | လင်းခေး |
| ၁၄၁ | မောင်ခွန်ဆိုင် | အထက(၁)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်ဇော်လင်းမောင် | အထက(၁)တန့်ယန်း | တန့်ယန်း | လားရှိုး |
| ၁၄၃ | မသင်းရန့်အေး | အထက(၁)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၄ | မမေမြတ်နိုး | အထက(၂)လောက်ကိုင် | လောက်ကိုင် | လားရှိုး |
| ၁၄၅ | စိုင်းထက်ရှိန်လင်း | အထက(၁)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၆ | မောင်အောင်လွင်ဦး | အမေ့အိမ်(ကပက)နမ့်ဆန် | နမ့်ဆန် | ကျောက်မဲ |
| ၁၄၇ | မမေမုဒ္ဒြာမိုး | အမေ့အိမ်(ကပက)နမ့်ဆန် | နမ့်ဆန် | ကျောက်မဲ |
| ၁၄၈ | မမြင့်မော်ဦး | အထက-နောင်ချို | နောင်ချို | ကျောက်မဲ |
| ၁၄၉ | မောင်အိုက်ခမ်းပွဲ | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၀ | မရွှေသဇင် | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၁ | မောင်ဇေဗေဒဲ | အထက(၃)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မစုယွန်းရွှေရည် | အထက(၂)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၃ | မောင်ပိုင်ထက်မင်း | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၄ | မောင်အောင်မြင့်မြတ် | အထက-ဟိုနား | မိုင်းဖြတ် | မိုင်းဖြတ် |
| ၁၅၅ | မစုရီထွန်း | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၆ | မနန်းဆိုင်ယုန် | အထက-မိုင်းပျဉ်း | မိုင်းပျဉ်း | မိုင်းဖြတ် |
| ၁၅၇ | မောင်ထွန်းနိုင်ဝေ | ကံ့ကော်မြိုင် (ကပက) | ကျောင်းကုန်း | ပုသိမ် |
| ၁၅၈ | မောင်ဝေယံကျော် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၅၉ | မမေသကြ်န်ဦး | အထက(၂)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၀ | မရွှေဇင်ထွဋ် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၁ | မောင်ကျော်ဇင်သန့် | အထက(၃)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၆၂ | မောင်ခေတ်စည်သူ | အထက - ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၃ | မချောစုသွယ် | ဂုဏ်ထူးပန်းခင်း(ကပက) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၄ | မဇင်လေးလေးနွယ် | အထက-အင်္ဂပူ | အင်္ဂပူ | ဟင်္သာတ |
| ၁၆၅ | မောင်ပိုင်အောင်လတ် | အထက(၁)မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၆၆ | မအိမြတ်မွန် | အထက(၁)ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၁၆၇ | မောင်ရွှေထော်ထော် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၈ | မနန်းအိဝေလွင် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၉ | မောင်ရဲထက်လူ | အထက-ဓနုဖြူ | ဓနုဖြူ | မအူပင် |
| ၁၇၀ | မသက်ယုစံ | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၁၇၁ | မောင်ကျော်ဇေယျ | အထက(၁)ကျိုက်လတ် | ကျိုက်လတ် | ဖျာပုံ |
| ၁၇၂ | မမေမြတ်နိုးဝေ | အထက(၁)ကျိုက်လတ် | ကျိုက်လတ် | ဖျာပုံ |
| ၁၇၃ | မောင်ခန့်စည်သူ | အထက(၂)ပျဉ်းမနား | ပျဉ်းမနား | ဒက္ခိဏ |
| ၁၇၄ | မအောင်ကေဇင်ဟိန်း | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၅ | မောင်ရန်ဝေတိုး | **CAE** (ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၆ | မဆုမြတ်မိုရ် | **CAE** (ကပက) | ဥတ္တရသီရိ | ဥတ္တရ |

## ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၃၇ စီး၊ သွင်းကုန် ၇၈၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၀၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်လျက်ရှိရာ မတ် ၂၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုး ကျပ် ၅ ဒသမ ၃၆၂ သန်းခန့်)ရှိသည့်အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၅ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်ကို မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Chang Beer 330ml(1×24 Can)(110)Pkgs (စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၁ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## WY စာတန်းပါ စိတ်ကြွဆေးပြား ၁၈၀၀၀၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၆**



မောင်တော မြို့နယ်အတွင်း တပ်မတော်(ရေ)မှတပ်ဖွဲ့ဝင်များသည် နယ်မြေ လုံခြုံရေးရေယာဉ်ဖြင့် ကင်းလှည့်ဆောင်ရွက်စဉ် လောင်းလှေတစ်စင်းနှင့် စိတ်ကြွမူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်မတော်(ရေ)မှ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ကင်းလှည့်စဉ် ဦးရှည်ကျချောင်းဝ အနီး၌ မတ် ၂၅ ရက် ည ၁၀ နာရီတွင် မသင်္ကာဖွယ် လောင်းလှေတစ်စင်းကိုတွေ့ရှိ၍ မီးအချက်ပြခေါ်ယူခဲ့ရာ လာရောက်ခြင်းမရှိဘဲ ထွက်ပြေးသွားခဲ့သည်။

အဆိုပါ လောင်းလှေကို ဆက်လက်ရှာဖွေရာ ည ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် ရွက်ညိုတောင်ချောင်းဝ၏ အနောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာအရောက်၌ အလျားပေ ၂၀၊ အနံ သုံးပေခန့်ရှိသော လောင်းလှေတစ်စင်းကို တွေ့ရှိ၍ သွားရောက်စစ်ဆေးရာ မသင်္ကာဖွယ် အထုပ်တစ်ထုပ်အတွင်းမှ ငွေကျပ်သိန်းပေါင်း ၃၆၀၀ တန်ဖိုးရှိ WY စာတန်းပါစိတ်ကြွဆေးပြား ၁၈၀၀၀၀ ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသော လောင်းလှေတစ်စင်းနှင့် မူးယစ်ဆေးဝါးများကို မောင်တောမြို့နယ် မူးယစ်တပ်ဖွဲ့စုသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိုးကုတ်မြို့ ဖြူရောင်ကျေးရွာ၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်

**မိုးကုတ် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ဖြူရောင်ကျေးရွာတွင် ယနေ့ နံနက် ၄ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

"ကျွန်မတို့ မီးလောင်တာကြားတာနဲ့ ကျွန်မအပါအဝင် ကြက်ခြေနီစေတနာလုပ်အားရှင် ၁၀ ဦးနဲ့အတူ မီးလောင်ပြင်ကို သွားခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရတာတော့ မရှိပါဘူး။ အခုမီးလောင်တာက မီးကြွင်းမီးကျန်ကစလောင်တာဆိုတော့ အများပြည်သူတို့အနေနဲ့ မီးကြွင်းမီးကျန်တွေမရှိစေရေးအတွက် ပိုမိုဂရုပြုကြဖို့လိုအပ်ပါမယ်။ ကျွန်မတို့ ကြက်ခြေနီ စေတနာလုပ်အားရှင်တွေ အခုအလှူငွေစုနေပါတယ်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးက ထောက်ပံ့ပေးပို့လာမယ့်ပစ္စည်းတွေအပြင် ကျွန်မတို့ ကိုယ်ပိုင်ငွေလေးတွေလည်းစုဆောင်းပြီး မီးဘေးသင့်သူတွေအတွက် ပိုမိုကူညီသွားမှာပါ"ဟု မိုးကုတ်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတပ်ရင်းမှူးမြင့်မြင့်ဦးက ပြောကြားသည်။

အဆိုပါမီးလောင်မှုကြောင့် နေအိမ်သုံးလုံးမီးလောင်ကျွမ်းခဲ့ပြီး တစ်အိမ်မှာလုံးဝပျက်စီးခဲ့သည်။ နံနက် ၅ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းခဲ့သော အဆိုပါမီးဘေးတွင် မိုးကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထူး၊ မိုးကုတ်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတပ်ရင်းမှူး မြင့်မြင့်ဦးနှင့် ကြက်ခြေနီ စေတနာလုပ်အားရှင် ၁၀ ဦးတို့က မီးဘေးသင့် အကျိုးခံစားခွင့်ရှိသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လူသားချင်းစာနာထောက်ထားသည့် ကြက်ခြေနီ၏အကူအညီများ ကြက်ခြေနီထောက်ပံ့ပစ္စည်းများနှင့် လိုအပ်သော ကြက်ခြေနီလူမှုကရုဏာ အကူအညီများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးဦး(မန္တလေး)**

## ဘာစီလိုနာမှ ချိတ်ဆက်နေသော်လည်း ပီအက်စ်ဂျီတွင်သာ ပျော်ရွှင်နေဟု ဗာရက်တီ တုံ့ပြန်

ပီအက်စ်ဂျီအသင်းကွင်းလယ်လူ ဗာရက်တီကို ကမ္ဘာ့ထိပ်တန်းကလပ်ဘာစီလိုနာမှ ကမ်းလှမ်းနေသော်လည်း ပြင်သစ်မြေတွင်သာ ပျော်ရွှင်နေသဖြင့် အသင်းပြောင်းရန် စဉ်းစားထားခြင်းမရှိဟု ကာယကံရှင်ကိုယ်တိုင်က တုံ့ပြန်လိုက်ရာ ဘာစီလိုနာအတွက် စိတ်ပျက်ဖွယ်ရာပင်ဖြစ်သည်။ ဘာစီလိုနာအသင်းက ကွင်းလယ်လူ အင်နီယေစတာနေရာတွင် အစားထိုးနိုင်မည့် ကစားသမားတစ်ဦးကို ရှာဖွေလျက်ရှိရာ လီဗာပူးကွင်းလယ်လူ ကော်တင်ဟိုနှင့် ဗာရက်တီတို့မှာ ဘာကာ၏ အဓိက ပစ်မှတ်များဖြစ်နေသည်။

ဗာရက်တီက "ဘာစီလိုနာကို ကျွန်တော်ပြောင်းမလားဆိုတော့ ပဲရစ်မြို့မှာပဲ ကျွန်တော်ပျော်နေပါတယ်။ ပြီးတော့ ပီအက်စ်ဂျီအသင်းဟာ အနာဂတ် စီမံချက်ကောင်းကောင်းရှိတဲ့ အသင်းဖြစ်ပြီး လာမယ့်ရာသီလည်း ကျွန်တော် ဒီအသင်းမှာပဲ ဆက်ရှိနေမယ်လို့ ထင်ပါတယ်" ဟု အပြောင်းအရွှေ့ ကိစ္စရပ်အပေါ် ဖြေကြားခဲ့သည်။

အစောပိုင်းက ဗာရက်တီမှာလာမည့်နွေတွင် ဘာစီလိုနာသို့ ပြောင်းရွှေ့တော့မည်ဟု သတင်းများထွက်နေခဲ့သည့်အတွက် ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းက ဘာကာအတွက် အဓိက ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

ဗာရက်တီ၏အေးဂျင့်ဖြစ်သူ ကမ်ပလီက "သူဟာ ငွေကြေးထက်အောင်မြင်မှုကို ပိုပြီးအလိုရှိသူပါ။ သူ့လိုကစားသမားမျိုးကို ဘယ်အသင်းကမဆို သူလိုချင်တဲ့ လစာနှုန်းထားမျိုးပေးချေဖို့ အသင့်ရှိနေမှာပါ။ ဒါကြောင့် သူဟာ အသင်းပြောင်းမယ်ဆိုလည်း ဒီအသင်းရဲ့ အောင်မြင်မှု အခြေအနေပေါ်ကိုသာ မူတည် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်" ဟု မတင်မကျအဖြေပေးခဲ့ရာ ဗာရက်တီ အသင်းပြောင်းမည်လား၊ ပီအက်စ်ဂျီတွင်ဆက်နေမည်လားဆိုသည်ကို ပရိသတ်များအတွက် ဇဝေဇဝါဖြစ်စေခဲ့သည်။

ထို့ပြင် ဘာစီလိုနာအသင်းကို အရေးနိမ့်ခဲ့သည့် ချန်ပီယံလိဂ် ပွဲစဉ်အပြီးတွင်လည်း ဗာရက်တီက ဘာစီလိုနာအသင်းမှာ သူ့အတွက် ကြောက်လန့်ဖွယ်အကောင်းဆုံး ညကို ဖန်တီးပေးခဲ့သည်ဟု ဆိုခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်း၏ ချန်ပီယံလိဂ်တိုးပေါက်နိုင်မှု အဆင့်ကို ဗာရက်တီ စိတ်ပျက်နေပြီဟု သတင်းများထွက်လာခဲ့သည်။ သို့သော် ဗာရက်တီနှင့် ပီအက်စ်ဂျီအသင်းတို့ လက်ရှိချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၁ခုနှစ်အထိရှိနေရာ အပြောင်းအရွှေ့ကိစ္စရပ်မှာ ရှုပ်ရှုပ်ထွေးထွေး အခြေအနေဖြစ်နေသည်။



မေလှဲ့သင်း-စုစည်းသည်

## မိုနာကိုမှ မက်ပီ အလျင်စလို မထွက်ခွာသင့်ဟု ဘင်ဇီမာ အကြံပြု




တိုက်စစ်မှူး မက်ပီကို ဥရောပ ကလပ်အသင်းကြီးများစွာမှ အလိုရှိနေသော်လည်း လက်ရှိကလပ်အသင်း မိုနာကိုမှ အလျင်စလို ထွက်ခွာရန်မဆုံးဖြတ်သင့်ဟု ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာက အကြံပြုစကားဆိုလိုက်သည်။ သို့သော် ဘင်ဇီမာက မက်ပီ၏ ကစားပုံကို တစ်ကြိမ်တစ်ခါမျှ ကြည့်ရှုဖူးခြင်းမရှိသည်ကို ဝန်ခံပြောကြားလိုက်သည်။ အသက်(၁၈)နှစ်သာ ရှိသေးသော မက်ပီမှာ ပြင်သစ်လက်ရွေးစင်အသင်းအတွက် ခေါ်ယူခံထားရပြီး သူ၏ တန်ဖိုးကို ပေါင်သန်း ၁၂၀ကျော်အဖြစ် ကမ္ဘာ့ဘောလုံးဈေးကွက် သုံးသပ်သူများက ယူဆသည်။

မန်စီးတီးနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ် ပွဲစဉ်နောက်ပိုင်း မက်ပီ၏ ခြေစွမ်းပိုင်းအပေါ် ဥရောပကလပ်အသင်းကြီးများက စိတ်ဝင်စားလာကြခြင်းဖြစ်သည်။ သို့သော် ဘင်ဇီမာကလည်း မက်ပီအရွယ်ကတည်းကပင် ဥရောပအသင်းကြီးများစွာ၏ စိတ်ဝင်တစား စောင့်ကြည့်မှုခံခဲ့ရသော်လည်း အသက်(၂၁)နှစ်အရွယ်မှပင် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ရာ မက်ပီလည်း မိမိကဲ့သို့ ဆုံးဖြတ်နိုင်ရန် မျှော်လင့်ကြောင်း ဆိုခဲ့သည်။

ဘင်ဇီမာက" ရိုးရိုးသားသား ဝန်ခံရရင် အခုထိကျွန်တော်သူကစားတာကို တစ်ခါမှ မကြည့်ဖူးသေးပါဘူး။ ဒါပေမယ့် လူတွေပြောစကားအရ သူဟာ အတော်ကောင်းတဲ့ ကစားသမားဖြစ်ပြီး သူ့ရဲ့ အသက်မွေးဝမ်းကြောင်းမှု တစ်ဆင့်ခြင်း တိုးတက်လာမယ်လို့ မျှော်လင့်မိပါတယ်။ ဘောလုံးလောကဆိုတာ အသင်းကြီးတွေမှာ ကစားရင် ပိုခက်ခဲပါတယ်။ ကျွန်တော်ဟာ လိုင်ယွန် အသင်းမှာအရာအားလုံး စွမ်းဆောင်နိုင်ခဲ့ပြီလို့ ယူဆချိန် အသက်(၂၁) နှစ်ရောက်မှ ရီးယဲလ်ကို ပြောင်းရွှေ့ခဲ့တာပါ။ ဒါတောင် ကျွန်တော့်ရဲ့ ပထမတစ်နှစ်တာ ကာလကအတော်လေး ခက်ခဲခဲ့တာကြုံတွေ့ခဲ့ရပါတယ်။"ဟု ပြင်သစ်မီဒီယာ အာရ်အမ်စီသို့ ပြောကြားခဲ့သည်။

## ဘူလ်ဂေးရီးယားအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် သူ၏ အနာဂတ်ကို ပြန်လည်စဉ်းစားရတော့မည်ဖြစ်ကြောင်း နယ်သာလန်နည်းပြ ဒန်နီဘလိုင်းဆို

ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင် နယ်သာလန်အသင်းက ဘူလ်ဂေးရီးယားအသင်းကို နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ပြီးနောက် သူ၏ အနာဂတ်ကို ပြန်လည် သုံးသပ်တော့မည်ဖြစ်ကြောင်း နယ်သာလန်နည်းပြဒန်နီဘလိုင်းက ပြောကြားခဲ့သည်။ နယ်သာလန်အသင်း ပုံမှန် အသုံးပြုနေသည့် ခံစစ်နေရာတွင် အဓိကကစားသမားများ ဒဏ်ရာရရှိနေမှုကြောင့် အသက်(၁၇)နှစ်သာ ရှိသေးသည့် အေဂျက်စ်နောက်ခံလူ ဒီလိုက်ကို ရွေးချယ်ခဲ့သည့် အတွက် နောက်တန်းခံစစ်ပိုင်း အားနည်းသွားခဲ့ကာ ဘူလ်ဂေးရီးယားအသင်းဘက်ကို လွယ်လွယ်ကူကူပင် ဂိုးသွင်းခွင့် ပြုခဲ့ရသည်။

နယ်သာလန်အသင်းသည် ၂၀၁၆ ယူရိုဖလားပြိုင်ပွဲတွင်လည်း ခြေစစ်ပွဲမအောင်မြင်ခဲ့သလို ယခု ကမ္ဘာ့ဖလား ခြေစစ်ပွဲအုပ်စု(A)တွင်လည်း ပြင်သစ်၊ဆွီဒင်၊ ဘူလ်ဂေးရီးယားတို့နောက် စတုတ္ထနေရာအထိ ရောက်ရှိနေသဖြင့် ခြေစစ်ပွဲအောင်ရန် ခက်ခဲနေသည့် အနေအထားဆိုက်ရောက်နေသည်။ ဘလိုင်းက နယ်သာလန်အသင်း အခွင့်အရေးကောင်းများ မဖန်တီးနိုင်သလို ကစားသမားရွေးချယ်မှု အပိုင်းတွင်လည်း မှားယွင်းမှုများရှိခဲ့သည်ကိုမူ ဝန်ခံခဲ့သည်။

## အာဆင်နယ်အသင်းသို့ ပြန်လာရန် အသင့်ဖြစ်နေပြီဖြစ်တဲ့ ဂျက်ဝီရှိုင်းယား




လာမယ့်နွေမှာ အာဆင်နယ်ကနေ မီဆပ်အိုဇေးလ်ထွက်ခွာဖို့သေချာသလောက်ရှိနေတာကြောင့် ဝီရှိုင်းယားရဲ့ အာဆင်နယ်အပြန်ခရီးလည်း ပိုမိုနီးကပ်လာပြီလို့ သတ်မှတ်ရတော့မှာဖြစ်ပါတယ်။ အာဆင်နယ်ကနေ ဘုန်းမောက်အသင်းကို အငှားနဲ့ ထွက်ကစားနေတဲ့ ဂျက်ဝီရှိုင်းယားက သူဟာအခုထိအာဆင်နယ်အသင်းအတွက် အကောင်းဆုံး ကစားပေးနိုင်ဆဲဖြစ်တယ်ဆိုတာကို ဘုန်းမောက်အသင်းမှာ ပြသတဲ့ခြေစွမ်းနဲ့ သက်သေခံနိုင်ခဲ့သူပါ။

သူဟာ အသက်(၉)နှစ်အရွယ်ကတည်းက အာဆင်နယ်အသင်းနဲ့ ပူးပေါင်းခဲ့သူဖြစ်ပြီး အာဆင်နယ်အသင်းကြီးအတွက် အသက်(၁၆)နှစ် ၂၅၆ ရက်အရွယ်မှာ စတင်ဝင်ရောက်ကစားခွင့်ရခဲ့သူဖြစ်ပါတယ်။ သူဟာ ကွင်းလယ်ပိုင်းကို လွှမ်းမိုးကစားနိုင်တဲ့ ကစားသမား တစ်ဦးဖြစ်တယ်ဆိုတာသေချာပေမယ့် ခြေချင်းဝတ်ရိုးကျိုး၊ခြေထောက်အရိုးကျိုးနဲ့ ခြေချင်းဝတ်အရွတ်ကြော စုတ်ပြဲဒဏ်ရာတွေကြောင့် မကြာခဏကာလကြာရှည် အနားယူနေရသူဖြစ်ပါတယ်။ သူဟာ ဒဏ်ရာပြဿနာတွေ ဆက်တိုက်ကြုံတွေ့လာရမှုအပြင် အိုဇေးလ်ကို ကလပ်အသင်းရဲ့ စံချိန်တင်ပြောင်းရွှေ့ ကြေးနဲ့ ခေါ်ယူခဲ့တာကြောင့်လည်း အာဆင်နယ်အသင်းကြီးအတွက် ဝင်ရောက်ကစားခွင့်ရတဲ့ ခြောက်နှစ်တာကာလ အတွင်းမှာလည်း တစ်နှစ်ခွဲကာလလောက်သာ ပုံမှန်ပွဲထွက်နိုင်ခဲ့တဲ့ အခြေအနေ ကြုံတွေ့ခဲ့ရပါတယ်။

ဒဏ်ရာပြဿနာ ကြုံတွေ့ရတဲ့ ကာလအတွင်း အာဆင်နယ်က သူ့ကိုရောင်းချတော့မယ်လို့ သတင်းတွေ ထွက်ခဲ့ပေမယ့် သူကတော့ အာဆင်နယ်ဟာ သူ့ဘဝရဲ့တစ်ခုတည်းသော ကလပ်အသင်းဖြစ်တာကြောင့် ကလပ်အသင်းက သူ့ကိုမရောင်းချဖို့ မျှော်လင့်ကြောင်း လူသိရှင်ကြားပြောကြားခဲ့ဖူးသူဖြစ်ပါတယ်။ ဒါပေမယ့်စိစစ်မကောင်းစွာနဲ့ပဲ အာဆင်နယ် ကွင်းလယ်နေရာတစ်နေရာအတွက် နေရာရရှိဖို့ မသေချာတော့တာကြောင့် ပြီးခဲ့တဲ့ဩဂုတ်လမှာ ဘုန်းမောက်အသင်းကို ထွက်ပြီး အငှားနဲ့ ကစားခဲ့ရပါတယ်။ ဘုန်းမောက်မှာ ကစားနေတဲ့ကာလအတွင်း အပြောင်မြောက်ဆုံး မဟုတ်ရင်တောင် သူပါရင်ကွင်းလယ်ပိုင်း သက်ရောက်မှု ရှိတယ်ဆိုတာကို သက်သေပြသနိုင်ခဲ့ပါတယ်။

တစ်ဖက်မှာလည်း အာဆင်နယ်ရဲ့ စူပါစတား အိုဇေးလ်က တံကောက်ကြောဒဏ်ရာ၊ ဖျားနာနေတယ်ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ယခုနှစ်ဘောလုံးရာသီ ပွဲစဉ်တွေမှာ ဝင်ရောက်ကစားဖို့ မကြာခဏပျက်ကွက်နေတာကြောင့် အိုဇေးလ် လာမယ့်နွေ အာဆင်နယ်ကနေ မထွက်ခွာရင်တောင် ဝီရှိုင်းယားကိုတော့ ဝင်းဂါးသေချာပေါက် ပြန်ခေါ် ပါလိမ့်မယ်။ အိုဇေးလ်က သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖို့ ငြင်းဆန်နေတဲ့ အချိန် ကာဇိုလာကလည်း ဒဏ်ရာပြဿနာနဲ့ ကာလရှည် အနားယူနေရတာကြောင့် ဒီတစ်ကြိမ်တော့ ဝီရှိုင်းယားဘက်ကို ကံတရားက မျက်နှာသာပေးနေတယ်လို့ ဆိုရလေမလား။ ဒါပေမယ့် အိုဇေးလ်ကလည်း မကြာသေးခင်ကပဲ သူဟာလန်ဒန်မြို့မှာ ပျော်ရွှင်နေတယ်လို့ ပြောကြားခဲ့တာကြောင့် အာဆင်နယ်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ထပ်တိုးချုပ်ဆိုဦးမလားဆိုတဲ့ မျှော်လင့် ချက်တွေလည်း ရှင်သန်နေပါတယ်။ လက်ရှိ ဝင်းဂါးအဓိက ကျင့်သုံးနေတဲ့ ၄-၂-၃-၁ဗျူဟာကို ဝီရှိုင်းယားအကောင်းဆုံး အံဝင်အောင် ကစားနိုင်တယ်ဆိုတာ အင်္ဂလန်လက်ရွေးစင်အသင်းမှာ သက်သေပြခဲ့ပြီးဖြစ်ပါတယ်။

ဝင်းဂါးကတော့ ဝီရှိုင်းယားကို ဘုန်းမောက်မှာ အငှားချထားတဲ့ ကာလအတွင်း ဒီကစားသမားကို စာချုပ်သက်တမ်းတိုးမြှင့်ဖို့ အမြန်ဆုံးပြင်ဆင်မယ်လို့ ပြောကြားခဲ့ပေမယ့် တကယ်တမ်းကျ လာရောက်ဆွေးနွေးမှုမရှိဘူးလို့ သိရပါတယ်။ ဒါကြောင့် ဝင်းဂါးရဲ့ ဝီရှိုင်းယားအပေါ် တန်ဖိုးထားမှုအပေါ် မေးခွန်းထုတ်စရာ ကောင်းပေမယ့် အာဆင်နယ်ရဲ့ လက်ရှိကွင်းလယ်အင်အားမှာတော့ ဝီရှိုင်းယား လိုအပ်နေတာ အမှန်ပဲ ဖြစ်ပါတယ်။ ချိန်ဘာလိန်၊ အိုဇေးလ်၊ ဆန်းချက်ဇ်၊ ဆက်ဇနီနဲ့ ကီရန်ဂစ်ဘ်စ်တို့ အနာဂတ် မတည်မငြိမ်ဖြစ်နေတာကြောင့် အာဆင်နယ်ဟာ လက်ကျန်ကစားသမားအင်အားကိုတော့ ဆက်ထိန်းဖို့တော့ ကြိုးစားမှာပါ။

ဒါ့အပြင် ဝီရှိုင်းယားရဲ့ ကျောနံပါတ်(၁၀)ကို အိုဇေးလ်က ဝတ်ဆင်ခွင့်ရဖို့ တောင်းဆိုတဲ့အချိန် ဝင်းဂါးက မသိကျိုးကျွန်ပြုနေခဲ့ပြီး ဝီရှိုင်းယားဟာ အာဆင်နယ်ရဲ့ အစိတ်အပိုင်းအဖြစ်ဆက်ရှိနေဆဲ ကစားသမားဖြစ်တယ်လို့ တုံ့ပြန်ခဲ့သလို အာဆင်နယ်အသင်းရလဒ်ဆိုးတွေ ကြုံတွေ့ချိန်မှာ ဝင်းဂါးက သူ့အနေနဲ့ ဝီရှိုင်းယားကို အငှားချကစားခဲ့တဲ့ ဆုံးဖြတ်ချက်ဟာ မှားယွင်းမှုတစ်ခုဖြစ်ခဲ့တယ်လို့ ဝန်ခံခဲ့တာကြောင့် ဝီရှိုင်းယားရဲ့ အာဆင်နယ်အပြန်ခရီးဟာ တစ်နေ့ထက်တစ်နေ့ပိုမိုနီးစပ်လာပြီလို့ သေချာတဲ့ ကိစ္စတစ်ရပ်လို့ ဆိုရတော့မှာ ဖြစ်ပါတယ်။

# ကောလာဟလတွေကြားက ဟောလီဝုဒ်ကြယ်ပွင့်များ

**ယခုသီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလီဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေထဲက စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်တွေအတွက် ရွေးချယ်ဖော်ပြလိုက်ပါတယ်။**

## အကောင်းဆုံးသူငယ်ချင်းပါ



တစ်ချိန်က ဟောလီဝုဒ်ရဲ့ ကျော်ကြားတဲ့ ဂီတကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်ခဲ့တဲ့ တေးရေး၊ တေးဆိုတစ်ဦးအဖြစ်အောင်မြင်ခဲ့သူ မက်ခ်အန်ထော်နီနဲ့ ပေါ့ပ်တေးသံရှင် ဂျနီဖာလိုပက်ဇ်တို့ဟာ ယခုနှစ်အစပိုင်းမှာ ပြန်လည်ရင်းနှီးလာတဲ့ ဆက်ဆံရေးကြောင့် ပြန်လည်လက်တွဲနေပြီလား၊ ထူးခြားတဲ့ဆက်ဆံရေးများ ရှိနေလားဆိုတဲ့ ဝေဖန်သံတွေကို ဖြစ်စေခဲ့ပါတယ်။ လတ်တလောမှာတော့ ဒီအသံတွေနဲ့ပတ်သက်ပြီး ကာယကံရှင်တစ်ဦးဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်က သူတို့အချစ်ဟောင်းနှစ်ဦးဟာ အများဝေဖန်ကြသလိုမဟုတ်ကြောင်းနဲ့ အလွန်ကိုချစ်ခင်ကြတဲ့ သူငယ်ချင်းကောင်းတွေအဖြစ်သာ ရပ်တည်နေကြတာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တယ်လို့ ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကွာရှင်းပြတ်စဲခဲ့ကြပြီးနောက် လက်ရှိမှာ အမြွှာရင်သွေးလေးနှစ်ဦးဖြစ်ကြတဲ့ အမ်မီနဲ့မက်ဇ်တို့ကို ကိုးနှစ်ကျော်ကြာ အုပ်ထိန်းသူမိဘတွေအဖြစ် အတူလက်တွဲလာခဲ့ကြတဲ့ မက်ခ်အန်ထော်နီနဲ့ ဂျနီဖာလိုပက်ဇ်တို့ဟာ တေးဂီတလုပ်ငန်းတွေမှာလည်း အတူတွဲဖက်လုပ်ဆောင်ကြရင်း ပြင်သစ်တေးအယ်လ်ဘမ်တစ်ခုကိုလည်း ပူးပေါင်းထုတ်လုပ်ဖို့ စီစဉ်နေကြပါတယ်။ ယခုသီတင်းပတ်အတွင်း ပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးတစ်ခုမှာ ဂျနီဖာက လတ်တလောအနုပညာလှုပ်ရှားမှုတွေနဲ့အတူ မက်ခ်အန်ထော်နီနဲ့ သူ့ရဲ့ကောလာဟလတွေနဲ့ပတ်သက်ပြီး ယခုလို ဖြေကြားပေးခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဇာတ်လမ်းဟောင်းတစ်ခုကို ပြန်စနေတာလားဆိုတဲ့ ကောလာဟလတွေကို ဂျနီဖာလိုပက်ဇ်က "ကောလာဟလတွေဟာ ကျွန်မတို့အကြားက ဆက်ဆံရေးကို အကူအညီပေးနိုင်ခဲ့ပြီး ရှုယင်းစွဲဆက်ဆံရေးထက်ပိုမိုကောင်းလာစေပါတယ်" လို့ ဆိုပါတယ်။ ဒ့ါအပြင် သူက အကောင်းဆုံးသူငယ်ချင်းတွေအဖြစ် ရပ်တည်နေကြရုံသာမက တကယ်ကိုကောင်းမွန်တဲ့အခြေအနေမှာ ရှိနေကြောင်းလည်း ဆိုခဲ့ပါတယ်။

လတ်တလောမှာ အသက် (၄၇)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျနီဖာက မိဘနှစ်ပါးအနေနဲ့ ယခုလိုအဆင်ပြေကာ အလုပ်တွေအတူတူလုပ်ရင်း အတူတူရှိနေကြတာကို တွေ့မြင်ရတာဟာ သူတို့ရဲ့ ရင်သွေးလေးတွေအတွက်လည်း တကယ်ကို ကောင်းမွန်တဲ့အခြေအနေတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဂျနီဖာအနေနဲ့ သူ့ထက် အသက်တစ်နှစ်ခန့်သာပိုကြီးတဲ့ မက်ခ်အန်ထော်နီနဲ့ နောက်တစ်ကြိမ်လက်ထပ်ဖြစ်ဦးမှာလားဆိုတဲ့မေးခွန်းကိုတော့ ငြင်းဆိုခဲ့ကာ လက်ရှိအခြေအနေကသာ နှစ်ဦးစလုံးအတွက်အကောင်းဆုံးဖြစ်ကြောင်းနဲ့ ရေ့လျှောက် အမြဲသူငယ်ချင်းကောင်းတွေအဖြစ်သာ ရှိသွားမှာဖြစ်ကြောင်းလည်း ဖြေကြားခဲ့တယ်လို့ သိရပါတယ်။

❑

## ဆယ်စုနှစ်တစ်စုအကြာက အသည်းကွဲဇာတ်လမ်းတစ်ပုဒ်

ဟောလီဝုဒ်သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်တဲ့ ဇက်အက်ဖရွန်ဟာ တက်သစ်စမော်ဒယ်လ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ပဲရစ်ဂျက်ဆင်ရဲ့ အသည်းကို တစ်ခါကခွဲခဲ့ဖူးကြောင်း ပဲရစ်ဂျက်ဆင်က လတ်တလောမှာ အင်တာဗျူးတစ်ခုအတွင်း ဖွင့်ဟပြောကြားလာခဲ့ပါတယ်။ အဲဒီအသည်းကွဲဇာတ်လမ်းဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ခန့်က ဖြစ်ခဲ့တာဖြစ်တယ်လို့လည်း ပဲရစ်ဂျက်ဆင်က ဆိုခဲ့တာကြောင့် ဒီဇာတ်လမ်းကိုတော့ ဆယ်စုနှစ်တစ်စုအကြာက အသည်းကွဲဇာတ်လမ်းတစ်ပုဒ်လို့ တင်စားလိုက်ရပါတယ်။

ပေါ့ပ်တေးဂီတရဲ့နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ မိုက်ကယ်လ်ဂျက်ဆင်ရဲ့ သမီးဖြစ်သူ ပဲရစ်ဂျက်ဆက်က သူနဲ့ ဇက်တို့ရဲ့ဇာတ်လမ်းဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ခန့်က ဇက်ခေါင်းဆောင်ပါဝင်ထားတဲ့ရုပ်ရှင် "High School Musical"အတွက် တေးဂီတဖျော်ဖြေပွဲကျင်းပချိန်က စတင်ခဲ့တာဖြစ်တယ်လို့လည်း အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။

ပဲရစ်ဂျက်ဆင်အတွက် ပထမဆုံးသောတေးဂီတဖျော်ဖြေပွဲအဖြစ် "High School Musical Live"ဖျော်ဖြေပွဲကို သွားရောက်ကြည့်ရှုခဲ့ရကြောင်း၊ ဒီလိုကြည့်ရှုခဲ့တာဟာလည်း ခေါင်းဆောင်မင်းသားဖြစ်တဲ့ ဇက်ကို တွေ့လိုတဲ့အတွက်ဖြစ်ကြောင်းနဲ့ ဖျော်ဖြေပွဲမှာ အခြားသောရုပ်ရှင်ကို ရိုက်ကူးနေရတဲ့အတွက် ဇက်အနေနဲ့ ပါဝင်ဖျော်ဖြေနိုင်ခြင်းမရှိတာကို သိလိုက်ရချိန်မှာ စိတ်ထိခိုက်ရကာ အသည်းကွဲတဲ့ဝေဒနာကို ခံစားခဲ့ရကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



ဒီဇာတ်လမ်းနဲ့ပတ်သက်ပြီး ပဲရစ်ဂျက်ဆင်က "ဖျော်ဖြေပွဲမှာ ဇက်အက်ဖရွန် ပါဝင်ဖျော်ဖြေနိုင်ခြင်းမရှိတာကို သိလိုက်ရတဲ့အချိန်မှာ ကျွန်မတကယ်ကို စိတ်ပျက်သွားခဲ့တယ်။ သူရှိမနေတာဟာ ကျွန်မအတွက်တော့ ဘဝမှာ စိတ်အပျက်ရဆုံး၊ စိတ်ဓာတ်အကျရဆုံး အဖြစ်အပျက် ဖြစ်ခဲ့တယ်။ အလားတူအသည်းကွဲတဲ့ခံစားချက်ကို အပြင်းထန်ဆုံးခံစားလိုက်ရတဲ့အချိန်လည်းဖြစ်ပါတယ်"လို့ အင်တာဗျူးမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

ဒ့ါအပြင် ပဲရစ်ဂျက်ဆင်က ဖျော်ဖြေပွဲမှာ ဇက်ရဲ့နေရာမှာ အခြားသောကောင်လေးတွေနဲ့ အစားထိုးဖျော်ဖြေနေတာကို ကြည့်ခဲ့ရတာ စိတ်အပျက်ဆုံးဖြစ်ခဲ့ပြီး အဲဒီအချိန်မှာတော့ အသက် (၁၀)နှစ်အရွယ်အသည်းကွဲနေတဲ့ ကောင်မလေးတစ်ဦးဖြစ်ခဲ့တယ်လို့လည်း ပြောကြားခဲ့ကြောင်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

## ပါ့ခ်မင်ယောင်း၊ လီဂျင်ဝတ်ခ်နဲ့ ဂျင်ဂိုတို့ရဲ့ ရုပ်ရှင်သစ် "Queen For 7 Days"

လတ်တလောမှာ ရိုက်ကူးလျက်ရှိကြောင်း ထုတ်ဖော်ပြောကြားလာတဲ့ ရုပ်ရှင်သစ်တစ်ကားကတော့ ပရိသတ်အများကို အထူးစိတ်ဝင်စားစေခဲ့ပါတယ်။ အကြောင်းကတော့ ယင်းရုပ်ရှင်မှာ တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသား၊ မင်းသမီးတွေ ခေါင်းဆောင်ပါဝင်ထားကြတဲ့အတွက်ဖြစ်ပြီး ရုပ်ရှင်ရဲ့အမည်ကိုတော့ " Queen For 7 Days "လို့ ပေးထားတာဖြစ်ပါတယ်။

ရုပ်သံဇာတ်လမ်းတွဲ ရုပ်ရှင်အမျိုးအစားဖြစ်တဲ့ " Queen For 7 Days "ကို တောင်ကိုရီးယားရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ KBS 2TVမှ ရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပြီး အဓိကဇာတ်ဆောင်တွေအဖြစ် မင်းသမီး ပါ့ခ်မင်ယောင်း မင်းသား လီဂျင်ဝတ်ခ်နဲ့ ဂျင်ဂိုတို့က ပါဝင်သရုပ်ဆောင်ထားကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ရုပ်ရှင်ဇာတ်လမ်းတွဲပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသမီး ပါ့ခ်မင်ယောင်းကတော့ ယခုရုပ်ရှင်မှာ ခုနစ်ရက်ကြာ ထီးနန်းစိုးစံခွင့်ရခဲ့တဲ့ တောင်ကိုရီးယားဘုရင်မ ဒန်ယွန်းအဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။ ယင်းဇာတ်ကောင်ဟာ ဘုရင်ရဲ့ အလေးပေးခြင်းခံရတဲ့ အာဏာရှိသူတစ်ဦးရဲ့ သမီးဖြစ်ပြီး သူချစ်မြတ်နိုးသူတစ်ဦးကိုလက်ထပ်ကာ သာမန်ဘဝမှာသာ နေထိုင်လိုတဲ့ သူတစ်ဦးဖြစ်တယ်လို့လည်း သိရပါတယ်။

ခေါင်းဆောင်မင်းသား လီဂျင်ဝတ်ခ်ကတော့ တော်ဝင်သွေးမှ မွေးဖွားလာကာ စစ်သူကြီးတစ်ဦးဖြစ်တဲ့ ဂျင်ဆောင်းအဖြစ် ပါဝင်ထားပြီး ဘာကိုမျှစွမ်းဆောင်နိုင်ခြင်းမရှိဘဲ တိတ်ဆိတ်တဲ့ဘဝမှာ နေထိုင်နေရပေမယ့် လက်ရှိဘဝလို ရှင်သန်လိုစိတ်မရှိသူလည်း ဖြစ်ပါတယ်။ သူ့ရဲ့အစ်ကိုဖြစ်သူ ယွန်းဆန်ဂန်းကို လက်တုံ့ပြန်လိုပြီး ထီးနန်းမှ ဖြုတ်ချဖို့ ဆန္ဒရှိနေသူလည်းဖြစ်ကာ မင်းသမီးရှင်ချေယွန်းကို ချစ်မြတ်နိုးမိနေသူလည်း ဖြစ်ပါတယ်။ လတ်တလောရိုက်ကူးလျက်ရှိတဲ့ ရုပ်ရှင်ဟာ လီဂျင်ဝတ်ခ်အတွက် ပထမဆုံးပါဝင်သရုပ်ဆောင်ခွင့်ရခဲ့တဲ့ အလယ်ခေတ်ဇာတ်လမ်းတစ်ခုဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ နှစ်အတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ တောင်ကိုရီးယားရဲ့ အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Descendants of the Sun"မှာ တပ်ကြပ်ကြီး စိုးဒယ်ယောင်းအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကာ ရုပ်ရှင်ရဲ့ အောင်မြင်မှုနဲ့အတူ ကျော်ကြားလာခဲ့တဲ့ ဂျင်ဂိုကတော့ "Queen For 7 Days"မှာ ဧကရာဇ်တစ်ပါးအဖြစ် မွေးဖွားလာခဲ့စဉ်ကတည်းက အရာရာကို ပိုင်စိုးရသူ ယွန်းဆန်ဂန်းအဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။ စိတ်ရှိတိုင်း အလုံးစုံပြည့်စုံနေပေမယ့် အချစ်ရေးမှာတော့ ကံခေသူတစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဂျင်ဂိုဟာ လွန်ခဲ့တဲ့ ငါးလခန့်က ထုတ်လွှင့်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Night Light"မှာလည်း ပါဝင်သရုပ်ဆောင်ထားပါတယ်။



"Queen For 7 Days" ရုပ်ရှင်မှာ ဇာတ်လမ်းအပိုင်းပေါင်း ၂၀ ပိုင်း ပါဝင်မှာဖြစ်ပြီး လာမယ့် မတ် ၃၁ ရက်မှာ စတင်ရုံတင်သွားမှာဖြစ်ကြောင်း သိရပါတယ်။

# အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စီစဉ်

**မန္တလေး မတ် ၂၆**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (MCDC) က အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ယင်းဌာန ကော်မတီဝင် ဦးကျော်ဆန်းမြင့်ထံမှ သိရသည်။

"အမှိုက်ကနေ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ အခုလောလောဆယ်မှာ အမှိုက်ကိုအိတ်နဲ့စွန့်ပစ်တတ်အောင် စတင်လုပ်ဆောင်နေပြီးတော့ အစို၊ အခြောက်ခွဲပြီးပစ်တတ်တဲ့စနစ်ကို လေ့ကျင့်ပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

ဆက်လက်၍ ၎င်းက "နိုင်ငံခြားကုမ္ပဏီတွေ လေး၊ ငါးခုလောက်က ရင်နှီးမြှုပ်နှံဖို့ လာရောက်ကမ်းလှမ်းထားပါတယ်။ ပရိုဂျက်တာတွေနဲ့ သူတို့ရဲ့လုပ်ဆောင်ချက်တွေကို မြို့တော်ဝန်ဆီ လာရောက်ပြသတဲ့အခါ ကျွန်တော်တို့လည်း ကြည့်ဖြစ်ပါတယ်။ အားသာချက်တွေရှိသလို အားနည်းချက်လေးတွေလည်း တွေ့ရပါတယ်။ ဘယ်ကုမ္ပဏီနဲ့ လုပ်ဖြစ်မယ်ဆိုတာတော့ ရွေးချယ်စိစစ်တုန်းပါ။ လာမယ့်နှစ်လောက်တော့ အကောင်အထည်ဖော်ဖြစ်မယ်ထင်ပါတယ်" ဟု ပြောကြားသည်။

မန္တလေးမြို့တော်အတွင်းရှိ မြို့နယ်ခြောက်ခုတွင် အောင်မြေသာစံ၊ ချမ်းအေးသာစံနှင့် မဟာအောင်မြေမြို့နယ်တို့မှ အမှိုက်တန်ချိန် ၅၀၀ ကျော်ထွက်ရှိပြီး ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်နှင့် အမရပူရမြို့နယ်တို့မှလည်း အမှိုက်တန်ချိန် ၃၅၀ ကျော်ထွက်ရှိလျက်ရှိရာ နေ့စဉ်အမှိုက်ထွက်ရှိမှုတန်ချိန်မှာ ၈၄၀ ခန့်ထွက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန၏ မှတ်တမ်းများအရ သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုအတွက် ကိုရီးယား၊ ဂျပန်၊ တရုတ်၊ အိန္ဒိယစသည့်နိုင်ငံတို့မှ ထုတ်လုပ်မှုနည်းစနစ်များနှင့် စက်ကိရိယာများကို မိတ်ဆက်ရှင်းလင်းပြောကြားခဲ့ပြီး လျှပ်စစ်အပြင် အမှိုက်အစိုမှ ဘိုင်အိုဂက်စ် (Biogas) ထုတ်လုပ်ခြင်းအကြောင်းများလည်း ပါဝင်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

စိမ်းရောင်စိုအဖွဲ့ အတွင်းရေးမှူး ဦးစိုးဟိန်းကလည်း "အမှိုက်တွေကို မီးရှို့ပစ် မြေအောက်ထဲ ရောက်သွားမယ့် အတူတူတော့ Recycle ပြန်လုပ်ပြီ Energy ထုတ်ပြန်မယ့်ဟာကို ကျွန်တော်တို့ကကြိုဆိုပါတယ်။ ပတ်ဝန်းကျင်အတွက်ပြောမယ်ဆိုရင် အခုနောက်ပိုင်းမှာ နည်းပညာတွေ တိုးတက်နေတော့ လျှပ်စစ်စွမ်းအင် ပြန်ထုတ်မယ်ဆိုရင် အဲလောက်ကြီး ဆိုးကျိုးရှိမယ်လို့မထင်မိဘူး" ဟု ပြောသည်။

၎င်းပြင် "ကျွန်တော်တို့က တော်တော်များများ လေ့လာထားတာက စက်မှုဇုန်ရဲ့ စက်ရုံလည်ပတ်နေတဲ့ ၆၀ ရာခိုင်နှုန်းက ကျောက်မီးသွေး တော်တော်များများ သုံးနေကြတာသိတယ်။ ဥပမာ အနိမ့်ဆုံး ဘီစကွတ်လုပ်ငန်းကစပြီး ကျောက်မီးသွေးကို ရောသုံးနေရတာ အဲဒီအတွက်လည်း ဆိုးကျိုးတွေရှိနေတာပဲ။ ဒီအမှိုက်ကနေ လျှပ်စစ်စွမ်းအင် အခုလိုထုတ်လုပ်မယ်ဆိုရင် လုပ်ငန်းရှင်နဲ့ ဌာနဆိုင်ရာကြားမှာ သင့်တင့်တဲ့ဈေးနှုန်းလေးနဲ့ညှိပြီးတော့ သုံးစွဲခွင့်ရရင် ပိုကောင်းတာပေါ့။ သူတို့လည်း ကျောက်မီးသွေးသုံးစရာ မလိုတော့ဘူးပေါ့။ လေထုညစ်ညမ်းတာတွေလည်း လျော့သွားမယ်လို့ မျှော်လင့်ပါတယ်" ဟု ဆက်လက်ပြောသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "ကျွန်တော်တို့ ကျေးလက်ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ မီးလင်းရေးအတွက် ကျေးရွာပြည်သူများကလည်း မရှိမဲ့ရှိမဲ့ ငွေစုထည့်ရင်း မီးလင်းရေးကော်မတီဖွဲ့ပြီး မီးလင်းအောင် ဆောင်ရွက်နေကြလို့လည်း စာနာမိပါတယ်။ တတ်နိုင်သလောက် ကြိုးစားပြီးဆောင်ရွက်ပေးပါ့မယ်။ လျှပ်စစ်မီးရရှိပြီး ကိုယ်ပိုင်လုပ်ငန်းလေးတွေ ထူထောင်နိုင်ဖို့ အရေးကြီးပါတယ်" ဟု မတ် ၁၁ ရက်က မလှိုင်မြို့နယ် ရှုံးပင်စောက်ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး ပင်မစီမံချက် National Electricity Master Plan(NEMP)အရ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် ဓာတ်အားလိုအပ်ချက် ၂၃၅၉၄ မဂ္ဂါဝပ်ဖြစ်ပြီး ရေအားလျှပ်စစ်မှ ၈၈၉၆ မဂ္ဂါဝပ်၊ ကျောက်မီးသွေးမှ မဂ္ဂါဝပ် ၇၉၄၀၊ သဘာဝဓာတ်ငွေ့မှ ၄၇၅၈ မဂ္ဂါဝပ်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ မဂ္ဂါဝပ် ၂၀၀၀ ထုတ်ယူရန် လျာထားသည်။

မန္တလေးတိုင်းဒေသကြီးသို့ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်နိုင်သော ရဲရွာရေအားလျှပ်စစ်စက်ရုံအပြင် ဆည်တော်ကြီး၊ ကင်းတားစသည့်စက်ရုံငယ်များမှ ဓာတ်အားအဓိကထုတ်လုပ်ပေးလျက်ရှိရာ နွေရာသီတွင် မဂ္ဂါဝပ် ၅၀၀ ဝန်းကျင်သုံးစွဲလျက်ရှိပြီး မိုးနှင့် ဆောင်းရာသီတို့တွင် မဂ္ဂါဝပ် ၄၅၀ ဖြင့် ပုံမှန်သုံးစွဲလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ မှတ်တမ်းများအရ သိရသည်။

၂၀၁၅ ခုနှစ် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပသည့် COP 21 ၏ မြန်မာနိုင်ငံ၏ INDC REPORT မှာ စွမ်းအင်ကဏ္ဍတွင် ၂၀၃၀ ခုနှစ်တွင် ၉ ဒသမ ၄ ဂီဂါဝပ် ထုတ်လုပ်နိုင်ရန်ရည်ရွယ်ချက်ထားရှိပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုစွမ်းအား၏ ၃၈ ရာခိုင်နှုန်းသည် ရေအားလျှပ်စစ်မှ ရရှိနိုင်သည်ဟုခန့်မှန်းထား၍ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောဓာတ်အားအရင်းအမြစ်များမှ လျှပ်စစ်ပိုမိုရရှိစေရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အသုံးပြုသွားမည်ဆိုသည့်အချက်များ ပါဝင်သည်။

မြန်မာနိုင်ငံ၏ လက်ရှိ ဓာတ်အားထုတ်လုပ်မှုမှာ ကျောက်မီးသွေးမှ ၃ ရာခိုင်နှုန်းဝန်းကျင်၊ သဘာဝဓာတ်ငွေ့မှ ၂၉ ရာခိုင်နှုန်းခန့်နှင့် ရေအားလျှပ်စစ်မှ ၆၆ ရာခိုင်နှုန်းကျော် ပါဝင်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စက်ရုံကို ရန်ကုန်မြို့တွင် ဂျပန်နိုင်ငံအစိုးရမှ စိုက်ထုတ်ငွေ (Grant) အမေရိကန်ဒေါ်လာ ရှစ်သန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)မှ စိုက်ထုတ်ငွေ အမေရိကန်ဒေါ်လာ ရှစ်သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆ သန်း အကုန်ကျခံ၍ ပထမဆုံးတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယခု မန္တလေးမြို့တော် နယ်နိမိတ်အတွင်းရှိ အမှိုက်စွန့်ပစ်ရာ နေရာများဖြစ်သည့် တောင်အင်း၊ မြောက်အင်းနှင့် အေးရိပ်ငြိမ်းနေရာများအနီးတွင် တည်ဆောက်ရန် လျာထားစီစဉ်လျက်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**နဒီလှိုင်း**



## မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက် အဆင့်မြှင့်တင်ခင်းကျင်းခြင်း ဖွင့်ပွဲကျင်းပ

**မန္တလေး မတ် ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အပါအဝင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိစစ်သည်မိသားစုများ၏ လှူဒါန်းငွေကျပ်သိန်းပေါင်း ၁၈၇၀ ကျော်ဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့သည့် မန္တလေးမြို့ နန်းတွင်းအတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက် အဆင့်မြှင့်တင် ခင်းကျင်းခြင်းပြီးစီး၍ (၇၂) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါပြတိုက်ရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အမှာစကားပြောကြားပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်ကတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အရာရှိစစ်သည်များ၊ ဧည့်ပရိသတ်များက မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်အတွင်း အဆင့်မြှင့်တင် ခင်းကျင်းပြသထားမှုများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

အဆိုပါ မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက် အဆင့်မြှင့်တင်ခင်းကျင်းခြင်း ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့် တပ်ဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**


## မဒေါက်မြို့ရေဘေးကာကွယ်ရေး စစ်တောင်းတာအသစ်တည်ဆောက်

**မဒေါက် မတ် ၂၆**

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်သည် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့်အတူ မတ် ၂၃ ရက် မွန်းလွဲပိုင်းက ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် မဒေါက်မြို့အနီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စစ်တောင်းတာ၏ တာမိုင် (၃၈/၅) မှ (၃၉/၃)အတွင်း ပန်းတာအသစ် တည်ဆောက်နေမှုအား ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ယခုဆောင်ရွက်နေသော ပန်းတာသည် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး တာအလျားပေ ၃၂၅၀၊ ပျမ်းမျှတာအမြင့်မှာ ၁၅ ပေ ခန့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် စိုက်ပျိုးဧက ၃၀၀၀၀ ကျော်အား ရေဘေးကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ယခုပန်းတာဆောင်ရွက်သည့်နေရာသည် ၂၀၁၆ ခုနှစ် မိုးရာသီမတိုင်မီက စစ်တောင်းမြစ်ကမ်းပြိုမှုကြောင့် မူရင်းတာထိခိုက်ပျက်စီးပြီး ယာယီပိုးတာ တည်ဆောက်ခြင်းနှင့် ရေလွှဲတန်းရိုက် ကာကွယ်ခဲ့ရသည့်နေရာဖြစ်ကြောင်း သိရသည်။

**သူရိန်ထွန်း**



trSf(7)vjynf;&wyfcrSwyfcrS 'kwd&rSuDaumfrifpDDwyf0Uf tifrm; 60wlnfrwf23&uf eHuf8em&DuajrmufuúmyaqmufxD;wif(22)udajrmufpdkyif ao;vSefualumifoodonf tcrftem;wifaqmufxkyfuD a'gufwmunf;tzifhrSuum; ajymum;yDtrSf(2)vjynf&uyfu rltzUkd uyfua&;rS&rSuD tkdfaumfu ao;vSfcif\ tud au;Zlrm;ukdSfvifajymum;chumif oodonf

(၆၈၉)

## သက်ြန်ကာလ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မင်္ဂလာတောင်ညွန့် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ မတ် ၂၂ ရက် ညနေ ၄ နာရီက သင်္ကြန်ကာလ မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့သည်။

အခမ်းအနားသို့ တောင်ညွန့်ကြီးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရဲထူးကျော်၊ ဖို့မြေရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထွန်းနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**၁၁၈**

## ကျန်းမာရေးစောင့်ရှောက်မှုပိုမိုဖြည့်ဆည်းပေးနိုင်ရန် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်

**သနပ်ပင် မတ် ၂၆**

ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန် မတ် ၂၅ ရက် နံနက် ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မင်းရွာစံပြကျေးရွာတွင် (၁၆)ခုတင်ဆံ့ မင်းရွာတိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက သနပ်ပင်မြို့နယ်အနေဖြင့် မိုးရာသီသွားလာရေးခက်ခဲသဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တစ်ပြေးညီရရှိစေရန် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုမှ စိုက်ထုတ်ကျခံ သုံးစွဲရသော ကျန်းမာရေးဆိုင်ရာ ကုန်ကျစရိတ် လျော့နည်းစေရေးနှင့် ထိရောက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ ဆေးဝါးလိုအပ်ချက်၊ စက်ကိရိယာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ လူနာများအား အခြေခံဆေးဝါးများအပြင် ဓာတ်ခွဲစစ်ဆေးမှု၊ ဓာတ်မှန်ရိုက်ကူးမှုနှင့် သွေးသွင်းကုသမှုများ အခမဲ့ရရှိရေး၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နိုင်ရေးတို့အပြင် ဆေးရုံများနှင့် လုပ်ငန်းလိုအပ်ချက်များကို မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့ဆေးရုံ၊ ဆေးခန်းများကို ပြည်သူလူထုမှ အားကိုးယုံကြည်မှု ပိုမိုရှိလာအောင် လူနာများအား စွမ်းရည်ပြည့်ဝသော စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားသည်။

သနပ်ပင်မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာနခုနစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၈ ခု၊ မြို့နယ်ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံ လေးရုံ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန တစ်ခုရှိပြီး ဆရာဝန်အင်အား ခြောက်ဦး၊ သူနာပြုအင်အား ၁၉ ဦး တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ပထမတန်းသင်ရိုးသစ် တိုင်းဒေသကြီးအဆင့်ဆွေးနွေးပွဲ မန္တလေးမြို့၌ စတင်ပြုလုပ်

မန္တလေး မတ် ၂၆

**၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စတင်သင်ကြားနိုင်တော့မည့် မူလတန်းအဆင့် ပထမတန်းသင်ရိုးသစ် တိုင်းဒေသကြီးအဆင့် ဆွေးနွေးပွဲကို မန္တလေးမြို့တွင် ချမ်းအေးသာစံမြို့နယ် (အမှတ် ၁၅) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မတ် ၂၄ ရက်မှ ဧပြီ ၈ ရက်အထိ ပြုလုပ်လျက်ရှိသည်။**

**အဆိုပါဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ တစ်မြို့နယ်လျှင် ထက်၊ လယ်၊ မူ ကျောင်းအုပ် ဆရာ ဆရာမကြီး ၁၂ ဦးစီဖြင့် စုစုပေါင်း ၃၃၆ ဦး တက်ရောက်ဆွေးနွေးကြမည်ဖြစ်ပြီး အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းက ဗဟိုအဆင့်တက်ရောက်ခဲ့သူများက ဦးဆောင်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။**


ဦးခင်မောင်မြင့်
[ဒုတိယညွှန်ကြားရေးမှူး(ပညာ)]


ဦးမင်းသူ
(လက်ထောက်မြို့နယ်ပညာရေးမှူး)


ဒေါ်စန်းစန်းအေး
(ကျောင်းအုပ်-အမှတ် ၁၂ အမက)


ဦးဝေလျှံဖြိုး
ကျောင်းအုပ်-မူလွန်(ငါန်းဇွန်)

ယခုသင်တန်းတွင် ပြောင်းလဲသင်ကြားမည့် ပထမတန်းသင်ရိုးသစ်အပေါ် ဦးဆောင်ပို့ချဆွေးနွေးသူများနှင့် တက်ရောက်ဆွေးနွေးသူများ၏ သဘောထားအမြင်များကို သိရှိစေရန် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဦးခင်မောင်မြင့် [ဒုတိယညွှန်ကြားရေးမှူး(ပညာ)]
မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး**

သင်တန်းဖွင့်ရခြင်းရဲ့ရည်ရွယ်ချက်က ပညာရေးမြှင့်တင်မှုအစီအစဉ်အရ ပညာရေးမြှင့်တင်မှုတွေကို ၁၉၉၈ ခုနှစ်ကနေပြီးတော့ ပြုပြင်ပြောင်းလဲမှုတွေ လုပ်လာတယ်။ အဲဒီကနေမှ အခု မူလတန်းအဆင့်မှာ KG+5၊ အလယ်တန်းအဆင့်မှာ 4၊ အထက်တန်းအဆင့်မှာ 3။ အဲဒီတော့ KG + 5 4 3 အစီအစဉ်အရ လုပ်နေတာဖြစ်ပါတယ်။ အခုက KG ပြီးတော့ ပထမတန်းအတွက် ပညာရေးဝန်ကြီးဌာနကနေပြီးတော့ ပညာရေးမြှင့်တင်မှုအစီအစဉ်တွေနဲ့ ကိုက်ညီမယ့် ဒီနေ့ခေတ်အနေအထားနဲ့ သင့်တော်လျော်ညီမယ့် ပထမတန်းသင်ရိုးသစ်ကို ဆရာ ဆရာမကြီးတွေနဲ့ ဘယ်လိုချဉ်းကပ်ရမယ်၊ ဘယ်လိုပို့ချရမယ်။ တကယ်သင်ယူမယ့် ကလေးတွေအတွက် ဘယ်လိုအကျိုးရှိအောင် လုပ်ဆောင်ရမယ်ဆိုတာတွေကို သိရှိအောင် ဖွင့်လှစ်တဲ့နည်းပြသင်တန်းဖြစ်ပါတယ်။

ပထမတန်းမှာတော့ ဘာသာစုံပါပါတယ်။ အခြေခံအားလုံးအစုံပါမှာဖြစ်ပါတယ်။ တွဲဖက်သင်ရိုးဝင်အကုန်ပါမှာပါ။ စာရိတ္တ၊ ပြည်သူ့နီတိ စတာတွေပေါ့။

KG သင်ရိုးသစ်က ကလေးတွေအတွက် ထိရောက်မှုရှိတယ်လို့ မြင်ပါတယ်။ ပညာရေးသုတေသနပြုလုပ်တဲ့ ဆရာကြီးတွေအဆိုအရ ငါးနှစ်အရွယ်က စပြီးတော့ စာတွေကို အတင်းရိုက်သွင်းပြီး သင်တာမျိုးလုပ်လို့ မရဘူး။ အသက်အရွယ်အရ မသင့်တော်သေးဘူးလို့ ခံယူတဲ့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အရိုးစွဲနေတာက ငါးနှစ်ပြည့်ပြီးရင် ကျောင်းအပ်ရမယ်လို့ မိဘတွေက ခံယူထားတဲ့အတွက် ငါးနှစ်ပြည့်ပြီးတဲ့ ကလေးတွေကို KG အနေနဲ့ လက်ခံသင်ကြားပေးတာဖြစ်ပါတယ်။ KG မှာက သူတို့ ဦးနှောက်လေးတွေနဲ့ မကိုက်ညီတာကို အတင်းအကျပ်ကြီးမလုပ်ပါဘူး။ နားလိုက်၊ ကျန်းမာရေးလှုပ်ရှားလိုက်၊ ကစားလိုက်နဲ့ ကျောင်းလည်းပျော်သွားအောင်၊ ကျောင်းနဲ့ပတ်သက်တဲ့ ဘာသာရပ်လေးတွေလည်းရသွားအောင် လုပ်ပေးခဲ့တဲ့အတွက် အများကြီးအကျိုးရှိမယ်လို့ ထင်ပါတယ်။

နိုင်ငံတော်အကြီးအကဲတွေက မျှော်လင့်တဲ့ ပညာရေးမြှင့်တင်မှု အစီအစဉ်တွေကို တကယ်ထိရောက်ပေါက်မြောက်အောင်မြင်အောင် ဒီသင်တန်းမှာလည်း မပျက်မကွက်တက်ရောက်ပြီး ကိုယ်တိုင်လည်း ပါဝင်ဆွေးနွေးပြီး အကျိုးရှိတဲ့ ရလဒ်ကောင်းတွေ၊ ဗဟုသုတတွေရယူသွားပြီး မိမိမြို့နယ်ပြန်ရောက်တဲ့အခါမှာ ဒီသင်တန်းကရရှိတဲ့ နည်းစနစ်တွေအတိုင်း ကြိုးစားပြီးဆောင်ရွက်သွားဖို့ မှာချင်ပါတယ်။

**ဦးမင်းသူ(လက်ထောက်မြို့နယ်ပညာရေးမှူး)
အောင်မြေသာစံမြို့နယ်**

၂၀၁၇-၂၀၁၈ ပထမတန်းသင်ရိုးသစ်မှာ သင်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ဖေဖော်ဝါရီ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ထောက်ကြံ့မြို့နယ်မှာ ဖွင့်လှစ်ခဲ့တဲ့ ဗဟိုအဆင့်သင်တန်းကိုတက်ခဲ့ပြီး အခုဒီသင်တန်းမှာ ပြန်လည်ပို့ချပေးမှာဖြစ်ပါတယ်။ ဒီပထမတန်းသင်ရိုးသစ်မှာ ဘာသာရပ်ကိုးမျိုးပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ မြို့နယ်ပေါင်း ၂၈ မြို့နယ်က တစ်မြို့နယ်ကို ၁၂ ဦးနှုန်းနဲ့ ၃၃၆ ဦးကို ပို့ချသွားမှာပါ။ သင်တန်းကာလ ၁၄ ရက်ဖြစ်ပါတယ်။ KG သင်ရိုးသစ်တုန်းကလည်း ကလေးတွေအတွက် အများကြီးအထောက်အပံ့ဖြစ်ပါတယ်။ လူသားတစ်ယောက်ရဲ့ အခြေခံကျွမ်းကျင်မှုဖြစ်တဲ့ နားထောင်တဲ့စွမ်းရည်၊ ပြန်ပြောနိုင်တဲ့စွမ်းရည် အဲဒီစွမ်းရည်နှစ်ခုနဲ့ ပေါင်းစပ်ပြီးတော့ တွေးခေါ်နိုင်တဲ့ အယူအဆတွေ၊ ပေါင်းသင်းဆက်ဆံရေးတွေ၊ ပြောနိုင်အောင်၊ လုပ်နိုင်အောင်၊ KG မှာ စပြီးတော့ အစပြုသင်ကြားပေးတာပါ။ KG က မူလတန်းအဆင့် သင်ကြားဖို့အတွက် စတင်ပြုစုပျိုးထောင်ပေးတဲ့အနေအထားဖြစ်ပါတယ်။ မူလတန်းအဆင့်မသွားခင်မှာ ကလေးတွေက အခုဆိုရင် Grade 1 နဲ့ ချိတ်ဆက်သင်ကြားနိုင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။

တိုင်းဒေသကြီးအဆင့် သင်တန်းပြီးသွားပြီဆိုရင် ဧပြီ ၂၄ ရက်မှာ မြို့နယ်အဆင့် ပြန်လည်ပို့ချပေးမှာဖြစ်ပါတယ်။ မေ ၁၀ ရက်မှာ ကျောင်းအဆင့် ပို့ချပေးသွားမှာပါ။

အခုပြုပြင်ပြောင်းလဲနေတဲ့ သင်ရိုးသစ်ကို ဆရာ ဆရာမတွေက ကျွမ်းကျွမ်းကျင်ကျင်နဲ့နားလည်ဖို့လိုသလို မိဘတွေအနေနဲ့ကလည်း စိတ်ဝင်စားဖို့လိုပါတယ်။ ဆရာ ဆရာမတွေက ကျွမ်းကျင်နားလည်မှ မိဘတွေကို စိတ်ဝင်စားအောင် ရှင်းပြနိုင်မှာဖြစ်ပါတယ်။ ကလေးတွေကတော့ ဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ် သင်ကြားပေးပါစေ သူတို့လိုချင်တဲ့ ပုံစံနဲ့သွားမှာဖြစ်တဲ့အတွက် အံဝင်ခွင်ကျဖြစ်တဲ့ သင်ရိုးတွေဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါ်စန်းစန်းအေး (ကျောင်းအုပ်-အမှတ် ၁၂
အခြေခံပညာမူလတန်းကျောင်း) အောင်မြေသာစံမြို့နယ်**

ကျွန်မတို့မြို့နယ်က မြို့နယ်ကိုယ်စားပြု ၁၂ ယောက်ထဲမှာ ပါဝင်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ မနှစ်ကလည်း KG သင်ရိုးသစ်သင်တန်းကို စိတ်ဝင်တစား တက်ရောက်ခဲ့ပါတယ်။ KG သင်ရိုးသစ်ကို တက်ရောက်သင်ယူပြီး ကလေးတွေကို ပြန်လည်သင်ကြားတဲ့အခါမှာ မိဘတွေလည်း စိတ်ကျေနပ်မှုရရှိတဲ့အပြင် ကလေးတွေလည်း ပျော်ရွှင်မှုတွေရရှိပြီး သူတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်တဲ့အတွက် ဒီ KG သင်ရိုးသစ်က အောင်မြင်မှုရရှိခဲ့ပါတယ်။ အခုတက်ရောက်ရမယ့် ပထမတန်းသင်ရိုးသစ်ကလည်း ကလေးတွေအတွက် ထိရောက်မှုရှိမယ်လို့ ယုံကြည်ပါတယ်။

ဒီဆွေးနွေးပွဲကရရှိလာမယ့် သင်ခန်းစာပြုပြင်ပြောင်းလဲမှုတွေကို သေချာလေ့လာမှတ်သားပြီး ကလေးတွေအတွက် အထိရောက်ဆုံးသင်ကြားပေးနိုင်အောင် ကြိုးစားသွားမှာပါ။

**ဦးဝေလျှံဖြိုး [ကျောင်းအုပ်-အခြေခံပညာ
မူလတန်းလွန်ကျောင်း(ငါန်းဇွန်မြို့နယ်)]**

ကျွန်တော်တို့မြို့နယ်က ဒီဆွေးနွေးပွဲကို ဆရာ ခြောက်ဦး၊ ဆရာမ ခြောက်ဦး တက်ရောက်ပါတယ်။ သင်တန်းက မတ် ၂၄ ရက်ကနေ ဧပြီ ၈ ရက်အထိပါ။ ပြီးခဲ့တဲ့နှစ်က KG သင်ရိုးသစ်အတွက် သင်တန်းတက်ပြီး ကိုယ့်မြို့နယ်အသီးသီးမှာ ဆင့်ပွားပြန်ပို့ချခဲ့ရတယ်။ နည်းပညာပိုင်းအနေနဲ့ကတော့ အားရမှုရှိတယ်။ ပံ့ပိုးမှုအနေနဲ့ကတော့ ပြဋ္ဌာန်းစာအုပ်တွေ ကလေးတွေလက်ထဲ ရောက်မလာတာ၊ ကျောင်းတွေမှာ မပေးနိုင်တာတို့ရှိခဲ့ပါတယ်။ ပုံနှိပ်စာအုပ်တွေက ကျောင်းအဆင့်တွေမှာလည်း ရောက်မလာဘူး။ မြို့နယ်ပုံနှိပ်ဖြန့်ဖြူးရေးတွေဆီလည်း ရောက်မလာဘူး။ နည်းပညာစနစ်အတွက်က ကျေနပ်မှုလည်းရှိတယ်။ အားရမှုလည်းရှိတယ်။

ပံ့ပိုးမှုအနေနဲ့ကတော့ သင်ထောက်ကူအနေနဲ့ စာအုပ်တို့ အဲဒါတွေက နယ်ကျောင်းအများစုမှာ မပြည့်စုံတာများတယ်။ မြို့ပေါ်ကျောင်းတွေလိုမဟုတ်ဘူး။ မြို့ပေါ်မှာတော့ ကျူရှင်များတယ်။ အခန်းများတယ်။ ပြည့်စုံမှုများတယ်။ နယ်ကျောင်းမှာ ကျူရှင်ရှားတယ်။ မပြည့်စုံမှုတွေကို ကိုယ့်ဘာသာကိုယ်ဖန်တီးနေရတယ်။ ရှိတဲ့ဟာလေးနဲ့ ဖြစ်အောင်လုပ်ရတာပေ့ါ။ သင်ထောက်ကူအနေနဲ့ကတော့ လိုအပ်နေပါသေးတယ်။

KG သင်ရိုးနဲ့ ကလေးတွေအတွက် ထိရောက်မှုရှိပါတယ်။ ကလေးအတွက်ကော မိဘတွေအတွက်ကော ကောင်းပါတယ်။ နဂိုက ကလေးတွေကို ငါးနှစ်ကျောင်းနေကတည်းက စာကအရင် စထိတွေ့တာလေ။ အဲဒီတော့ စာမလိုက်နိုင်တဲ့ကလေးက ဦးနှောက်ဖွံ့ဖြိုးခါစမှာ စာကို ဦးဆုံးထိတွေ့ရတဲ့အတွက် စာကို ကြောက်သွားတယ်။ KG သင်ရိုးသစ်က ကစားစရာတွေနဲ့ ဆရာတွေနဲ့ ရင်းနှီးအောင်လုပ်ပြီး စာသင်ခန်းလေးမှာ ပျော်သွားတာနဲ့စတယ်။ ကျောင်းကို ရင်းနှီးသွားပြီ၊ ဆရာတွေနဲ့လည်း ရင်းနှီးသွားပြီဆိုတာနဲ့ စာစသင်တာပါ။ အဲဒီလိုမျိုးဆိုတော့ အဆင်ပြေပါတယ်။

ပထမတန်းသင်ရိုးသစ်ကလည်း စနစ်ကောင်းတစ်ခုလို့ပဲ မြင်တယ်။ ဘယ်ဘာသာကို ဘယ်လိုခွဲဝေလေ့လာရမယ်ဆိုတာလည်း မသိသေးဘူး။ စနစ်ကောင်းတစ်ခုလို့မြင်ပေမယ့် ပံ့ပိုးမှုအား နောက်ကပါမလာဘူးဆိုရင် နည်းနည်းတော့ အားနည်းနိုင်ပါသေးတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## လယ်ယာမြေများအား စက်မှုလယ်ယာစနစ်သို့ အဆင့်မြှင့်တင်

**ကျုံပျော် မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရေစခန်းကျေးရွာတွင် စခန်းသာယာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားများ၏ လယ်ယာမြေများအား စက်မှုလယ်ယာစနစ်သို့ အဆင့်မြှင့်တင်ပြုပြင်ခြင်း အခမ်းအနားကို တောင်သူ ဦးငြိမ်းမောင်၏ လယ်ယာမြေအတွင်း၌ မတ် ၂၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦးက လယ်ယာမြေပြုပြင်ခြင်းဖြင့် ရရှိလာသော အကျိုးကျေးဇူးများ၊ မိမိတို့ဌာနမှ လက်ရှိပူးပေါင်းကူညီမှုများနှင့် ရှေ့ဆက်ကူညီဆောင်ရွက်သွားမည့် လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်နိုင်နှင့် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်အေးအေးဝင်းတို့က ခေတ်မီစိုက်ပျိုးနည်းစနစ်များအသုံးပြု၍ တောင်သူများ ဘဝ အဆင့်မြှင့်တင်နိုင်ရေးနှင့် မိမိတို့မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သမဝါယမလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းခဲ့သည်။

ထို့နောက် မြေပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အသင်းသားများကိုယ်စား အသင်းသား ဦးငြိမ်းမောင်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ထွန်စက်များဖြင့် လက်တွေ့လယ်ယာမြေပြင်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ကွက်များဆောင်ရွက်ခြင်းဖြင့် အချိန်ကုန်သက်သာ၍ စက်သုံးဆီကုန်ကျမှုလျှော့ချနိုင်ခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာ၍ သီးနှံရိတ်သိမ်းမှုလွယ်ကူခြင်းနှင့် အထွက်တိုးရန် ပိုမိုအားစိုက်ထုတ်ရန် လွယ်ကူခြင်း စသည့်ကောင်းကျိုးများ ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါကျေးရွာ၌ လယ်ဧက ၅၀ ကို တတိယတန်းစား မြေပြုပြင်ခြင်းအဖြစ် တစ်ဧကကွက်နှင့် ဧကဝက်အကွက် အမျိုးအစားနှစ်ခုလုံး ဆောင်ရွက်သွားမည်ဖြစ်ပြီး မြေပြုပြင်မှုအတွက် တစ်ဧကလျှင် သုံးသိန်းနှုန်း ချေးငွေများ ထုတ်ချေးပေးခဲ့ကာ မတ် ၂၇ ရက်တွင် မြေပြုပြင်ခြင်းလုပ်ငန်းများအား အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

❐

---




**ရန်ကုန် မတ် ၂၆**

နွေရာသီ အခြေခံအားကစားသင်တန်းဖွင့်ပွဲကို မတ် ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် (အမှတ် ၁) အခြေခံပညာအထက်တန်းကျောင်း အားကစားရုံ၌ ကျင်းပသည်။

"နွေရာသီမှာ ကလေးတွေ အချိန်ကို အကျိုးရှိစွာ အသုံးချစေချင်တယ်။ အခြေခံကာလလေးပဲဖြစ်တဲ့အတွက် သူတို့ အခြေခံလေးတွေတတ်မြောက်သွားပြီဆိုရင်၊ ဆက်ပြီးစိတ်ဝင်စားတယ်ဆိုရင် အဆင့်မြင့်ဆီကို တက်လှမ်းနိုင်ဖို့ဆောင်ရွက်ပေးသွားမယ်"ဟု အထက်တန်းကာယနည်းပြဆရာ ဦးအေးလှက ပြောသည်။

အဆိုပါ သင်တန်းတွင် ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘောလုံး၊ တိုက်ကွမ်ဒို စသည့် အားကစားနည်းများကို နည်းပြဆရာလေးဦးက ကျောင်းသား ကျောင်းသူ ၁၈၆ ဦးကို မတ် ၁၀ ရက်မှ ဧပြီ ၂၀ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)**

---

## (၇၂)မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ကျောက်ဆည် မတ် ၂၆**

ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် မတ် ၂၄ ရက်က (၇၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များ စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သွေးလှူဒါန်းရာတွင် ဆေးရုံအုပ်ကြီးက လိုအပ်ချက်များမရှိစေရေး ဆောင်ရွက်ဖြည့်ဆည်းပေးခဲ့ပြီး သွေးလှူရှင်များမှ စုစုပေါင်းသွေးအိတ် ၆၈ အိတ် လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

ကြော်ငြာ


## Myanmar Culture Land Travels & Tours

Apr-12, Apr-17 ရက်နေ့ ထွက်ပါမည်။ ၅ည၊ ၅ရက် ခရီးစဉ်များ

* မြိတ်-လေးကျွန်းကမ်းခြေ-ထားဝယ် ၂၄၀၀၀၀/-
* ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန်-မျှော်ရစ် ၂၂၀၀၀၀/-
* ပင်းတယ-တောင်ကြီး-ရေပြာအိုင်-အင်းလေး ၂၀၀၀၀၀/-
* မြဝတီ-မဲဆောက်-ဘားအံ-မော်လမြိုင် ၂၁၀၀၀၀/-
* ပုဂံ-ပုပ္ပါး-ရွှေစက်တော်-မကွေး-မင်းဘူး ၂၀၀၀၀၀/-
* အလောင်းတော်ကဿပ-စစ်ကိုင်း-မုံရွာ-ပြင်ဦးလွင် ၁၉၀၀၀၀/-

အမှတ်(၇၉၇)၊ အခန်း (၉၀၁/A), MAC Tower, ဗိုလ်ချုပ်လမ်းနှင့်ပါတန်းလမ်းထောင့်၊လမ်းမတော်မြို့နယ်။

09-445459946, 09-799601085,09-975809322, 09-251045076

## ရွှေအိုးကြီး

မြဝတီ၊ မဲဆောက်၊ ဗဂေါ၊ ဘားအံဘုရားဖူးနှင့်ချစ်သူ့မြိုင်

Hotel တည်း S/P (Visa) ဆိုင်ထမင်းကျွေး (75000) Mar-31

09421073634, 777636630

## သုံးရာသီ ဗမ္မဒါန

Mar-31

* 420144148, 421153797

## DADDY (ဒယ်ဒီ)

သင်္ကြန်ခရီးစဉ်များ Ph: 09448001903, 09250827383

ပုပ္ပါး-ပုဂံ-စွယ်တော်လေးဆူ-ပခုက္ကူ ၃ည/၄ရက် 180000 April-12,17

ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန် ၃ည/၄ရက် 210000 April-12,17

## ကိုသန့်ဇင် CAR RENTAL

ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

09-43117680, 09-5059821

## Min San Eain Travel & Tours Co., Ltd.

Car Rental Service (45,33,14,7) Seats

April - 7, 12, 17

+တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော ခရီးစဉ်

March - 24, April - 17

+ထားဝယ်ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ ခရီးစဉ်

April - 12

+စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ ခရီးစဉ်

+ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး ခရီးစဉ်

March - 24, 31, April - 12, 17

+ငပလီ၊ ကမ်းသာယာ ဘာပန်းခြေခရီးစဉ်

09-5044271, 09-259259153, 09-259259154, 09-259259155

## ဟာန်နီ ခရီးစဉ် License No. ၈-၀၆၇၆

သင်္ကြန်အထူး Promotion ခရီးစဉ်များ (3*Hotel + ရေကူးကန်)

ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ - ၂ည/၃ရက် - 105,000/115,000

ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ မန်းရွှေစက်တော် - ၃ည/၄ရက် - 118,000/128,000

ကမ်းခြေသင်္ကြန် (မီးပုံပွဲ+ဂီမ်းအစီအစဉ်) BBQ Dinner Free

ငွေဆောင်+ချောင်းသာ - ၂ည/၃ရက် + Sea View -160,000

Garden View -140,000

ခရီးသွားအားမခံပါဖြီ၊/ဟိုတယ်အခန်းသီးသန့်ရယူနိုင်ပါသည်။

09-796936080,09-971668782, 09-73048429

SUPPORTED BY Australia Awards

# Australia EDUCATION EXHIBITION 2017

Organized by AVSS Australian Visa & Student Services

Yangon
1st April, 2017 (Sat)
9 a.m - 4 p.m
Pyay Room, 4th Floor
Novotel Hotel Yangon Max

Mandalay
2nd April, 2017 (Sun)
1 p.m - 5 p.m
Pinya Room, 4th Floor,
Hotel Marvel, Mandalay

FREE ENTRY

ဩစတြေးလျနိုင်ငံတွင် ပညာသင်ကြားဖို့ပြင်ဆင်နေပါသလား၊
AVSS ၏ဩစတြေးလျ ပညာရေးပြပွဲများကို လက်လွတ်မခံပါနှင့်။
ဩစတြေးလျနိုင်ငံရှိ ဂုဏ်သတင်းကြီးသောအထက်တန်းကျောင်း၊တက္ကသိုလ် များမှ ကိုယ်စားလှယ်များနှင့် မိမိသိရှိလိုသည်များကို ကိုယ်တိုင် လာရောက်ဆွေးနွေးနိုင်ပြီး တက္ကသိုလ်များမှပေးသည့် ပညာသင်ဆုများကိုလည်း မေးမြန်းလျှောက်ထားနိုင်ပါသည်။၄င်းပြင် ဩစတြေးလျအစိုးရမှပေးအပ်ချီးမြှင့်သည့် Australia Awards ပညာသင်ဆုများအကြောင်းကိုလည်း ဩစတြေးလျသံရုံးမှ တာဝန်ရှိသူများနှင့်လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။

For more information
AVSS Yangon:
127A, 1st Floor,
West Shwe Gon Daing Road,
Bahan Township,Yangon.
Tel: 09 450 00 69 44/55
09 799 450944/955

AVSS Mandalay:
2/Ta 765, 69th Street
( 31st & 32nd St),
Mandalay.
Tel: (09) 4440 29882

www.theavss.net
Australian Visa & Student Services (AVSS Myanmar)

Since 1986 KMD Institute

UNIVERSITY of GREENWICH | SQA | NCC education | ISO | ISO 9001:2008 Cert. No. 683180

၂၀၁၆-ခုနှစ်တွင် NCC Education (UK) မှ ပေးအပ်သော
တစ်ကမ္ဘာလုံးအမှတ်အများဆုံးဆု (၆) ဆုအနက် (၅) ဆု နှင့်
Scottish Qualification Authority (UK) မှ ပေးအပ်သော
Ambassador Award (၂) ဆု တို့အား ဆွတ်ခူးပေးနိုင်ခဲ့သော KMD တွင်
နိုင်ငံတကာအသိအမှတ်ပြု IT Degree များကို ရယူကြပါစို့....



## International Diploma & Degree Courses

* First Year Diploma in Computing (Level 4)
* Second Year Diploma in Computing (Level 5)
* Higher National Diploma (HND - Computing)
* Final Year Degree I B.Sc (Hons) Business IT

CB BANK ဖြင့် သင်တန်းကြေးအရစ်ကျပေးသွင်းနိုင်ရန် စီစဉ်ပေးထားပါသည်။

နယ်မှလာရောက်မည့် ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။

Promote IT Professional with
International Qualifications

"လစဉ် တန်းခွဲသစ်များ ဖွင့်လှစ်နေပါပြီ"

KMD (Myaynigone) I No. 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
01- 381776, 381035, 502233, 527436, 220555, 700895. www.facebook.com/KMDNCC

Hotline : 09770867903

## သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ရှင်ပြု ရဟန်းခံ သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

| | | |
|---|---|---|
| ၁ | အမှတ်–၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁–၅၄၅၃၉၅၊ ၀၁–၅၄၅၃၉၆ |
| ၂ | အမှတ်–၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ | ၀၁–၅၄၃၂၈၂၊ ၀၁–၅၄၃၂၈၆ |
| ၃ | အမှတ်–၂၃ / ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁–၃၈၀၅၇၃ |
| ၄ | အမှတ်–၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ | ၀၉–၇၃၀၁၆၀၃၂ |
| ၅ | အမှတ်–၁၂၅၊ သံဈေးရှေ့ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ | ၀၁–၂၂၅၅၀၆ |
| ၆ | အမှတ်–၃၇၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။ | ၀၉–၇၃၀၀၅၉၂၆ |
| ၇ | အမှတ်–၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။ | ၀၉–၈၆၀၃၀၀၅ |
| ၈ | တိုက်–A ၊ အခန်း–၁၊ ပုလဲအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ | ၀၁–၆၄၂၃၂၂ |
| ၉ | ၁၂၁၊ ရန်ကုန်–အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ စံရိပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။ | ၀၉–၇၃၀၆၅၂၃၇ |
| ၁၀ | အမှတ်–၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။ | ၀၉–၇၃၀၀၅၇၉၃ |
| ၁၁ | ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရတနာ၊ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။ | ၀၆၇–၂၂၅၉၇ |
| ၁၂ | ၂ / ၈၁၊ နေပြည်တော်လမ်းမကြီး(ယခင်ပျဉ်းမနား–တောင်ညိုလမ်း)၊ ဆင်ရတနာအနီး၊ ယောက်သွားအင်းရပ်၊ နေပြည်တော်–ပျဉ်းမနားမြို့။ | ၀၆၇–၂၄၇၇၃ |

**နယ်ကိုယ်စားလှယ်ယူလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။**

သမ္မတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါသည်







သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

# နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုမွန်လွှာ

ဆရာဝတ်ငါးပါးနှင့်ပြည့်စုံ၍ တပည့်များပေါ်တွင် သားသမီးများကဲ့သို့ တန်ဖိုးထားပေးသော

ဆရာဦးခင်မောင်အေး Chairman (Gold Power Co.,Ltd.), Vice Chairman (Shwelinban Industrial Zone) နှင့်

အကျိုးဒေါ်ခင်လေး MD (Gold Power Co.,Ltd), President (MWSF), Vice Chairperson (MWEA) တို့၏

နှစ်(၃၀)ပြည့် မင်္ဂလာရက်မြတ်မှသည်

ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သော သား၊ သမီး၊ မြေး၊ မြစ်၊ တပည့်များနှင့်အတူ

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ ပြည့်စုံစွာဖြင့်

လောကီ၊ လောကုတ္တရာနှစ်ဖြာအကျိုးကိုဆထက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း

ချစ်သောတပည့်များက မင်္ဂလာဆုမွန်ကောင်းတောင်းလျှက် . . . .

GOLD POWER CO., LTD. | SHWE ARR - MAN CO.,LTD. | Hotel Lexus

UNITED NEW GENERATION CO.,LTD | Diamond Tree Co., Ltd.



**အိမ်လုံးချင်းအမြန်ရောင်းမည်**

မြေ ၃၇၀၀ စ/ပေ၊ အိမ် RC ၂ထပ်၊ MBR2, BR2,Air7
ရေပါဝါ 20KI ဘုရားခန်းကျယ်
၁၄/၂ရပ်ကွက်၊ မိုးစွေလမ်း၊ တောင်ဥက္ကလာပ၊ မြင်သာ
ဖုန်း-၀၉-၇၈၂၅၃၆၄၅၄၊ ၀၉-၇၆၇၀၁၀၀၃၆၊ ၀၉-၇၇၂၅၄၄၃၁၀

**မြေကွက်ကျယ်ရောင်းမည်**

အရှေ့ကားလမ်း၊ မျက်နှာစာ ပေ၆၀၀၊ ဘေးရှာအဝင် မြေနီလမ်း၊ ပေ ၅၀၀၊ ရေ၊ မီး၊ အဆင်ပြေ၊ တိုက်ကြီးမြို့
ဒေါ်သဇင်ထွန်း
၀၉-၇၈၂၅၃၆၄၅၄၊ ၀၉-၇၆၇၀၁၀၀၃၆၊ ၀၉-၇၇၂၅၄၄၃၁၀

**ကားရောင်းမည်**

HONDA FIT ခဲရောင်(မှန်အမဲ)
(i)အကွရာ။2009 Model
Ph : 095114968
01 548440

**တိုက်နှင့်ခြံရောင်းမည်**

မာယာလုလင်လမ်း၊ ၁၀မိုင် (ဂရန်)
ခြံအကျယ် ပေ (၄၅×၈၈) (အင်းစိန်)
တိုက်သစ် ပေ (၃၅×၅၅) (၂ထပ်ခွဲ)
အဆင့်မြင့်ပြင်ဆင်ပြီး (ညီနှိုင်းဈေး)
ဖုန်း-၀၉-၉၇၀၀၉၉၁၉၈၊ ၀၉-၂၅၅၈၄၈၈၈၅



METRO IT & Japanese Language Centre

တက္ကသိုလ် ဝင်တန်း အောင်မြင်ပြီးသူများနှင့်
တက္ကသိုလ်တက်ရောက်နေသူများအတွက်
Professional အလုပ်အကိုင် အခွင့်အလမ်းကောင်း
ရရှိနိုင်မည့်ကျောင်း "Only One School in Myanamar"

IT & ဂျပန်ဘာသာ

## SYSTEM CREATOR COURSE ( 2 years Course )

- ဂျပန်နိုင်ငံ Nagasaki မြို့ရှိ Metro General Business College မှ တိုက်ရိုက်ချမှတ်ပေးသည့် IT ဘာသာရပ်သင်ရိုးညွှန်းတမ်းတွေကို မြန်မာနိုင်ငံတွင် ဈေးနှုန်းချိုသာစွာ ဖြင့် သင်ယူနိုင်ပါသည်။
- ဂျပန်နိုင်ငံ၏ IT ကုမ္ပဏီများတွင် IT Engineer များအဖြစ် အလုပ်အကိုင် ဝင်ရောက်နိုင်ရန် Metro မှ ကျောင်းသားကျောင်းသူများအား ဂျပန်ဘာသာရပ်ကို ကျွမ်းကျင်စွာတတ်မြောက်သည်အထိ 2 နှစ်တာ အခမဲ့ တွဲဖက်သင်ကြားပေးပါသည်။
- သန့်ရှင်းသပ်ရပ်သော စာသင်ခန်းများအတွင်း ပြီးပြည့်စုံသော သင်ထောက်ကူပစ္စည်းများဖြင့် စိတ်အေးချမ်းမြေ့စွာ ပညာသင်ယူနိုင်ပါသည်။
- ဂျပန်နိုင်ငံမှ IT ပညာရှင် ဆရာများက ဦးစီး၍ အတွေ့အကြုံရှိ IT ပညာရှင်မြန်မာလူမျိုးဆရာ၊ဆရာမများက IT ဘာသာရပ်တွေကို သင်ကြားပေးပြီး ဂျပန်ဘာသာရပ်တွင်လည်း သင်ကြားရေးအသိအမှတ်ပြု လက်မှတ်ရ ဂျပန်လူမျိုး Native ဆရာများနှင့် အတွေ့အကြုံရှိ မြန်မာ လူမျိုး ဆရာ၊ဆရာမများက သင်ကြားပေးပါသည်။
- သင်တန်းကာလ ၂နှစ်ဖြစ်ပြီး ကျောင်းသင်ခန်းစာများအပြင် Cultural Activity လုပ်ရှားမှုများ၊ လုပ်ငန်းခွင်တွင် အထောက်အကူပြုစေမည့် Presentation Skill အတွက် လေ့ကျင့်ပေးမှုများ ၊ ပျော်ရွှင်ဖွယ်ရာ School Event+s များပါဝင်ပြီး အဓိပ္ပါယ်ပြည့်ဝသော ကျောင်းသားဘဝကို ခံစားရရှိနိုင်ပါမည်။
- သင်တန်းကာလ ၂နှစ်တာပြီးမြောက်ပြီးချိန်တွင် အသိအမှတ်ပြု Diploma အောင်လက်မှတ် ရရှိမည် ဖြစ်ပြီး စနစ်ကျနသည့် သင်ကြားရေး နည်းဗျူဟာများကြောင့် Japan နိုင်ငံ National Exam နှင့် အခြားသော နိုင်ငံတကာ အသိအမှတ်ပြု IT အရည်အချင်းစစ် အသိအမှတ်ပြု အောင်လက်မှတ်များကို ရရှိနိုင်ပါသည်။
- တွဲဖက်သင်ကြားပေးသော ဂျပန်ဘာသာရပ်တွင်လည်း ဂျပန်နိုင်ငံမှအသိအမှတ်ပြု ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲအောင်လက်မှတ်များကိုLevel အလိုက် အသီးသီး ရရှိပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။
- ကျောင်းသားတစ်ဦးချင်းစီအား Continuous Accessment System ဖြင့် သင်ကြားပေးပြီး သင်တန်းကာလပြီးမြောက်ချိန်တွင်လည်း ကျောင်းသားတစ်ဦးချင်းစီအား အလုပ်အကိုင်လမ်းညွှန်မှု(Job Guidance)နှင့် လုပ်ငန်းခွင်များသို့ အလုပ်အကိုင်ဝင်ရောက်နိုင်စေရန် အလုပ်မိတ်ဆက်ပေးခြင်း(Job Introduction) များကို ဆောင်ရွက်ပေးပါမည်။



သင့်ရင်သွေး၏အနာဂါတ် ဘဝလမ်းကြောင်း အောင်မြင်ဖို့ Metro မှာ ယုံကြည်စွာ အပ်နှံလိုက်ပါ။


**2017 April 2 (Sun) မွန်းလွဲ 1:00 နာရီတွင် IT Course Seminar ရှိပါသဖြင့်**
**စိတ်ပါဝင်စား၍ တက်ရောက်လိုသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။**

01-372691, 01-372610,09-976334160

2017
July Intake !
Great Chance Seminar

Room No(A,B,C,D) တတိယထပ်၊ Kyaw Business Tower Condo၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
လမ်းညွှန် ⇒ ဘားလမ်းမှတ်တိုင်၊ ပန်းဆိုးတန်းမှတ်တိုင် ဆင်းပါ။ ပန်းဆိုးတန်းအလယ်ဘလောက်တွင် တည်ရှိပါသည်။

Mail ⇒ mminfo@metro-myanmar.com
Web ⇒ http://www.metro-myanmar.com/mic


SMM
AVC
11th ASIAN
BOYS' U19 VOLLEYBALL
CHAMPIONSHIP
NAY PYI TAW - MYANMAR
28 MARCH - 5 APRIL 2017
YANGON
aerodrome
MVF
AVC
Asian Volleyball Confederation
MINISTRY OF HEALTH AND SPORTS
MYANMAR VOLLEYBALL FEDERATION
SMM SPORT
YANGON
aerodrome
ASIA WORLD
FOUNDATION
HORIZON
Lake View Resort
MTW
Myat Taw Win Hotel
MIKASA
Senoh
ANDAMAN
GOLD
SPECIAL
100 PLUS


MPT
ရှေ့သို့ လှမ်း ချီ မြန်မာပြည်
ရှယ်ပြော
မြန်မာပြည်မှာအသက်သာဆုံး
*234*3# ကို ဖုန်းခေါ်ဆိုပြီး ရယူလိုက်ပါ။
၁၅ ကျပ်
၁မိနစ်
ရှယ်ပြော အစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁မိနစ်လျှင် ၁၅ ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## Myanmar United Channel Consultancy Co.,Ltd

ICASTEC

United Channel 6 Months Study In Singapore & United Channel 6 Months Industrial Attachment In Singapore → level 5 နှင့် level 6 ကို Austrilla, Landon တွင်ဆက်လက် တက်ရောက်နိုင်ပါသည်။



Facebook *United Channel,School*

Diploma In Patisserie And Catering Management

Diploma In Hospitality And Hotel Management

Diploma In Food & Beverage And Catering Management

- Education Trust ရရှိထားသော ကျောင်း
- ကျောင်းတက်ရောက်မည့်သူများကို အင်္ဂလိပ်စကားပြောအခမဲ့ သင်ပေးပါသည်။

Email: myanmarunitedchannel@gmail.com

Hot Line: (+959) 453300660, Phone: 453300661, 662, 663,

အမှတ် (၆၂/A) ၊ အင်းစိန်လမ်းမ ၊ စံရိပ်ငြိမ် (၅) လမ်း ၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ် ၊ ရန်ကုန်မြို့ ။

---

မိုးကုတ်ဝိပဿနာ(၇)ရက်တရားစခန်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်းမကြီး အမှတ်(၃)ပိုင်း မဟာစန္ဒာရုံကျောင်း မိုးကုတ်ဝိပဿနာ မေ့ရိပ်သာကြီးတွင် အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တ စန္ဒာဘာသသာသနဓဇ မွှာစရိယ(L.L.B-ပါမောက္ခ၊ ဌာနမှူး န-ပ-သ(ငြိမ်း) အရှင်သူမြတ်က သကြၤန်(၇)ရက် တရားစခန်းကို ဧပြီလ (၁၁)ရက်မှ ဧပြီလ (၁၇)ရက် နေ့အထိ ကျင်းပမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ ဧပြီ(၁၀)ရက်နေ့ ညနေ(၅)နာရီ အရောက် လာရောက်စာရင်းပေးသွင်းနိုင်ပါရကြောင်း အသိပေး နိုးဆော် အပ်ပါသည်။

အကျိုးတော်ဆောင်များ
မဟာစန္ဒာရုံ မိုးကုတ်ဝိပဿနာမေ့ရိပ်သာ
ဖုန်း - ၀၉ ၇၉၅၀၀၈၇၁၁၊ ၀၉ ၄၂၂၂၀၈၂၃၀

---

## ဦးအောင်ဟိန်းကျော်

အတန်းအားလုံးစာအုပ်(လုံး၀) မကိုင်ဘဲသင်သည်

•Translation

**အင်္ဂလိပ်စာရေးနည်း** (အခြေခံ/ အဆင့်မြင့်)

စာကျမ်းအသင်၊ နှစ်ပေါင်း ၁၀ လက်တွေ့ လေ့ကျင့်သည်၊ ၃ လတွင်း ရေးတတ်ရမည်

**အင်္ဂလိပ်စကားပြော** သင်တန်း

•နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

စာကျမ်းအသင်၊ စကားသင်သည်၊ ၁ လအတွင်း ပြောနိုင်ရမည်

• အင်္ဂလိပ်စကားပြော(Vol:1,2,3,4) • ဈေးနည်း(Pre., Vol:1,2,3)

•392468 • 095171841

၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း၊ လသာ၊ ရန်ကုန်

---

## THE BROTHERS အထူးဈေး

Air-con 1HP : အသစ်စက်စက် (၃)နှစ် အာမခံ 10' ပေအထိ

ကြေးပိုက်၊ မီးကြိုး၊ SAFE GUARD၊ ရေဆင်းပိုက်၊ ဖရိန်(တွင်း/ပြင်)၊

တိပ်နှင့် အခြားပစ္စည်းများ၊ တပ်ဆင်ခ၊ သယ်ယူပို့ဆောင်ရေး၊ အလုံးစုံပါဝင်အပြီးအစီး

**250,000/- Ks** မီးပလပ်ပေါက်လေးတစ်ခုသာပြုလုပ်ပေးထားပါ။

မည်သည့်ကုန်ကျစရိတ်မျှ ထပ်မံပေးရန် မလိုပါ။

ဘယ်နေရာမှ မရနိုင်တဲ့ ဈေးနှုန်းဖြစ်လို့ အမြန်ဆုံး ဖုန်းဆက်မှာလိုက်ပါ!!!

Ph : 09 250177883, 09 451119237, 09 451119238

---

## ဆုံသစ္စာ

CAR RENTAL

Ph: 09799566761

095504667

---

## Taxi အိပ်ပေးငှားမည်

Suzuki Alto

Ph:09970795309

---

## နိုင်ဇော် Japan Tech: စတစ်ကာ

1Sqf 400K

09254044529

09253548800

---

*ခြံရောင်းမည်(ညှိနှိုင်း)

*ကားနှင့်လဲမည်

- သန်လျင်- ကျိုက်အင်း
- ပေ(၄၀×၆၅) ထောင့်ကွက်

ဖုန်း-၀၉-၄၅၀၈၅၀၅၃၁/၂

---

## ပျောက်ဆုံးကြောင်း

09-782531178

---

MECC

## မြန်မာ့နဝရတ်မျက်မှန် ၂၀၁၇ မဟာသင်္ကြန်အထူးအစီအစဉ်

UP TO 30% DISCOUNT

1.4.2017 ~ 10.4.2017

မိတ်ဟောင်း မိတ်သစ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့်

UP TO 30% Discount ပေးမည့်အပြင် မျက်မှန်တစ်ကိုင်းဝယ်ယူသူတိုင်းအား နေကာ၊ ပါဝါမျက်မှန် တစ်ကိုင်း လက်ဆောင်ပေးနေပါသည်။

ဆိုင်(၁) အမှတ် ၂၁၁၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ဖုန်း ၀၁ – ၂၄၁ ၂၂၄၊ ၀၁ – ၃၈၈ ၁၈၈၊ ၀၁ – ၃၈၅ ၀၄၅

ဆိုင်(၂) အမှတ်(၆၅)၊ သမိန်ဗရမ်းလမ်း၊ အသောကမှတ်တိုင်အနီး၊ တာမွေမြို့နယ်။

ဖုန်း ၀၉ – ၂၆၀ ၄၂၃ ၀၁၁

---

# TEAPOT



## အကောင်းဆုံး လက်ဖက်ရည်အတွက် . . .

## တီးပေါ့(တ်)

Official TEAPOT Distributors :

အထက်မြန်မာပြည် တစ်ဦးတည်းဖြန့်ချိရေး

**Shwe Ya Kan Co., Ltd.**
No.122, 73 St, Bet 29 St x 30 St,
Mandalay.
Tel : +95-2-71876, 73669

အောက်မြန်မာပြည် တစ်ဦးတည်းဖြန့်ချိရေး

**ThuriyaWin Co., Ltd.**
No.003, Shwe Mya Yar Housing, Mya Yar Gone Street,
Mingalar Taung Nyunt Tsp, Yangon, Myanmar.
Tel : 01-8619557, 09-779939981, 09-779939982

NEW ★★★★★ PREMIUM QUALITY




pure enjoyment . pure goodness F&N

# မြန်မာအမျိုးသမီး ပရော်ဖက်ရှင်နယ်ဂေါက်သီးကစားသမား ယဉ်မေမျိုး Singha Championship 2017 ၌ ချန်ပီယံဆု ဆွတ်ခူး



**ထိုင်း မတ် ၂၆**

မတ် ၂၃ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ Rayong Valley Country Club ၌ ကျင်းပခဲ့သည့် Singha Championship 2017 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အမျိုးသမီးပရော်ဖက်ရှင်နယ်ဂေါက်သီးကစားသမား ယဉ်မေမျိုးက ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။

ယဉ်မေမျိုးသည် သုံးရက်ပေါင်း ရိုက်ချက် ၇၅+၆၉+၇၄=၂၁၈ (+၅) ရိုက်ပြီး ထိုင်းနိုင်ငံ ကစားသမားများနှင့် ပြိုင်ဘက်ကစားသမားများကို ကျော်ဖြတ်ကာ ပထမဆုရရှိခဲ့ခြင်းဖြစ်သည်။ ယဉ်မေမျိုးအနေဖြင့် ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက် ကစားသမားအဖြစ် ကူးပြောင်းပြီးနောက်ပိုင်း နိုင်ငံတကာပြိုင်ပွဲတွင် ပထမဆုံး အောင်မြင်မှုရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻

## နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၂၈ ရက် သတင်းစာတွင် ပါရှိမည်

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၂၈ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။ (ကြေးမုံ)

## ခွဲစိတ်ကုသပြီး နှစ်ရက်အကြာ အမြှာညီအစ်ကိုအနက် တစ်ဦးသေဆုံး ကျန်ရှိသည့်ကလေးငယ်မှာ ကျန်းမာရေးကောင်းမွန်

**မန္တလေး မတ် ၂၆**

မန္တလေးမြို့ ခုတင်(၅၅၀)ဆံ့ကလေးဆေးရုံတွင် ၁၄ လ အကြာ တက်ရောက်ဆေးကုသမှုခံယူနေသည့် ဆီးခုံချင်းဆက် အမြွှာကလေးများအား မတ် ၂၃ ရက်တွင် တစ်ဦးချင်းစီဖြစ်အောင် ခွဲစိတ်နိုင်ခဲ့ပြီး ၎င်းတို့အနက် အကြီးဖြစ်သူ မောင်ဝေယံငြိမ်းမှာ မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီခန့်တွင် သေဆုံးသွားကြောင်း သိရသည်။

“ဆရာဝန်ကြီးတွေ ဂရုတစိုက်ကုသပေးနေတဲ့ကြားထဲက အခုလိုဖြစ်သွားတာ သူရဲ့ကံက

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ✻

# ရိုးရာကျွန်းတို့အားပြိုင်သည့် လက်ဝှေ့စိန်ခေါ်ပွဲ ဖျံသွေးနှင့် စိုးလင်းဦး သရေရလဒ်ဖြင့်သာ အဆုံးသတ်

**ရန်ကုန် မတ် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူးကျင်းပသည့် ရိုးရာကျွန်းတို့အားပြိုင်ကြသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

ယနေ့ ယှဉ်ပြိုင်သော ရိုးရာလက်ဝှေ့ ငါးချီအထူးစိန်ခေါ်ပွဲ ပထမပွဲစဉ်ဖြစ်သည့် ကျော်စွာဝင်း(United)နှင့် လင်းထက်အောင်(တောင်ကလေး)တို့တွဲဆိုင်း အချီပြည့်ယှဉ်ပြိုင်သော်လည်း ပူးတွဲသရေဖြစ်ခဲ့သည်။ ဒေါင်းဖြူ(Adventure)နှင့် ကျော်ဝင်းအောင် (အဖြူရောင်သွေးသစ်)တို့ပွဲစဉ်တွင် အမှတ်စဉ် တစ်ကြိမ်နှင့်တစ်ကြိမ် အနားတောင်းခဲ့ရသည့် ကျော်ဝင်းအောင်မှာ စတုတ္ထအချီတွင်ပင် ဒေါင်းဖြူ၏ အားပါသောညာဒူးတိုက်ချက် နံစောင်းထိလဲကျပြီး ပြန်မထနိုင်တော့သဖြင့် ဒေါင်းဖြူအလဲထိုးအနိုင်ရခဲ့သည်။

ရာဇာ(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် သက်ဆိုးပေ(United)တို့ ပွဲစဉ် တတိယအချီမှာပင် ရာဇာ၏ ပါဝါပြင်းသော ဘယ်ဝိုက်လက်သီးက သက်ဆိုးပေ မေးရိုးထိလဲကျပြီး အနားတောင်းလိုက်ရသည်။ စတုတ္ထအချီတွင် ရာဇာ၏ ဘယ်ညာလက်သီးများက သက်ဆိုးပေ မေးရိုးကို အဆက်မပြတ်ထိကာလဲကျပြီး ရာဇာက ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။

မိုက်ရိုင်း(ရွှေဖူး) နှင့်နက္ခအောင်(တောင်ကလေး)တို့ တွဲဆိုင်း ပထမအချီတွင် မိုက်ရိုင်းက လျှပ်တစ်ပြက်ဝင်တိုက်သည်။ အလွတ်ပြန်ရှောင်သည်။ နက္ခအောင်က ပူးသတ်ရန်ကြိုးစားသည်။ တတိယအချီတွင် နက္ခအောင်ကို ပွဲသိမ်းရန်ကြိုးစားမှုက မိုက်ရိုင်းအတွက် အရာမထင်ခဲ့ပေ။ သို့သော် အမှတ်စဉ် နှစ်ကြိမ်နှင့် တစ်ကြိမ်အနားတောင်း

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖



**မိုက်ရိုင်း(ရွှေဖူး)နှင့် နက္ခအောင်(တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။** ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)




HOT LINE - 09 - 787878749, 787878729

ALPHA CEMENT | အယ်လ်ဖာ ဘိလပ်မြေ

တစ်ရက်လျှင် ဘိလပ်မြေ တန်ချိန် (၇ သိန်း) ထုတ်လုပ်သော ကမ္ဘာ့ထုတ်လုပ်မှု ပထမ ဖြစ်သည့် CONCH ကုမ္ပဏီ မှ မြန်မာပြည် တွင်ဂုဏ်ယူစွာထုတ်လုပ်ပါသည်။

ကြေးမုံ
အထူးကဏ္ဍ
၂၇ - ၃ - ၂၀၁၇ (တနင်္လာနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# တစ်နှစ်တာအတွင်း ပညာရေးကဏ္ဍမြှင့်တင်ခြင်းဖြင့် နိုင်ငံတည်ဆောက်

တွေ့ဆုံမေးမြန်း - သွန်းဝသန်၊
ဓာတ်ပုံ - မေဦးမိုး၊ ပညာရေး

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်ရန်အတွက် တိုင်းတာရမည့် ပေတံများအနက် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အထူးအရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်သည်။ အစိုးရသစ်တက်လာပြီးနောက် မြန်မာ့ပညာရေးကို အစွမ်းကုန်မြှင့်တင်ရန်အတွက် မူလတန်းကြိုအရွယ်မှသည် အဆင့်မြင့်နှင့် သက်မွေးပညာရပ်များ သင်ယူတတ်မြောက်သည်အထိ အဆင့်အတန်းပြည့်မီသည့် ပညာရေးစနစ်မျိုးကို ပြုပြင်ပြောင်းလဲခဲ့ရာ အစိုးရသစ်သက်တမ်း တစ်နှစ်တာအတွင်း ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို သိရှိနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲဖို့အတွက် တစ်နှစ်တာအတွင်း ဘယ်လိုမူဝါဒတွေ ချမှတ်ကျင့်သုံးနေပါသလဲ။

ဖြေ။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကလေးများ၊ လူငယ်များရဲ့ ပညာသင်ယူနိုင်မယ့် အခွင့်အလမ်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများရဲ့ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့ကို ဦးတည်ပြီး ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲဖို့အတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ရဲ့ ပညာရေးရည်မှန်းချက်နဲ့အညီ တစ်နှစ်တာကာလအတွင်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကို ဆောင်ရွက်နိုင်ရန် လုပ်ငန်းနယ်ပယ် (၉) ရပ် သတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်က နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဌာန (၂)မှာ ကျင်းပခဲ့ပါတယ်။



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး။



မေး။ ။ အခြေခံပညာကို တစ်နိုင်ငံလုံးက ကလေးသူငယ်တိုင်း လွယ်လင့်တကူ သင်ယူတတ်မြောက်နိုင်ဖို့အတွက် တစ်နှစ်တာအတွင်းမှာ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ခဲ့မှုတွေကိုလည်း ပြောပြပေးပါဦး။

ဖြေ။ ။ အခြေခံပညာကဏ္ဍမှာ ကျောင်းသား ကျောင်းသူတွေရဲ့ ကျောင်းတက်ရောက်မှုဟာ မြို့ပြနဲ့ ကျေးလက်ဒေသ နှိုင်းယှဉ်ရင် မြို့ပြမှာအတန်းအဆင့်ကူးပြောင်းနှုန်း ပိုမိုမြင့်မားပြီး ကျောင်းထွက်နှုန်းနည်းတာ တွေ့ရပါတယ်။ ဒါကြောင့် ကျေးလက်နဲ့ ဝေးလံဒေသက ကလေးတွေ သင်ယူမှုအခွင့်အလမ်းတွေ ပိုရဖို့အတွက် ကျောင်းအဆင့်တိုး သတ်မှတ်ရာမှာ ယခင်ကကျောင်းသားဦးရေ တစ်ခုတည်းအပေါ်မှာသာ သတ်မှတ်ခဲ့ပေမယ့် အခုအခါ ခရီးအကွာအဝေးအခြေအနေကိုပါ ထည့်သွင်းသတ်မှတ်ခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတွေကို အနီးဆုံးတစ်ဆင့်မြင့်ကျောင်းနဲ့ နှစ်မိုင်အကွာ၊ သွားလာရေးလွယ်ကူတဲ့ မြေပြန့်ဒေသတွေအတွက် သုံးမိုင်ခရီးအကွာအဝေးရှိတဲ့ ကျောင်းတွေကို အဆင့်တိုးမြှင့်ပေးဖို့ ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဒီနှစ်အတွက် ကျောင်းပေါင်း ၃၃၁၂ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ ကျောင်းအဆင့်တိုးမြှင့်ပေးရာမှာ အထက်တန်းကျောင်းအဆင့်ကို သတ်မှတ်ကျောင်းသားဦးရေပြည့်မီမှသာ တိုးမြှင့်ပေးပါတယ်။

| အဆင့်တိုးမြှင့်ပေးခဲ့သည့် ကျောင်းဦးရေ | | | | | | | |
|---|---|---|---|---|---|---|---|
| အထက | အလက | အမက | အထက(ခွဲ) | အလက(ခွဲ) | မူလွန် | အမက(ခွဲ) | ပေါင်း |
| ၄၅ | ၅၅ | ၂၃၆ | ၃၁၉ | ၉၀၇ | ၁၂၄၂ | ၅၀၈ | ၃၃၁၂ |

မေး။ ။ တစ်နှစ်တာအတွင်းမှာ ကျောင်းသားကျောင်းသူတိုင်း အခမဲ့မသင်မနေရပညာရေးစနစ်ကို ကျင့်သုံးဖို့ကြိုးပမ်းတဲ့အခါ လက်ရှိဆောင်ရွက်နေတဲ့ အနေအထားကို သိရှိလိုပါတယ်။

ဖြေ။ ။ ကျောင်းသား ကျောင်းသူတွေအားလုံး အခမဲ့မသင်မနေရမူလတန်းပညာရေးကိုပြီးမြောက်ပြီး အလယ်တန်း၊ အထက်တန်းအထိ သင်ယူပြီးမြောက်စေဖို့ ကြိုးပမ်းဆောင်ရွက်ရာမှာ ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းအဆင့်တွေကို ကျောင်းသုံးဖတ်စာအုပ် တစ်စုံစီအခမဲ့ ထောက်ပံ့ပေးခြင်း၊ ငွေကြေးကောက်ခံခြင်း လုံးဝမပြုဘဲ မူလတန်းအဆင့်ကလေးများအား ဗလာစာအုပ်ခြောက်အုပ်စီနဲ့ ကျောင်းဝတ်စုံတစ်စုံစီ အခမဲ့ပံ့ပိုးပေးခဲ့ပါတယ်။ ကျောင်းအပ်နှံရေးသီတင်းပတ်မှာ မိဘပြည်သူလူထုရဲ့ ဝိုင်းဝန်းကူညီပံ့ပိုးမှုကြောင့် ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခြေခံပညာကျောင်းပေါင်း ၄၆၀၀၆ ကျောင်း၊ ဆရာ ဆရာမ ၃ ဒသမ ၆ သိန်း၊ ကျောင်းသားဦးရေ ၉ ဒသမ ၀၇ သန်းအထိ အစိုးရသစ်လက်ထက်မှာ တိုးတက်လာခဲ့ပါတယ်။

အထူးကဏ္ဍ (ခ) သို့ »»



ကျောင်းသား ကျောင်းသူများ ကျောင်းနှင့် ဝန်းကျင် သန့်ရှင်းရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် သန့်ရှင်းရေးဆောင်ရွက်နေစဉ်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန (၇၅)နှစ်ပြည့်အထိမ်းအမှတ် စိန်ရတုသဘင်အခမ်းအနားတွင် ခင်းကျင်းပြသထားသော မြန်မာစာစိန်ရတုပြခန်းကို ကြည့်ရှုစဉ်။

အထူးကဏ္ဍ (က) မှ »»

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ မူလတန်းကျောင်းပေါင်း ၅၂၂ ကျောင်း တိုးလာပြီး ဆရာ ၁၈၀၀၀ ကျော်တိုးလာခဲ့သလို အခမဲ့ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကြောင့် ကျောင်းသား ကျောင်းသူ လေးသိန်းခန့် တိုးလာခဲ့ပါတယ်။

| ပညာသင်နှစ် | ကျောင်း | ဆရာ | ကျောင်းသား |
|---|---|---|---|
| ၂၀၁၅-၁၆ | ၄၅၄၈၄ | ၃၆၈၀၁၂ | ၈၆၅၆၀၉၃ |
| ၂၀၁၆-၁၇ (ဒီဇင်ဘာ) | ၄၆၀၀၆ | ၃၈၆၇၀၉ | ၉၀၇၈၃၆၀ |
| တိုးတက်မှု | ၅၂၂ | ၁၈၆၉၇ | ၄၂၂၂၆၇ |

မေး။ ။ လူတိုင်းအကျုံးဝင်တဲ့ ပညာရေးဖြစ်လာဖို့အတွက် ဘယ်လို ဆောင်ရွက်မှုတွေရှိပါသလဲ။

ဖြေ။ ။ အမြင်အာရုံအားနည်းတဲ့ ကျောင်းသား ကျောင်းသူများက အလက(၅) မရမ်းကုန်းနဲ့ အထက(၅) ကြည့်မြင်တိုင်တို့မှာ တက်ရောက်ပညာသင်ယူနေပြီး အကြားအာရုံအားနည်းတဲ့ ကျောင်းသား ကျောင်းသူများက အထက(၃) ဒဂုံမှာ တက်ရောက်ပညာသင်ယူနေကြပါတယ်။ ကိုယ်လက်အင်္ဂါ မသန်စွမ်းတဲ့ ကျောင်းသား ကျောင်းသူများကလည်း အခြားကျောင်းသား ကျောင်းသူတွေလိုပဲ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေမှာ တက်ရောက်ပညာသင်ယူခွင့်ရှိပါတယ်။ ဒါပေမယ့် ဆရာ ဆရာမတွေက ဒီလို ကျောင်းသား ကျောင်းသူတွေကို စနစ်တကျသင်ကြားသင်ယူပေးနိုင်ဖို့ သင်တန်းတွေပေးပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လူတိုင်းအကျုံးဝင်ပညာရေးကို ပိုမိုအလေးထားဆောင်ရွက်နိုင်ဖို့အတွက် အမြင်အာရုံချို့တဲ့တဲ့ ကျောင်းသား ကျောင်းသူတွေ၊ အကြားအာရုံချို့တဲ့တဲ့ ကျောင်းသား ကျောင်းသူတွေကို ယူနီဆက်နဲ့ပူးပေါင်းပြီး ဗလာစာအုပ်တွေ၊ ကျောပိုးအိတ်တွေနဲ့ အခြားလိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေကို ၂၀၁၆ ခုနှစ် ဇွန်လမှာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။

မေး။ ။ ကျောင်းနေအရွယ်ကလေးငယ်တွေကို အသိပညာဗဟုသုတ တိုးပွားဖို့နဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ အထွေထွေလိုက်နာဖွယ်ရာတွေကို ဝန်ကြီးဌာနအနေနဲ့ ပညာပေးမြှင့်တင်ပေးဖို့ရော ရှိပါသလား။

ဖြေ။ ။ ကျောင်းနဲ့ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေ၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းတွေ၊ ကျောင်းကျန်းမာရေးလုပ်ငန်းတွေ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးစတဲ့ အသိပညာပေး ဟောပြောပွဲတွေကို ဆောင်ရွက်ခဲ့ပါတယ်။ (၁၀) နှစ်ပြည့် ကျောင်းသား ကျောင်းသူတွေအတွက် နိုင်ငံသားကတ်ပြားတွေပေးဝေနိုင်အောင် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ပညာသင်ယူရန် အခက်အခဲရှိသူတွေအတွက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းများ၏ သင်ကြားသင်ယူမှု အထောက်အကူပြုနိုင်ရန်အတွက် ကျောင်းထောက်ပံ့ကြေးများကိုလည်း ထောက်ပံ့ပေးလျက်ရှိပါတယ်။

မေး။ ။ မြန်မာ့ပညာရေး တစ်ခေတ်ဆန်းစေဖို့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ သင်ရိုးညွှန်းတမ်းတွေကို ခေတ်မီတဲ့ သင်ရိုးအဖြစ်ပြောင်းလဲတာတွေကို မြင်တွေ့ရပါတယ်။ အဲဒီအပေါ်မှာရော ရှင်းပြပေးပါဦး။

ဖြေ။ ။ သင်ရိုးညွှန်းတမ်းတွေ မြှင့်တင်ပေးနိုင်ဖို့အတွက် ၂၀၁၆-၁၇ ပညာသင်နှစ်မှာ သူငယ်တန်းသင်ရိုးသစ်ထဲမှာ ကလေးများအား အားကစား၊ သီချင်းသီဆိုခြင်း၊ ကဗျာရွတ်ဆိုခြင်းများနဲ့ သင်ယူနိုင်ဖို့ သင်ကြားပေးနိုင်ရေးအတွက် ဆရာ ဆရာမတွေကို မွမ်းမံသင်တန်းတွေ ကြိုတင်ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါတယ်။ ပထမတန်းတက်မယ့် ကျောင်းသား ကျောင်းသူတွေအတွက် အရေးကျင့်တဲ့စာအုပ်တွေကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ဖြန့်ဝေနိုင်ဖို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ပထမတန်း ကျောင်းသုံး ဖတ်စာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များကို JICA နဲ့ ပူးပေါင်းရေးဆွဲပြုစုပြီး လာမယ့် ပညာသင်နှစ်မှာ အခမဲ့ဖြန့်ဝေနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်နေပါတယ်။ လာမယ့်ပညာသင်နှစ်မှာ သင်ကြားနိုင်ဖို့ ဆရာ ဆရာမတွေကို သင်ကြားသင်ယူမှုမြင့်မားရေးဆိုင်ရာ မွမ်းမံသင်တန်းတွေ ဖွင့်လှစ်ပေးခဲ့ပါတယ်။

အခြေခံပညာကျောင်းများ အရည်အသွေးမြင့်မားရေးကိုလည်း မိဘဆရာအသင်းများနဲ့ ပူးပေါင်းပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ နောက်စာသင်နှစ်မှာ မိဘအုပ်ထိန်းသူတွေက ကိုယ့်ရဲ့သားသမီးစာသင်ခန်းအပြင်ကနေ ကလေးရဲ့ ပညာသင်ယူတတ်မြောက်ရေးအတွက် ဆရာ ဆရာမတွေနဲ့ ပူးပေါင်းလေ့လာစေမှာဖြစ်ပါတယ်။

လာမယ့်ပညာသင်နှစ်ကစပြီး အခြေခံပညာရေးရဲ့ ပညာရည်စစ်ဆေးတိုင်းတာရာမှာ သင်ကြားသင်ယူမှု ပိုမိုကောင်းမွန်အောင် အခန်းဆုံးစစ်ဆေးမှု၊ နှစ်ဝက်စာမေးပွဲ၊ နှစ်ဆုံးစာမေးပွဲတွေနဲ့ ပညာအရည်အချင်းမှတ်တမ်းချုပ်တွေကို ပျမ်းမျှယူပြီး Grading နဲ့ နောက်အတန်းကို တက်ရောက်ခွင့်ပေးတဲ့ပုံစံနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစိုးရသစ်ရဲ့ တစ်နှစ်တာကာလအတွင်းမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းသား ကျောင်းသူများထဲက ကျောင်းခေါ်ကြိမ် ၇၅ ရာခိုင်နှုန်း မပြည့်မီသူတွေနဲ့ သင်ယူမှုအားနည်းသူတွေကို Remedial Education နည်းစနစ်နဲ့ ဖြည့်ဆည်းသင်ကြားမှုကို သင်ကြားပြသပေးနိုင်ခဲ့ပါတယ်။ ကျောင်းသား ကျောင်းသူတွေကိုလည်း ပညာသင်နှစ်ဆုံးလို့ နောက်အတန်းတစ်တန်းကိုတက်ရောက်ရာမှာ တော်၊ သင့်၊ ညံ့ အလိုက် အတန်းမခွဲရအောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အထူးကဏ္ဍ (ဂ) သို့ »»




ပညာရေးကဏ္ဍမြှင့်တင်မှုအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလက တောင်ငူပညာရေးကောလိပ်အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးခဲ့သည်။



ဒေသခံတိုင်းရင်းသားများအား စာသင်ကြားပေးနေမှုကို တွေ့ရစဉ်။

**အခြေခံပညာကျောင်းတွေမှာ တိုင်းရင်းသားဘာသာစကား ၄၉ မျိုးကို သင်ကြားပေးဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ တိုင်းရင်းသား ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့တွေက ပြုစုထားတဲ့အတိုင်း သင်ကြားပေးဖို့ရှိပါတယ်။ တိုင်းရင်းသားဘာသာစာအုပ်တွေကို အခြေခံပညာဦးစီးဌာန ကနေ အခမဲ့ပုံနှိပ်ဖြန့်ဝေနိုင်ဖို့ စီစဉ်ခဲ့တဲ့အပြင် တိုင်းရင်းသားဘာသာစကားတတ်ကျွမ်းတဲ့ သင်ကြားပေးနေတဲ့ ဆရာ ဆရာမတွေကိုလည်း ထောက်ပံ့ကြေးတွေပေးခဲ့ပါတယ်။ နောက်ပိုင်းမှာ တိုင်းရင်းသားဘာသာစကားသင်နိုင်တဲ့ ဒေသခံဆရာတွေကို teaching assistant ခန့်ထားနိုင်ရေးကိုလည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပူးပေါင်းပြီး အနည်းဆုံးပညာအရည်အချင်းသတ်မှတ် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

**အထူးကဏ္ဍ (ခ) မှ »»**

မေး။ ။ ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရာမှာ ကျောင်းသား၊ ကျောင်းသူတွေအတွက် ဘယ်လိုပံ့ပိုးမှုတွေ ပြုလုပ်ခဲ့ပါသေးလဲရှင့်။

ဖြေ။ ။ တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၁၇ ခုနှစ် မတ် ၈ ရက်ကစတင်ခဲ့ရာမှာ ကျောင်းသားဦးရေ ၇ ဒသမ ၁၄ သိန်း ဝင်ရောက်ဖြေဆိုခဲ့လို့ ယခင်နှစ်ကထက် ရှစ်သောင်းကျော် တိုးတက်ဖြေဆိုလာခဲ့ပါတယ်။ မျက်မမြင်၊ ဆွံ့အနားမကြား၊ ကိုယ်လက်အင်္ဂါ မသန်စွမ်းသူတွေနဲ့ အကြောင်းအမျိုးမျိုးကြောင့် စာဖြေဖို့ အခက်အခဲရှိနေတဲ့သူတွေကို စာဖြေဆိုနိုင်ဖို့ စီစဉ်ပေးခဲ့ပါတယ်။ ဆွံ့အနားမကြားသူတွေကို sign language နဲ့ရှင်းပြဖို့အချိန် ၁၀ မိနစ်သတ်မှတ်ပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။

| | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် |
|---|---|---|
| စာမေးပွဲဖြေဆိုသူ (သချာနေ့အထိ) | ၆၃၆၂၃၇ | ၇၁၄၅၂၁ |
| မျက်မမြင်စာဖြေသူ | | ၂၄ |
| ဆွံ့အနားမကြားစာဖြေသူ | | ၂၄ |
| ကိုယ်လက်အင်္ဂါမသန်စွမ်းစာဖြေသူ | | ၁၀၁ |
| လောက်ကိုင်စာစစ်ဌာနစာဖြေသူ | | ၈၇ |
| မြဝတီရွှေ့ပြောင်းမိသားစုမှ စာဖြေသူ | | ၁၀၃ |

မေး။ ။ တိုင်းရင်းသားဘာသာစကားတွေကို ထိန်းသိမ်းကြဖို့အတွက် သင်ကြားပေးတာတွေကို အခြေခံပညာကျောင်းတွေမှာ ထည့်သွင်းသင်ကြားပေးမယ်လို့ သိရပါတယ်။ စီစဉ်ဆောင်ရွက်နေမှုကိုလည်း ပြောပြပေးပါဦး။

ဖြေ။ ။ အခြေခံပညာကျောင်းတွေမှာ တိုင်းရင်းသားဘာသာစကား ၄၉ မျိုးကို သင်ကြားပေးဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ တိုင်းရင်းသားဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့တွေက ပြုစုထားတဲ့အတိုင်း သင်ကြားပေးဖို့ ရှိပါတယ်။ တိုင်းရင်းသားဘာသာစာအုပ်တွေကို အခြေခံပညာဦးစီးဌာနကနေ အခမဲ့ပုံနှိပ်ဖြန့်ဝေနိုင်ဖို့ စီစဉ်ခဲ့တဲ့အပြင် တိုင်းရင်းသားဘာသာစကားတတ်ကျွမ်းတဲ့ သင်ကြားပေးနေတဲ့ ဆရာ ဆရာမတွေကိုလည်း ထောက်ပံ့ကြေးတွေပေးခဲ့ပါတယ်။ နောက်ပိုင်းမှာ တိုင်းရင်းသားဘာသာစကားသင်နိုင်တဲ့ ဒေသခံဆရာတွေကို teaching assistant ခန့်ထားနိုင်ရေးကိုလည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနဲ့ပူးပေါင်းပြီး အနည်းဆုံးပညာအရည်အချင်း သတ်မှတ်စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး။ ။ ဆရာ ဆရာမတွေရဲ့ အရည်အသွေးကို မြှင့်တင်ပေးနေတဲ့ အပိုင်းတွေကိုလည်း သိရှိလိုပါတယ်ရှင့်။

ဖြေ။ ။ ဆရာ ဆရာမတွေရဲ့ ဆရာအတတ်ပညာအရည်အသွေးတွေ ပိုမိုပြည့်ဝစေဖို့အတွက် ပညာရေးကောလိပ်တွေကို လေးနှစ်သင်ဒီဂရီကောလိပ်တွေအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်သွားနိုင်ဖို့ကို Master Plan ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ တစ်နှစ်တာအတွင်း ဆရာ ဆရာမတွေရဲ့ စွမ်းရည်တွေ အားကောင်းလာဖို့အတွက် သင်ကြားရေးဆိုင်ရာ ပံ့ပိုးကူညီခြင်း(Teacher Mentoring)အစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဆရာ ဆရာမတွေရဲ့ ပညာရည်မြင့်မားလာရေးအတွက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းပွဲတွေကိုလည်း ဖွင့်လှစ်ပို့ချပေးခဲ့ပါတယ်။ Teacher Competency Framework ကိုလည်း စတင်ရေးဆွဲနိုင်ခဲ့ပါတယ်။

မေး။ ။ ကျောင်းပြင်ပတစ်သက်တာပညာရေးအတွက် ဆောင်ရွက်နေမှုတွေကိုလည်း ပြောပြပေးပါဦးရှင့်။

ဖြေ။ ။ အကြောင်းအမျိုးမျိုးနဲ့ ကျောင်းတက်ရောက်နိုင်ခြင်းမရှိတဲ့သူတွေနဲ့ ပညာမပြီးဆုံးသေးတဲ့အချိန်တွေမှာ ကျောင်းထွက်လိုက်ရတဲ့သူတွေအားလုံးကို ပညာဆက်လက်သင်ယူနိုင်မယ့်အစီအစဉ်တွေ ချမှတ်ခဲ့ပါတယ်။ ကျောင်းပြင်ပသင်ယူမှုတွေအတွက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနအသစ်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ ကယားပြည်နယ် ပြည်နယ်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလမှာ ရှမ်းပြည်နယ် တောင်ကြီးခရိုင် မြို့နယ် ကိုးမြို့နယ်မှာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေး။ ။ သက်မွေးပညာသင်ကြားလေ့ကျင့်မှုအခြေအနေနဲ့ တစ်နှစ်တာအတွင်းမှာ သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့တဲ့အခြေအနေကိုလည်း ပြောပြပေးပါရှင့်။

ဖြေ။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အစိုးရနည်းပညာအထက်တန်းကျောင်းတွေ၊ စက်မှုလက်မှုသိပ္ပံတွေနဲ့ နည်းပညာကောလိပ်တွေ စုစုပေါင်း ၅၉ ကျောင်းဖွင့်လှစ်ထားရှိပြီး ဆရာ ဆရာမ ၂၀၀၀ ကျော်က ကျောင်းသား ၁၉၀၀၀ ကျော်ကို လေ့ကျင့်ပေးလျက်ရှိပါတယ်။

| | ကျောင်း | ဆရာ | ကျောင်းသား |
|---|---|---|---|
| နည်းပညာကောလိပ် | ၃ | ၁၁၇ | ၃၇၃၃ |
| စက်မှုလက်မှုသိပ္ပံ | ၂၁ | ၉၅၁ | ၁၀၀၇၉ |
| အစိုးရနည်းပညာအထက်တန်းကျောင်း | ၃၅ | ၁၁၇၈ | ၅၈၈၉ |
| စုစုပေါင်း | ၅၉ | ၂၄၄၆ | ၁၉၆၉၁ |

အသက်မွေးမှုပညာရပ်များ ဆည်းပူးလေ့ကျင့်ခွင့်ရရှိစေဖို့၊ နိုင်ငံအတွက် ကျွမ်းကျင်လုပ်သားတွေ များများမွေးထုတ်ပေးနိုင်ဖို့ရည်ရွယ်ပြီး ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)၊ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း(SMVTI) တို့ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျွမ်းကျင်မှုအခြေပြု ကာလတို သက်မွေးပညာသင်တန်းများပို့ချပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ တာဝန်ယူနေစဉ်အတွင်းမှာ အစိုးရစက်မှုလက်မှုသိပ္ပံ အင်းစိန် GTI ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပြန်လည်လွှဲပြောင်းလက်ခံရယူပြီး ပုံမှန်သင်တန်းများဖွင့်လှစ်နိုင်ရန်ဆောင်ရွက်နေပြီး အရင်လို ပြန်လည်အသက်ဝင်လာတော့မှာ ဖြစ်ပါတယ်။

မေး။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အစိုးရသစ်ရဲ့ တစ်နှစ်တာဖြတ်သန်းမှုအတွင်းမှာ အဆင့်မြင့်ပညာသင်ကြားနေတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ဆောင်ရွက်နေမှုတွေကိုလည်း ပြောပြပေးပါဦး။

ဖြေ။ ။ အဆင့်မြင့်ပညာကဏ္ဍမှာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းပေါင်း ၁၇၆ ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုနဲ့က ၁၃၃ ကျောင်းရှိပါတယ်။ အဲဒီကျောင်းတွေအားလုံးကို ဖွင့်လှစ်ထားရှိပြီး ဆရာ ဆရာမ ၂၁၀၀၀ ကျော်က ကျောင်းသား ကျောင်းသူပေါင်း ၈ ဒသမ ၃၅ သိန်းကို လေ့ကျင့်သင်ကြားပေးနေတာ ဖြစ်ပါတယ်။

| | ကျောင်း | ဆရာ | ကျောင်းသား |
|---|---|---|---|
| တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ် | ၄၈ | ၁၃၂၀၀ | ၇၄၂၁၁၉ |
| နည်းပညာ/ကွန်ပျူတာ | ၆၀ | ၆၁၅၆ | ၇၆၉၆၀ |
| ပညာရေးကောလိပ် | ၂၅ | ၁၈၈၉ | ၁၆၃၅၄ |
| စုစုပေါင်း | ၁၃၃ | ၂၁၂၄၅ | ၈၃၅၄၃၃ |

တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ပညာသင်ယူခွင့်ပိုမိုရရှိစေနိုင်ဖို့အတွက် ၂၀၁၆ ခုနှစ်မှာ ဟားခါးကောလိပ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တောင်ကုတ်ကောလိပ်ကို အဆင့်မြှင့်တင်ပြီး ဒီဂရီကောလိပ်အဖြစ်

**အထူးကဏ္ဍ (ဃ) သို့ »»**



စာတတ်မြောက်မှုနှုန်းတိုးတက်မြင့်မားရေးအတွက် စာမတတ်သူပပျောက်ရေးလုပ်ငန်းများကို ကျေးရွာများအထိ သွားရောက်သင်ကြားပေးလျက်ရှိသည်။



သက်မွေးသင်တန်းကျောင်းမှ သင်တန်းသားများ မုန့်ဖုတ်လုပ်ငန်း လက်တွေ့သင်ကြားနေသည်ကို တွေ့ရစဉ်။

အထူးကဏ္ဍ (ဂ) မှ »»
တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ တောင်ငူပညာရေးကောလိပ်အဆောက်အအုံသစ်ကို JICA ရဲ့အကူအညီနဲ့ မြေနေရာအသစ်မှာ ပြောင်းရွှေ့တည်ဆောက်ခဲ့ပါတယ်။ ဒါတွေက အစိုးရသစ်ရဲ့ တစ်နှစ်တာအတွင်း ပညာရေးကဏ္ဍက တိုးတက်မှုတွေဖြစ်ပါတယ်။

သို့သော်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အဆင့်မြင့်ပညာတက္ကသိုလ်တွေမှာ တက်ရောက်နေတဲ့ ကျောင်းသား ကျောင်းသူတစ်ဝက်ကျော်က အဝေးသင်ပညာရေးစနစ်နဲ့ သင်ယူနေကြရတာကို တွေ့ရပါတယ်။ ပုံမှန်နေ့စဉ်တက်ရောက်ရတဲ့ ကျောင်းသား ကျောင်းသူအနည်းငယ်အတွက်ကိုပဲ အဆောင်နေထိုင်နိုင်ဖို့ ခွင့်ပြုနိုင်ပါသေးတယ်။ ပညာကို လုံခြုံစိတ်ချစွာလေ့လာသင်ယူနိုင်ဖို့အတွက် ကျောင်းသား ကျောင်းသူအိပ်ဆောင်တွေ ဖြည့်ဆည်းပေးပြီး အဆင့်မြင့်ပညာသင်ယူမှုအခွင့်အလမ်းတိုးမြှင့်နိုင်ရေးနဲ့ တန်ဖိုးရှိတဲ့တက္ကသိုလ်ပညာရပ်ဝန်းကျင်ကောင်းဖြစ်ရေးကိုဦးတည်ပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းတွေအများကြီး အကောင်အထည်ဖော်ဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။

မေး။ ။ ပညာရေးဝန်ထမ်းတွေဖြစ်တဲ့ ဆရာ ဆရာမတွေရဲ့ အရည်အသွေးမြှင့်တင်မှုတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်နေမှုနဲ့ ဝန်ကြီးဌာနအနေနဲ့ ပညာရေးဝန်ထမ်းတွေအတွက် ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းတွေအကြောင်း ပြောပြပေးပါဦးရှင့်။

ဖြေ။ ။ ဆရာ ဆရာမတွေအပါအဝင် ပညာရေးဝန်ထမ်းတွေ အားလုံးအတွက် ဒေသနဲ့လိုက်လျောညီထွေဖြစ်စေမယ့် သင်ကြားသင်ယူမှု ညှိနှိုင်းဆွေးနွေးပွဲတွေကို တစ်နှစ်တာလုံး ဆောင်ရွက်လျက်ရှိပါတယ်။ ဆရာတွေရဲ့ ဘာသာရပ်နယ်ပယ်အလိုက် သင်ကြားမှု၊ အတန်းဝင်ရောက်ပို့ချမှုတွေကို အလုံးစုံသိရှိနိုင်ဖို့အတွက် ဆန်းစစ်လွှာပုံစံတွေနဲ့ စစ်ဆေးအကဲဖြတ်ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်မှုဆောင်ရွက်ရန်အတွက် Master Plan ရေးဆွဲပြုစုသွားဖို့ကို ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာ ရှိပါတယ်။ ဒါတင်မကသေးပါဘူး ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်အပါအဝင် တက္ကသိုလ်အသီးသီးမှာ နှစ်ပတ်လည်နေ့အထိမ်းအမှတ်သုတေသနစာတမ်းဖတ်ပွဲတွေ ကျင်းပပေးတာ၊ သိပ္ပံပွဲခင်းတွေ ပြန်လည်ကျင်းပတာ၊ စာအုပ်ပြပွဲတွေ ကျင်းပပေးခဲ့တဲ့အပြင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတည်ထောင်ခြင်း (၇၅) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကိုလည်း အောင်မြင်စွာနဲ့ ကျင်းပနိုင်ခဲ့ပါတယ်။

တက္ကသိုလ်တွေအားလုံးအပါအဝင် မြန်မာနိုင်ငံအရပ်ရပ်က ဒီဂရီကောလိပ်တွေနဲ့ ကောလိပ်တွေအားလုံးမှာ ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာအရည်အသွေးမြင့်မားဖို့အတွက် ရည်ရွယ်ပြီး စာစီစာကုံးပြိုင်ပွဲတွေ၊ ကျပန်းစကားပြောပြိုင်ပွဲတွေနဲ့ စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်တွေကို အကြိမ်ပေါင်းများစွာ လေ့ကျင့်ကျင်းပပေးနိုင်ခဲ့ပါတယ်။

ပညာရေးဝန်ထမ်းတွေရဲ့ လစာငွေတွေကို ဘဏ်စာရင်းမှ လွယ်လင့်တကူပြည့်ဝစွာလွှဲပြောင်းထုတ်ယူနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ရုံး၊ ကျောင်း၊ တက္ကသိုလ်တွေမှာရှိတဲ့ အရာထမ်း၊ အမှုထမ်းပေါင်း ၁၈၀၀၅ ဦးအတွက် MPU Card ကို အသုံးပြုပြီး လစာကို ထုတ်ယူနိုင်ပြီဖြစ်ပါတယ်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်တွေမှာရှိတဲ့ ပါမောက္ခချုပ်တွေနဲ့ ဒုတိယပါမောက္ခချုပ်တွေ၊ ပါမောက္ခတွေအပါအဝင် ဆရာ ဆရာမတွေနဲ့ အရာထမ်း၊ အမှုထမ်းတွေအားလုံးရဲ့ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေဖို့ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းတွေ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒ့ါအပြင် သင်ရိုးညွှန်းတမ်းမြှင့်တင်ရေး၊ ဘာသာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွေနဲ့ သင်တန်းတွေကို ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ အင်္ဂလိပ်စာအရည်အသွေးမြင့်မားရေးသင်တန်းတွေနဲ့ ICT သင်တန်းတွေကို ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါတယ်။

ပညာအရည်အသွေးမြင့်မားရေးအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာစိတ်ဓာတ်အပြည့်နဲ့ သင်ကြားပို့ချပေးနေတဲ့ ဆရာ ဆရာမတွေ၊ ကျောင်းအုပ်တွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေအားလုံးရဲ့ လိုအပ်ချက်တွေ၊ အခက်အခဲတွေဖြစ်တဲ့ ကျောင်းဆောင်၊ စာသင်ခန်း၊ စာသင်ခုံ၊ ပရိဘောဂ၊ အိမ်သာ၊ သောက်သုံးရေ၊ သင်ထောက်ကူပစ္စည်းတွေ၊ စာကြည့်တိုက်တွေနဲ့ ကျောင်းသား ကျောင်းသူအိပ်ဆောင်တွေ၊ ဝန်ထမ်းအိမ်ရာတွေအပါအဝင် ICTဆိုင်ရာ လိုအပ်ချက် စတာတွေကိုလည်း ဖြည့်ဆည်းပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ထိထိရောက်ရောက် ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတာနဲ့အတူ အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေးတွေနဲ့ နည်းပညာ၊ သက်မွေးပညာရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး စတဲ့ အပိုင်းကဏ္ဍအသီးသီးက ပညာရေးကဏ္ဍကို မြှင့်တင်ပေးနေပါတယ်။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအရလည်း သင်ယူမှုအခွင့်အလမ်းမြင့်မားရေး၊ ကျောင်းတက်ရောက်နှုန်းမြင့်မားရေး၊ ကျောင်းထွက်နှုန်း လျော့နည်းရေး၊ ကျောင်းနေအရွယ်အားလုံး မူလတန်းပညာသင်ယူပြီးမြောက်ရေးနဲ့ အလယ်တန်း၊ အထက်တန်းပညာ ဆက်လက်သင်ယူပြီးမြောက်၍ လုပ်ငန်းကျွမ်းကျင်သူများ၊ အရည်အသွေးပြည့်ဝသော ဘွဲ့ရလူငယ်မောင်မယ်များအဖြစ် ပြုစုပျိုးထောင်သင်ကြားလေ့ကျင့်ရေးအတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူလူထု၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ၊ ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ပူးပေါင်းပြီး အလေးထား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေတဲ့အကြောင်း တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့တာတွေကို ပြည်သူလူထုကို တင်ပြလိုပါတယ်။

အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။



စင်ကာပူ-မြန်မာ သက်မွေးသင်တန်းကျောင်းမှ သင်တန်းသားများအားတွေ့ရစဉ်။

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နိုင်ခဲ့မှုများ

နိုင်လင်းကြည်



**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ။**

အလုပ်သမားတစ်ဦးသည် ပြည်တွင်း၌ အလုပ်လုပ်သည်ဖြစ်စေ၊ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သည်ဖြစ်စေ အလုပ်သမားတစ်ဦး၏ ရရှိရမည့်အကျိုးခံစားခွင့်များနှင့် အလုပ်သမားရေးကိစ္စရပ်များကို အလုပ်သမားတစ်ဦးတည်းဖြင့် ဖြေရှင်းနိုင်ရန်ခက်ခဲပြီး သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၊ အေဂျင်စီ စသည်ဖြင့် အဖွဲ့အစည်းအသီးသီးနှင့် ဥပဒေအသီးသီးတို့ရှိမှသာလျှင် ၎င်းအလုပ်သမား၏ လူမှုစီးပွားဘဝအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှုသော အလုပ်အကိုင်အခွင့်အလမ်းများနှင့် အလုပ်သမားရေးရာကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားရေးရာဆိုင်ရာလုပ်ငန်းများနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများဟူ၍ နှစ်ပိုင်းခွဲခြားဆောင်ရွက်လျက်ရှိသည်။

အလုပ်သမားရေးရာဆိုင်ရာကိစ္စရပ်များဆောင်ရွက်နိုင်ရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနဟူ၍ ဦးစီးဌာန လေးခုဖြင့် ဆောင်ရွက်လျက်ရှိပြီး လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် ပြည်သူကိုဗဟိုပြု၍ ပြည်သူတို့၏ လိုအပ်ချက်ကို အမှန်တကယ်အကျိုးသက်ရောက်မှုရှိပြီး ထိရောက်မြန်ဆန်စွာ ဖြည့်ဆည်းပေးနိုင်ရေး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနဟူ၍ ဦးစီးဌာန သုံးခုဖြင့် ဆောင်ရွက်လျက်ရှိသည်။

**လုပ်ခဝင်ငွေ**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သားအင်အားကို စနစ်တကျနှင့် အကျိုးရှိစွာအသုံးချနိုင်ရေး၊ အမှန်တကယ် အလုပ်လုပ်နိုင်သူများကို သင့်တော်ကောင်းမွန်သည့်လုပ်ငန်းခွင်များ၌ နေရာချထားပေးခြင်းဖြင့် အလုပ်သမားများအတွက် လုပ်ခဝင်ငွေများရရှိနိုင်ပြီး အလုပ်သမားများ၏ ဆင်းရဲမှုကိုလျှော့ချပေးနိုင်ရေး၊ စည်းကမ်းကောင်းမွန်ပြီး စွမ်းဆောင်ရည်ထက်မြက်သည့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေး၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခြင်းဖြင့် မြန်မာအလုပ်သမားထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်သမားများအတွက် လုပ်ငန်းခွင်အေးချမ်းသာယာ၍ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သင့်တော်ကောင်းမွန်သော လုပ်ငန်းခွင်များဖန်တီးပေးရေး စသည့်မူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**ခိုင်မာတိကျသော လူဦးရေ**

အလုပ်သမားများအား အကာအကွယ်ပေးနိုင်မည့် ခိုင်မာသောဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်ပေးရေး၊ အလုပ်သမားများ အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် လူမှုဖူလုံရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအလုပ်သမားရေးရာကိစ္စရပ်များတွင် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လူမျိုးမပျောက်စေရေးအတွက် အဓိကဆောင်ရွက်ရမည့် နိုင်ငံသားလုပ်ငန်း၊ နိုင်ငံခြားသားထိန်းသိမ်းမှုလုပ်ငန်းများကို ဝန်ကြီးဌာနဝန်ထမ်းများမှ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏လုံခြုံရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် စီမံကိန်းများရေးဆွဲရာတွင် အထောက်အကူပြုစေမည့် ခိုင်မာတိကျသော လူဦးရေ စာရင်းဇယားများနှင့် အညွှန်းကိန်းများရရှိရေး စသည့်မူဝါဒများကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ချမှတ်ထားသော မူဝါဒနှင့် ရည်မှန်းချက်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး အလုပ်သမားရေးရာဆိုင်ရာ ကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်း/ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်ရှာဖွေဖော်ထုတ်ပေးလျက်ရှိပြီး လုပ်သားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုလေ့ကျင့်ရေး၊ ကျွမ်းကျင်လုပ်သားလိုအပ်ချက်များနှင့်အညီ အလုံအလောက်မွေးထုတ်ပေးနိုင်ရေး၊ ကျွမ်းကျင်မှုလက်မှတ်များထုတ်ပေးနိုင်ရေးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ အလုပ်အကိုင် အခွင့်အလမ်းပြပွဲများကျင်းပပြီး အလုပ်ရှင်နှင့် အလုပ်သမားများ တစ်နေရာတည်း၌ တွေ့ဆုံအလုပ်ဖြစ်နိုင်မည့် လုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်အကိုင် ကျွမ်းကျင်မှုစံများနှင့် သင်ရိုးညွှန်းတမ်း ရေးဆွဲသတ်မှတ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ သတ်မှတ်ထားသည့် ကျွမ်းကျင်မှုစံနှုန်းစစ်ဆေးရေးဌာနများတည်ထောင်ပြီး လေ့ကျင့်ရေးနည်းပြများနှင့် စစ်ဆေးရေးမှူးများအား လေ့ကျင့်သင်တန်းပေးခြင်းကိုလည်းကောင်း၊ ပုဂ္ဂလိက၊ ဖက်စပ်၊ ကိုယ်တိုင်လုပ်ငန်းနှင့် အခြားလုပ်ငန်းများရှိ အလုပ်ဌာနနှင့် လုပ်သားဦးရေစာရင်းများ၊ စက်မှုဇုန်များရှိ စက်ရုံ/အလုပ်ရုံ၊ အလုပ်ဌာနများနှင့် အလုပ်သမားဦးရေစာရင်းများ၊ အလုပ်အကိုင်၊ အခကြေးငွေနှင့် အလုပ်ချိန်ဆိုင်ရာစာရင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရုံးများက ကွင်းဆင်းကောက်ယူခြင်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

**အနည်းဆုံးအခကြေးငွေ**

မြန်မာလုပ်သားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အနည်းဆုံးအခကြေးငွေကို သတ်မှတ်၍ ဥပဒေနှင့်အညီ ခံစားခွင့်များရရှိရေးနှင့် ၂၀၁၄-၂၀၁၅ ခုနှစ်နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တို့အတွက် အညွှန်းကိန်းများပါဝင်သော လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာစောင်ထုတ်ဝေနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းများအပြင် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် ပတ်သက်ပြီး အသိပညာတိုးမြှင့်ရေးဆွေးနွေးပွဲများကျင်းပခြင်း၊ တည်ဆဲအလုပ်သမားဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲခြင်း၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါအတိုင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ချုပ်ဆိုရန်အကျုံးဝင်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် ကုမ္ပဏီများ၌ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်များကို ချုပ်ဆိုဆောင်ရွက်ပေးလျက်ရှိသည်၊

လုပ်သားအခြေပြုလုပ်ငန်းများဖြစ်သော အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ လက်ခစားလုပ်ငန်းများ ဆက်လက်ရှင်သန်ရေးနှင့် ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ အလုပ်ရှင်နှင့် အလုပ်သမားများ အသိအမြင်တိုးမြှင့်ရေး ဆွေးနွေးပွဲများနှင့် စက်မှုဇုန်များ၌လည်း အလုပ်သမားဥပဒေဆိုင်ရာ ပညာပေးအလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပေးနိုင်ခဲ့သည်။

ပြည်တွင်းအလုပ်အကိုင်နှင့် ပတ်သက်၍ လူဦးရေတိုးနှုန်း၊ ဂျီဒီပီတိုးနှုန်းများပေါ်မူတည်၍ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရေးအတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၏ အလုပ်သမား လိုအပ်ချက်များနှင့်အညီ အလုပ်ရှင်များနှင့် အလုပ်ရှာဖွေသူများ လူကိုယ်တိုင်သော်လည်းကောင်း၊ ဆက်သွယ်ဆောင်ရွက်နိုင်သည့် ဆက်သွယ်ရေးကွန်ရက်များမှတစ်ဆင့်သော်လည်းကောင်း အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေနိုင်သည့်စနစ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**နည်းဥပဒေများကို ရေးဆွဲ**

အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်းများကို ဥပဒေနှင့်အညီဖွဲ့စည်းကာ ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သော အလုပ်သမားအဖွဲ့အစည်းဥပဒေများနှင့်အညီ နည်းဥပဒေများကို ရေးဆွဲ၍ အလုပ်သမားအဖွဲ့အစည်းအသစ်များ ပေါ်ပေါက်လာစေရေး၊ အလုပ်သမားဥပဒေများနှင့် နည်းဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ရေးဆွဲခြင်းနှင့် မလိုအပ်သည့် ဥပဒေနှင့်နည်းဥပဒေများ

**အထူးကဏ္ဍ (စ) သို့ »»**



**ယခုနှစ် ဖေဖော်ဝါရီလက ရန်ကုန်မြို့တွင်ကျင်းပခဲ့သည့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပစဉ်။**



**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ စမတ်ကတ်စမ်းသပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

**အထူးကဏ္ဍ (င) မှ »»**

ကို ရုပ်သိမ်းခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ပေးနိုင်ရန် လုပ်ငန်းခွင်အရောက် Mobile Medical Unit များဖြင့် သွားရောက်စစ်ဆေးကုသပေးလျက်ရှိသည်။ အာမခံအလုပ်သမားများအား မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှုကြောင့် လုပ်ခဝင်ငွေရပ်စဲခံရသည့်အခါ လူမှုဖူလုံရေးအဖွဲ့က ငွေလက်ငင်းအကျိုးခံစားခွင့်များထုတ်ပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်အရ အာမခံအလုပ်သမားများအဖြစ် လုပ်ငန်းအတည်တကျရှိသည့် အလုပ်သမားများသာမက၊ လုပ်ငန်းအတည်တကျမရှိသည့် အလုပ်သမားများပါ မိမိဆန္ဒအလျောက်ဝင်ရောက်လိုသူများကိုပါ အကျုံးဝင်စေနိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ လူမှုဖူလုံရေးအာမခံအလုပ်သမားအင်အား စစ်တမ်းကောက်ယူခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပြီး လူမှုဖူလုံရေးဆေးရုံကြီးများနှင့် ဆေးခန်းများ အဆင့်မြှင့်တင်ရေး၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ပိုမိုထောက်ပံ့ပေးနိုင်ရေးနှင့် ကျန်းမာရေးဝန်ထမ်းများ ပိုမိုခန့်ထားနိုင်ရေး၊ ကျန်းမာရေးဆိုင်ရာ စစ်ဆေးကုသရေးကိရိယာများ တိုးတက်တပ်ဆင်ပေးနိုင်ရေးတို့ကိုလည်း အလေးပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်ပြန်ဝင်ခွင့်ဗီဇာ**

နိုင်ငံသားများ၊ နိုင်ငံခြားသားများ ပြည်တွင်း ပြည်ပ ဝင်/ထွက်မှု စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများ၊ နိုင်ငံခြားသားများ ပြည်တွင်း၌ နေထိုင်သွားလာလှုပ်ရှားမှုများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်များနှင့် နယ်စပ် ဝင်/ထွက်ပေါက်များမှ ဝင်/ထွက်မှုများ၊ နိုင်ငံခြားသား ထိန်းသိမ်းရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်ရန်၊ နိုင်ငံခြားသားအတွက် ဆိုက်ရောက်ဗီဇာ (Visa on Arrival)၊ e-Visa ဆောင်ရွက်ပေးခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်၊ နိုင်ငံခြားသားများ၏ ဆက်လက်နေထိုင်ခွင့်နှင့် အကြိမ်ကြိမ်ပြည်ပြန်ဝင်ခွင့်ဗီဇာ သက်တမ်းတိုးလျှောက်ထားခြင်းများ၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်သည့် နိုင်ငံခြားသားများအား အရေးယူခြင်း၊ ပြစ်ဒဏ်စေ့ရောက်သည့် နိုင်ငံခြားသားများအား ပြည်နှင်ဒဏ်ပေးခြင်းဆိုင်ရာ လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံသား ပြန်လည်ခံယူခွင့်လျှောက်ထားသူများနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်၊ နိုင်ငံခြားသားများ ပဏာမမှတ်ပုံတင်ဆိုင်ရာ လုပ်ငန်းများနှင့် နိုင်ငံခြားသားမှတ်တမ်းထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်တို့ကိုလည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**အလုပ်ခန့်ထားနိုင်ရေး**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် အွန်လိုင်းမှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အလုပ်အကိုင်ရရှိမှု အစိုးရနှင့် ပုဂ္ဂလိကနှစ်ရပ်ပေါင်း ၁၈၃၄၂၂ ရှိခဲ့ကြောင်း သိရသည်။

**ရွှေ့ပြောင်းလုပ်သား**

နိုင်ငံတော်အစိုးရသည် ရွှေ့ပြောင်းအလုပ်သမားများသွားရောက် အလုပ်လုပ်ကိုင်ရာ ဒေသတွင်း လိုအပ်ချက်များအတွက် သင့်လျော်သော မူဝါဒနှင့် အစီအစဉ်များချမှတ်၍ ပြည်ပရှိရွှေ့ပြောင်းအလုပ်သမားများ၏ အခြေခံလူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးများ ထောက်ပံ့ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာနိုင်ငံ၏ အလုပ်သမားဥပဒေအရ အကာအကွယ်နှင့် အကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုများနှင့် ဆက်သွယ်နိုင်ရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစီမံချက်များဖြစ်သော အလုပ်သမားများရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်မှုပေးခြင်းနှင့် ကူညီဆောင်ရွက်ပေးခြင်း၊ အလုပ်သမားများရွှေ့ပြောင်းသွားလာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု အချက်အလက်များစုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ပြည်ပနိုင်ငံများ၏ အလုပ်အကိုင်ဈေးကွက်သတင်းရယူခြင်း၊ အလုပ်သမားလက်ခံသည့်နိုင်ငံနှင့် နှစ်နိုင်ငံအလုပ်သမားစေလွှတ်ခြင်းဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ထိုင်းနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့နှင့် MoU လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ၂၀၁၆ ဇန်နဝါရီလမှ ၂၀၁၇ ဖေဖော်ဝါရီလအတွင်း ၅၉၈၁ ဦးစေလွှတ်နိုင်ခဲ့သည်။

**အထောက်အထားမဲ့**

မလေးရှားနိုင်ငံသို့ ရောက်ရှိနေသော အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား တရားဝင်နေထိုင် အလုပ်လုပ်ကိုင်နိုင်ရေး သာမန်နိုင်ငံကူးလက်မှတ်များကို ထုတ်ပေးခဲ့ရာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ၂၀၁၆ ခုနှစ် ဇူလိုင်လအထိ ၃၇၉၁ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဂျပန်နိုင်ငံသို့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ အလုပ်သမား ၂၇၈၉ ဦးစေလွှတ်ခဲ့ပြီး ဂျပန်နိုင်ငံ၏ ဥပဒေသစ်အရ အလုပ်သင်အလုပ်သမား အစီအစဉ်တစ်ရပ်ဖြစ်ပေါ်ရေးနှင့် အလုပ်သင်အလုပ်သမားများအား ထိရောက်စွာကာကွယ်စောင့်ရှောက်ရေးအတွက် ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံနှင့် နည်းပညာသင်တန်းသားစေလွှတ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းထားဆဲဖြစ်သည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ ပြည်ပနိုင်ငံများသို့ တရားဝင်စေလွှတ်ခဲ့သော အလုပ်သမား ၁၆၁၂၉၅ ဦးအထိရှိလာခဲ့သည်။

ရွှေ့ပြောင်းလုပ်သားများ လုံခြုံစွာရွှေ့ပြောင်းသွားလာ လုပ်ကိုင်နိုင်ရေးအတွက် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တို့တွင် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန(MRC)ရုံး စုစုပေါင်း ၁၂ ရုံး ဖွင့်လှစ်ခဲ့ပြီး အစိုးရသစ်တစ်နှစ်တာကာလအတွင်း နှစ်ရုံးထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။

**ကျွမ်းကျင်မှုအကဲဖြတ်**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျွမ်းကျင်မှုအကဲဖြတ်ရေး ရွေ့ပြေးစီမံချက် ပထမအဆင့်နှင့် ဒုတိယအဆင့်များတွင် အလုပ်အကိုင် ၁၁ မျိုးအတွက် အောင်မြင်ခဲ့သော သင်တန်းသား ၇၂၇ ဦးအား အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု (Level-1) အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ပြီးဖြစ်သည်။ ယခုတတိယအဆင့်မှာ ကျွမ်းကျင်လုပ်သား ၂၅၁ ဦးအား အမျိုးသားအဆင့် (၁) နှင့် (၂) ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များကို အလုပ်အကိုင် ၁၆ မျိုးအတွက် ရန်ကုန်မြို့ UMFCCI ၌ ကျင်းပခဲ့သည့် အခမ်းအနားတွင် ထုတ်ပေးနိုင်ခဲ့သည်။

**ပြည်ပအလုပ်အကိုင်လမ်းညွှန်**

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းကို ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကုန်)နှင့် (မန္တလေး)တို့တွင် ယခုနှစ် ဇန်နဝါရီလမှ စတင်အခမဲ့ဖွင့်လှစ်ပြီး ပြည်ပနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်ရန် ကြိုတင်ပြင်ဆင်ခြင်း၊ နိုင်ငံများ၏ ပထဝီ၊ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု၊ လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ သိသင့်သည့်အချက်များ၊ အလုပ်သမားရေးရာဥပဒေများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်း၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သိရှိသင့်သည့်အချက်များ၊ အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ်ပါ အချက်များ၊ ဆက်သွယ်အကူအညီ တောင်းခံမည့်နေရာများ၊ ပြည်ပထွက်ခွာခြင်း၊ အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်းတို့ကို သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့် အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်နှင့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်ရရှိစေရေးသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပြီး ယင်းဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာန ၁၈ ခုနှင့်ပူးပေါင်းကာ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းများဖြစ်သည့် အခြေခံဂဟေဆက်သင်တန်း၊ ကြီးကြပ်ရေးမှူးသင်တန်း၊ စစ်ဆေးရေးမှူးသင်တန်း၊ လေအေးပေးစက်ပြုပြင်ခြင်းသင်တန်း၊ ကိုရီးယားဘာသာသင်တန်း၊ ပြည်ပအလုပ်အကိုင်သင်တန်းနှင့် ပြည်ပသို့မထွက်ခွာမီ အကြိုသင်တန်းတို့ကို ပြီးခဲ့သည့်နှစ် ဧပြီလမှ ယခုနှစ် ဖေဖော်ဝါရီလအထိ သင်တန်းသား သင်တန်းသူ ၂၉၈၅၄ ဦးတို့ကို သင်ကြားပေးနိုင်ခဲ့သည်။

**လူမှုဖူလုံရေးဆိုင်ရာ**

အလုပ်သမားတစ်ဦး နိစ္စဓူဝအလုပ်လုပ်နိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုရှိရန် လိုအပ်သည်။ ယင်းလိုအပ်ချက်အတွက် လူမှုဖူလုံရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုများပိုမိုပေးအပ်နိုင်ရန် ရည်ရွယ်၍ အလုပ်သမားဆေးရုံကြီး(ရန်ကုန်၊ မန္တလေး၊ ထန်းတပင်) ဆေးရုံများတွင် ခွဲစိတ်ရောဂါ၊ သားဖွားနှင့် မီးယပ်ရောဂါ၊ အရိုးရောဂါ၊ အထွေထွေရောဂါ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားရောဂါ၊ ပြန်လည်သန်စွမ်းရေးဆိုင်ရာကုသမှုများကို အထူးကုဆရာဝန်ကြီးများဖြင့် ၂၄ နာရီ ဝန်ဆောင်မှုများပေးလျက်ရှိရာတွင် ပြီးခဲ့သည့်နှစ် ဧပြီလမှ ယခုနှစ် ဇန်နဝါရီလအထိ အလုပ်သမားဆေးရုံကြီး သုံးရုံတွင် ဆေးကုသမှုခံယူသည့်

**အထူးကဏ္ဍ (ဆ) သို့ »»**

အထူးကဏ္ဍ (၈) မှ »»

လူနာဦးရေမှာ ၇၁၀၂၈ ဦးရှိပြီး လုပ်ငန်းခွင်အရောက် ကွင်းဆင်းဆေးကုသပေးမှု ၈၂၈၁ ဦးရှိခဲ့ကြောင်း သိရသည်။

ယမန်နှစ် ဧပြီလမှ ယခုနှစ် ဇန်နဝါရီလအထိ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်းတွင် ဆေးကုသမှုခံယူခဲ့သည့် ပြင်ပလူနာ ၃၅၅၇၀၄ ဦး၊ ဆေးရုံတက်လူနာ ၅၆၉၁ ဦး၊ ကျန်းမာရေးပညာပေးဟောပြောမှုနှင့် ကွင်းဆင်းဆေးကုသမှုမှာ ၁၆၆၀ ကြိမ်ဖြစ်ပြီး ကွင်းဆင်းဆေးကုသစဉ် ဆေးကုသမှုခံယူသည့် လူနာဦးရေမှာ ၃၁၂၇၄ ဦးဖြစ်သည်။ MMU နယ်လှည့်ဆေးကုသယာဉ်ဖြင့် အာမခံလုပ်သားများကို နယ်လှည့်ဆေးကုသပေးလျက်ရှိရာမှာ အလုပ်ဌာနပေါင်း ၁၃၄၀ တွင်ရှိသော အလုပ်သမား ၃၄၀၃၅ ဦးကို အစိုးရသစ် တစ်နှစ်တာကာလအတွင်း ကုသပေးပြီးဖြစ်သည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်၌ လူမှုဖူလုံရေးဆေးခန်းကို ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး အာမခံအလုပ်သမားများအား ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ပုဂ္ဂလိကဆေးခန်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် အာမခံအလုပ်သမားများပြားသည့် မင်္ဂလာဒုံမြို့နယ်တွင် လူမှုဖူလုံရေးကဲဝဲလ်ဆေးခန်းအား Care Well Medical Co., Ltd. နှင့်ပူးပေါင်း၍ ယခုနှစ် မတ် ၄ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များရရှိနိုင်ရေးအတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ စတင်ပြဋ္ဌာန်းပြီးချိန်မှစ၍ ယခုနှစ် ဇန်နဝါရီလအထိ လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြား(Smart Card) ၆၉၇၇၈၁ ကတ်နှင့် ယာယီကတ် ၅၁၂၉၉၅ ကတ်ကို ထုတ်ပေးပြီးဖြစ်သည်။ အစိုးရသစ်တစ်နှစ်တာကာလအတွင်း Smart Card ၄၁၀၅၅ ကတ်နှင့် ယာယီကတ် ၂၈၈၃၁၅ ကတ်ကို ထုတ်ပေးခဲ့ပြီး ဖြစ်သည်။ လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြားများအား Micro Processor Chip ပါဝင်ပြီး ပိုမိုထိရောက်စွာ အသုံးပြုနိုင်မည့် e-Smart Card များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

လူမှုဖူလုံရေးအဖွဲ့၏ အဓိကလုပ်ငန်းများသည် ဥပဒေတွင်အကျုံးဝင်သော အလုပ်ဌာနများကို မှတ်ပုံတင်ခြင်း၊ အလုပ်သမားများကို မှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေးကောက်ခံခြင်း၊ ငွေလက်ငင်း အကျိုးခံစားခွင့်ပေးခြင်းနှင့် အာမခံအလုပ်သမားများအား ဆေးဝါးကုသပေးခြင်းတို့ ဖြစ်သည်။ အလုပ်သမားများ၏ လုပ်ခလစာပေါ်မူတည်၍ အလုပ်ရှင်မှ သုံးရာခိုင်နှုန်း၊ အလုပ်သမားမှ နှစ်ရာခိုင်နှုန်း၊ စုစုပေါင်း ငါးရာခိုင်နှုန်း ထည့်ဝင်ကြေးပေးသွင်းထားခြင်းအားဖြင့် ဆေးကုသမှုခံယူခွင့်ရှိသည့်အပြင် အာမခံစနစ်အလိုက် သတ်မှတ်ချက်များနှင့်အညီ ငွေကြေးအကျိုးခံစားခွင့် ၁၅ မျိုးကို ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

## ရွှေ့ပြောင်းသွားလာခြင်း

ဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကျား/မရေးရာ အလေးထားရမည့် ကိစ္စများနှင့် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု ပပျောက်ရေးသဘောတူစာချုပ် CEDAW Committee ၏ ရွှေ့ပြောင်းသွားလာမှု အကြံပြုချက်များနှင့်စပ်လျဉ်း၍ အသိပညာပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေမူကြမ်းနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အမျိုးသားလုပ်ငန်းစီမံချက်တို့တွင် ရွှေ့ပြောင်းသွားလာခြင်း၌ တွေ့ကြုံရသော ကျား/မရေးရာ အလေးထား ဆောင်ရွက်ရမည့်ကိစ္စများပါဝင်စေရေးအတွက် ပြည်ပအလုပ်အကိုင်ဥပဒေ ပြင်ဆင်ရေးဆွဲခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အမျိုးသားလုပ်ငန်းစီမံချက်တို့တွင် ကျား/မရေးရာကိစ္စရပ်များ ထည့်သွင်းနိုင်ရေးအတွက် အမျိုးသားအဆင့် မူဝါဒဆိုင်ရာဆွေးနွေးပွဲဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးဌာနအနေဖြင့် အတည်ပြုပြီး ဥပဒေ ကိုးခု၊ ပြင်ဆင်ရေးဆွဲလျက်ရှိသည့် ဥပဒေ တစ်ခု၊ အသစ်ရေးဆွဲလျက်ရှိသော ဥပဒေ သုံးခု၊ အပြီးရုပ်သိမ်းမည့် ဥပဒေ နှစ်ခု၊ လက်ရှိလိုအပ်သဖြင့် အသစ်ရေးဆွဲလျက်ရှိသည့် ဥပဒေ နှစ်ခုနှင့် အခြားဝန်ကြီးဌာနကို လွှဲပြောင်းပေးပြီး ဥပဒေတစ်ခု စုစုပေါင်း ဥပဒေ ၁၈ ခုထဲတွင် ၁၉၅၁ ခုနှစ် ရေနံမြေ (အလုပ်သမားနှင့် သက်သာချောင်ချိရေး) အက်ဥပဒေအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပြီးဖြစ်သဖြင့် ဥပဒေ ၁၇ ခုဖြင့် အလုပ်သမားရေးရာဆိုင်ရာကိစ္စရပ်များအား စည်းကြပ်ဆောင်ရွက်လျက်ရှိသည်။ အသစ်ရေးဆွဲလျက်ရှိသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ (မူကြမ်း)အား ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်က ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

## အငြင်းပွားမှုများ

ဝန်ကြီးဌာန၏ အလုပ်သမားရေးရာ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်းအပြင် ရှေ့နောက်ညီညွတ်ခြင်းနှင့် အလုပ်ရှင်၊ အလုပ်သမားကြား ဘက်လိုက်မှုကင်း၍ လူမှုရေးရာ တရားမျှတမှုအပေါ် အခြေခံသည့် မျှတသောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေး အလုပ်သမားရေးရာအငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် အများပြည်သူယုံကြည်လက်ခံနိုင်ရေး စက်ရုံတွင်း ဖွဲ့စည်းထားသည့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီနှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တို့က တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရန်လိုပြီး ခုံသမာဓိအဆင့်သို့ မလိုအပ်ဘဲ တက်ရောက်ခြင်းမဖြစ်စေရေး အပါအဝင် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များနှင့် စိန်ခေါ်မှုများကို ဆွေးနွေးနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်လျက်ရှိရာ မြို့နယ်အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ၃၂၅ ဖွဲ့က ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေး အက်ဥပဒေအရ အလုပ်သမားရေးရာကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ အလုပ်သမားရေးရာအငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များမှ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့်အမှု ၂၇ ခုအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် အလုပ်သမားအဖွဲ့အစည်းဥပဒေကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းထုတ်ပြန်ပြီး အဆိုပါအလုပ်သမားအဖွဲ့အစည်းဥပဒေအရ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းပေးခဲ့ရာတွင် အလုပ်ရှင်အဖွဲ့အစည်း ၃၀၊ အလုပ်သမားအဖွဲ့အစည်း ၂၃၆၉ ဖွဲ့တို့ကို ဖွဲ့စည်းပေးနိုင်ခဲ့သည်။

## လူဦးရေနှင့် အိမ်အကြောင်းအရာ

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရလဒ်များကို အခြေခံ၍ သုတေသနစာတမ်း ၁၃ စောင်၊ သန်းခေါင်စာရင်း ရလဒ်မြေပုံများအတွက် လေ့လာဆန်းစစ်တွက်ချက်ခြင်းဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့ပြီး ခေါင်းစဉ်အလိုက် ထည့်သွင်းမည့် အချက်အလက်များပြင်ဆင်ခြင်း၊ Data User Workshop များ ပြုလုပ်ခြင်း၊ စာရင်းဇယားများပြုစုခြင်းနှင့် အစီရင်ခံစာများ ရေးသားပြုစုခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း၊ သေဆုံးခြင်းနှင့် သားဖွားမိခင်သေဆုံးခြင်း၊ လူဦးရေပြောင်းလဲခြင်း ၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်းစာတမ်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါထုတ်ပြန်ခဲ့သော အစီရင်ခံစာစာအုပ်များနှင့် သုတေသနစာတမ်းများကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ဝန်ကြီးဌာနများအားလုံးနှင့် ဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စာကြည့်တိုက်များ၊ မော်ကွန်းတိုက်များ၊ တက္ကသိုလ်/ကောလိပ်များ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများ၊ နိုင်ငံခြားရှိ မြန်မာသံရုံးများ၊ စစ်သံရုံးများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အချက်အလက်အသုံးပြုသူများအားလုံးသို့ ဖြန့်ဝေခဲ့သည်။

သန်းခေါင်စာရင်း အချက်အလက်များ ဖြန့်ဝေခြင်းနှင့် အချက်အလက်အသုံးပြုသူများ လွယ်ကူစွာရရှိနိုင်စေရန်၊ နိုင်ငံတော်တွင် ဆောင်ရွက်နေသော စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် မူဝါဒများစိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ စီမံခြင်းတို့ကိုဆောင်ရွက်ရာ၌ သန်းခေါင်စာရင်း အချက်အလက်များ အသုံးပြုမှုတိုးမြင့်လာစေရန်၊ အချက်အလက်အသုံးပြုသူများ၊ မီဒီယာများနှင့် ပြည်သူများအကြား သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို အကျိုးရှိစွာ၊ အဓိပ္ပာယ်ပြည့်ဝစွာ အသုံးပြုနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

## ဖြေလျှော့

အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနအနေဖြင့် နိုင်ငံတော်အတွင်းနေထိုင်သည့် ပြည်သူများ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များတွင် အထောက်အကူဖြစ်စေရန်အတွက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် လက်မှတ်တစ်မျိုးမျိုးကိုရရှိစေပြီး နိုင်ငံတော်မှသတ်မှတ်သည့် ဥပဒေပါ နိုင်ငံသားအခွင့်အရေးများကို ရရှိခံစားနိုင်ရေးအတွက် ဖြေလျှော့မှုနည်းလမ်းများကိုအသုံးပြု၍ သစ္စာစီမံချက်ဖြင့် အစိုးရသစ်၏ ပထမ တစ်နှစ်တာကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၃၄၆၅၈ ကို ထုတ်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း နေထိုင်သူများအနက် အချို့သော ပြည်သူများသည် လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသော အကြောင်းအမျိုးမျိုးဖြင့် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ကြပြီး ထိုသူအများစုသည် ရောက်ရှိနေထိုင်ရာအရပ်ဒေသတွင် ဥပဒေနှင့်အညီ နေထိုင်နိုင်ရေးအတွက် ကာယကံရှင်များကိုယ်တိုင်က မူလနေထိုင်ရာအရပ်ဒေသမှ ပြောင်းရွှေ့ပုံစံ (၁၀) ထုတ်ယူ၍ ရောက်ရှိနေထိုင်ရာဒေသတွင် တရားဝင်အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ရမည်ဖြစ်သော်လည်း အခြေအနေအကြောင်းအမျိုးမျိုးဖြင့် မဆောင်ရွက်နိုင်၍ ရောက်ရှိရာဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းမရှိသဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးအခက်အခဲများ ကြုံတွေ့နေကြရသည်။

အဆိုပါ ရွှေ့ပြောင်းနေထိုင်သူ တိုင်းရင်းသားများကြုံတွေ့နေရသော အခက်အခဲများ ပြေလည်စေရန် ယခင် အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အားဖြေလျှော့ပြီး ကာယကံရှင်များ ကိုယ်တိုင်အား မူလနေထိုင်ရာဒေသသို့ ပြန်လည်စေလွှတ်ခြင်းမပြုဘဲ သက်ဆိုင်ရာမြို့နယ်ရုံးအချင်းချင်းချိတ်ဆက်၍ သတ်မှတ်ချက်နှင့်အညီ စိစစ်မှန်ကန်ပါက လက်ရှိရောက်ရှိနေထိုင်သည့်ဒေသတွင်ပင် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ထုတ်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးသည့်လုပ်ငန်းစဉ်အား ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းရင်းသား မဟုတ်သူများနှင့် သွေးနှော လူမျိုးများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားမှုများတွင် ပြည်သူများ ပိုမိုလွယ်ကူမြန်ဆန်စွာရရှိစေရန် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားမှုတွင် မြို့နယ်ဦးစီးမှူးမှ စိစစ်တင်ပြပြီး ခရိုင်ဦးစီးမှူးမှ နိုင်ငံသားစိစစ်ရေးကတ်ပြား လက်မှတ်ရေးထိုးထုတ်ပေးရန် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစ၍ လုပ်ထုံးလုပ်နည်းအား ဖြေလျှော့ဆောင်ရွက်ပေးခဲ့သည်။

## တိုးချဲ့ဝင်ခွင့်ပြုခဲ့

ကမ္ဘာတစ်ဝန်းမှ မြန်မာနိုင်ငံသို့ လာရောက်လိုသူများ အွန်လိုင်းမှ အဆင်ပြေချောမွေ့စွာလျှောက်ထားနိုင်ရေး ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် တိုးချဲ့ဝင်ခွင့်ပြုခဲ့ပြီး မြန်မာ-ထိုင်း

အထူးကဏ္ဍ (၉) သို့ »»




ထိုင်းနိုင်ငံရောက် အထောက်အထားမတင်ပြနိုင်သော မြန်မာအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(Certificate of Identity-CI) ထုတ်ပေးနေစဉ်။

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ



မင်္ဂလာဒုံမြို့နယ်တွင် ဖွင့်လှစ်ခဲ့သည့် လူမှုဖူလုံရေး-ကဲဝဲလ်အထွေထွေရောဂါကုဆေးခန်း။

အထူးကဏ္ဍ (ဆ) မှ »»

နယ်စပ် ဝင်/ထွက် ပေါက်သုံးခုဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းဂိတ်တို့တွင် ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်၍ ခွင့်ပြုပေးခဲ့သည်။

e-Visa Tourist (ကမ္ဘာလှည့်ဗီဇာ)ကို လက်ရှိ နိုင်ငံပေါင်း ၁၀၀ ခွင့်ပြုထားပြီး သတ်မှတ် အခငွေ USD ၅၀ ဖြင့် မြန်မာနိုင်ငံ၌ ၂၈ ရက် နေခွင့်ပြုထားပြီး e-Visa Business (လုပ်ငန်းဗီဇာ)ကို လက်ရှိ ၅၁ နိုင်ငံတွင် ခွင့်ပြုထားပြီး သတ်မှတ်အခငွေ USD ၇၀ ဖြင့် မြန်မာနိုင်ငံ၌ ရက်ပေါင်း ၇၀ နေခွင့်ပြုထားကြောင်း သိရသည်။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ကာလရှည်ကြာစွာ လာရောက်နေထိုင်ရင်းနှီးမြှုပ်နှံလိုသူများ ကျွမ်းကျင်ပညာရှင်များ၊ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများ၊ မြန်မာနိုင်ငံသားနှင့် သွေးချင်းတော်စပ်သူ နိုင်ငံခြားသားများအတွက် အခွင့်အရေးတစ်ရပ်အဖြစ် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်ရန် အာဆီယံဒေသတွင်း ကိုးနိုင်ငံနှင့် အမေရိကန်၊ အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျ၊ တောင်အာဖရိကနိုင်ငံများ၏ အမြဲနေထိုင်ခွင့်ပြုသည့် စနစ်များအပေါ် လေ့လာသုံးသပ်၍ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ ဗဟိုကော်မတီတို့သည် သီးခြားအစည်းအဝေး ငါးကြိမ်စီ ပြုလုပ်ခဲ့ပြီး နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအနက် ၂၀၁၆ ခုနှစ်အတွင်း ၂၆၂ ဦးကို စိစစ်အတည်ပြုပေးခဲ့ပြီး ၂၅၁ ဦးကို နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးခဲ့သည်။

## အမည်မည်းစာရင်း

အမည်မည်းစာရင်း(Blacklist)များ စိစစ်ဖြေလျှော့နိုင်ရန်အတွက် Interpol မှ အကြောင်းကြားချက်အရ ရေးသွင်းထားသည့် နိုင်ငံခြားသားများ၊ လုံခြုံရေးနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများမှ ညွှန်ကြားချက်နှင့် တည်ဆဲဥပဒေများ၊ ရာဇဝတ်မှုကျူးလွန်ခြင်းတို့ကြောင့် ရေးသွင်းထားသည့် နိုင်ငံခြားသားများ၊ ဝန်ကြီးဌာနများမှ ၎င်းတို့၏ဝန်ထမ်းများ တာဝန်ပျက်ကွက်မှု၊ စည်းကမ်းဖောက်ဖျက်မှု၊ ငွေကြေးကိစ္စရပ်တို့ကြောင့် အရေးယူပြီး ပြည်ပထွက်ခွာမှုတားမြစ်ပေးရန် ညွှန်ကြားချက်တို့အရ ရေးသွင်းထားသည့် မြန်မာနိုင်ငံသားများ စသည့်အကြောင်းအမျိုးမျိုးကြောင့် မိမိဝန်ကြီးဌာနတွင် ထိန်းသိမ်းထားသည့် အမည်မည်းစာရင်းများကို စုစည်းခဲ့သည်။

၎င်းစာရင်းများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်လက်ထားရှိမည့်စာရင်း၊ ပယ်ဖျက်မည့် စာရင်းများအတွက် သဘောထားမှတ်ချက်များရယူပြီး အစိုးရသစ်၏ ရက် ၁၀၀ သစ္စာစီမံချက်ကာလအတွင်း မြန်မာနိုင်ငံသား ၂၄၈ ဦး၊ နိုင်ငံခြားသား ၃၇၁ ဦး စုစုပေါင်းလူပုဂ္ဂိုလ် ၆၁၉ ဦးကို အမည်မည်းစာရင်းမှ စိစစ်ဖြေလျှော့ပေးခဲ့သဖြင့် အမည်မည်းစာရင်းတွင် ပါဝင်နေသူ မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ လွယ်ကူချောမွေ့စွာ ပြည်ဝင်/ပြည်ထွက် ပြုနိုင်ပြီဖြစ်သည်။ ကျန်ရှိသည့် (Blacklist) စာရင်းများမှ အမည်မည်းစာရင်း ရေးသွင်းထားသည့် အကြောင်းရင်းပေါ်မူတည်ပြီး အမည်မည်းစာရင်းမှပယ်ဖျက်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## သက်သေခံလက်မှတ်

ထိုင်းနိုင်ငံမှထုတ်ပေးထားသော ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (ဘတ်ကတ်ခေါ် TR-38) ကိုင်ဆောင်၍ အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားများ အနက် နိုင်ငံသားအထောက်အထားတင်ပြနိုင်သော အလုပ်သမားများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သာမန်နိုင်ငံကူးလက်မှတ်များ ထုတ်ပေးလျက်ရှိရာ ၂၃-၂-၂၀၁၇ ရက်အထိ ၄၁၈၉၂ ဦး ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။ နိုင်ငံသားအထောက်အထား တင်ပြနိုင်ခြင်းမရှိသော အလုပ်သမားများအား စမုစခွန် (မဟာချိုင်) (၁) နှင့် (၂)၊ စမုပရာကန်၊ မယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်းမြို့တို့တွင် စခန်းများဖွင့်လှစ်၍ ၃-၃-၂၀၁၇ ရက်မှစတင်ကာ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ ထုတ်ပေးမှုအား ဖြေလျှော့ဆောင်ရွက်လျက်ရှိသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့နှင့်တွေ့ဆုံ၍ အေဂျင်စီများက ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင် အာမခံကြေး ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၅၀၀ ပေးသွင်းရေးကိစ္စကို ဆွေးနွေးဆောင်ရွက်ခဲ့ပြီး ဖြေလျှော့မှုအနေဖြင့် အေဂျင်စီ၏ မန်နေဂျင်း ဒါရိုက်တာအမည်ဖြင့် ပိုင်ဆိုင်မှုအနေဖြင့် ဘဏ်တွင် ခြောက်လသက်တမ်းရှိသော ကျပ်သိန်း ၁၀၀၀ ပြသရသည့်ကိစ္စကို ဖြေလျှော့ပေးနိုင်ခဲ့ပါသည်။

**နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ကာလရှည်ကြာစွာ လာရောက်နေထိုင်ရင်းနှီးမြှုပ်နှံလိုသူများ ကျွမ်းကျင်ပညာရှင်များ၊ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများ၊ မြန်မာနိုင်ငံသားနှင့် သွေးချင်းတော်စပ်သူ နိုင်ငံခြားသားများအတွက် အခွင့်အရေးတစ်ရပ်အဖြစ် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်ရန် အာဆီယံဒေသတွင်း ကိုးနိုင်ငံနှင့် အမေရိကန်၊ အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျ၊ တောင်အာဖရိကနိုင်ငံများ၏ အမြဲနေထိုင်ခွင့်ပြုသည့်စနစ်များအပေါ် လေ့လာသုံးသပ်၍ ဆောင်ရွက်ခဲ့ပြီးဖြစ်**

အလုပ်ရှင်များအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေပါ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခဲ့ပါက ချက်ချင်း တရားစွဲဆိုခြင်းမပြုဘဲ ခံဝန်ကတိလက်မှတ်ရေးထိုးစေ၍ ထပ်မံကျူးလွန်မှသာ တရားစွဲဆိုခြင်း၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ချိန် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ပွင့်လင်းမြင်သာစွာ ပူးပေါင်းစစ်ဆေးခြင်း၊ အချိန်ပိုလုပ်ကိုင်မှုနှင့်ပတ်သက်၍ မြို့နယ်အဆင့်ထိ လုပ်ထုံးလုပ်နည်းဖြေလျှော့ပေးခြင်းများအား ဖြေလျှော့ဆောင်ရွက်ပေးနိုင်ခဲ့သည်။

## နည်းပညာဆိုင်ရာ

မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုပပျောက်ရေးအား ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် ILO နှင့် မြန်မာနိုင်ငံအကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၂၀၀၇ ခုနှစ်မှစတင် လက်မှတ်ရေးထိုးခဲ့ပြီး ယခုနှစ်အထိ နှစ်စဉ်သက်တမ်း တိုးလက်မှတ်ရေးထိုးခဲ့သည်မှာ စုစုပေါင်း ကိုးကြိမ် သက်တမ်းတိုးမြှင့်ခဲ့ပြီးဖြစ်သည်။ ဝန်ကြီးဌာန ၁၀ ခုမှ ကိုယ်စားလှယ် ၂၂ ဦးဖြင့်ဖွဲ့စည်းခဲ့သည့် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအနေဖြင့် ILO နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ ထပ်မံဖွဲ့စည်းခဲ့ပြီး ဖြစ်သည်။

အဓမ္မခိုင်းစေမှုပပျောက်ရေးနားလည်မှုစာချွန်လွှာကို မြန်မာအစိုးရနှင့် ILO တို့အကြား ချုပ်ဆိုခဲ့ချိန်မှစတင်၍ ၂၀၁၇ ခုနှစ် မတ်လထိ အသက်မပြည့်စုဆောင်းမှု/အဓမ္မစုဆောင်းမှု၊ အရပ်ဘက် အဓမ္မခိုင်းစေမှု/တပ်ဘက် အဓမ္မခိုင်းစေမှု စုစုပေါင်း ၈၉၈ မှုအနက် ၃၅၆ မှုကို ပိတ်သိမ်းနိုင်ခဲ့ပြီး ဆောင်ရွက်ဆဲအမှုမှာ ၃၅၇ မှုနှင့် ပိတ်သိမ်းသင့်သော အမှုမှာ ၁၈၅ မှုဖြစ်ကြောင်း သိရသည်။

အလုပ်သမားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားရေးရာကိစ္စရပ်များကို ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ အလုပ်သမားရေးရာဥပဒေများ ပြင်ဆင်ရေး၊ အသစ်ရေးဆွဲရေးနှင့် အဓမ္မခိုင်းစေမှုပပျောက်ရေးအပါအဝင် ကောင်းမွန်သင့်တော်သော အလုပ်အကိုင်အစီအစဉ် ဖော်ဆောင်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ အမြန်ဆုံးပြဋ္ဌာန်းနိုင်ရေး၊ မြန်မာနိုင်ငံရှိအထည်ချုပ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများမှ အလုပ်သမားများကို လူမှုအကာအကွယ်ပေးရေး၊ လက်ရှိလူမှုဖူလုံရေးစနစ်ကို အာမခံအလုပ်သမားများသာမက မှီခိုသူများကိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကလေးအလုပ်သမား လျှော့နည်းကျဆင်းစေရေးကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးနှင့် စက်မှုဇုန်များတွင် ကလေးအလုပ်သမားဆိုင်ရာ အသိပညာများမြှင့်တင်နိုင်ရန် လက်ကမ်းစာစောင်များ၊ booklet စာအုပ်များ ထုတ်ဝေနိုင်ရေးဥပဒေ၊ ဓလေ့ထုံးတမ်းများနှင့် ညီညွတ်မှုရှိစေရန် စိစစ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)နှင့် ဩစတြေးလျနယ်စပ်ဒေသ ကာကွယ်စောင့်ရှောက်ရေးဌာနတို့ ပူးပေါင်း၍ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ နယ်စပ်ဒေသစီမံခန့်ခွဲရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ IT နည်းပညာများ အသုံးပြုရေး၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်ရေး လုပ်ငန်းဆိုင်ရာများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## အကျိုးသက်ရောက်မှုများ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ ရုံးများ တိုးချဲ့ဖွင့်လှစ်၍ စစ်ဆေးရေးအရာထမ်းများကို ဖြည့်တင်းခန့်အပ်နိုင်ခဲ့မှုကြောင့် ဥပဒေနှင့် အကျုံးဝင်သည့် စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများကို ပိုမိုစည်းကြပ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အလုပ်သမားများကို ဥပဒေပါ အကျိုးခံစားခွင့်များ ပိုမိုရရှိစေ၍ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလေးထားဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဥပဒေများ အသစ်ရေးဆွဲခြင်း၊ နည်းဥပဒေမူကြမ်းများ ရေးဆွဲနိုင်ခဲ့ခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ၊ သင်တန်းများဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် အလုပ်ရှင်၊ အလုပ်သမားများအတွက် အတိုင်းအတာတစ်ရပ်အထိ အကျိုးသက်ရောက်မှုရှိစေခဲ့ပါသည်။ ခေတ်နှင့်မလျော်ညီသည့် ပြဋ္ဌာန်းချက်များကို ပြင်ဆင်ဖြည့်စွက်နိုင်ခဲ့မှုကြောင့် အကျိုးခံစားခွင့်များ ပိုမိုဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးနိုင်ခဲ့၍ လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုကြောင့် ဥပဒေရေးဆွဲရေးနှင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုအကျိုးကို ဖော်ဆောင်နိုင်ခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံဆောင်ရွက်ရသည့် ဌာနဖြစ်သည်နှင့်အညီ ပြည်သူတို့၏လိုအပ်ချက်ကို ထိရောက်မြန်ဆန်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် အစိုးရသစ်စတင်တာဝန်ယူချိန်မှစပြီး သစ္စာစီမံချက်ရေးဆွဲချမှတ်၍ ဖြေလျှော့မှုနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်းနှင့် ဆက်လက်ပြီးလည်း အရှိန်အဟုန်မပျက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ။

